မစိန်ရွာအုပ်အစီရင်စာရေး တို့နှင့် ခြောက်ရွာအနက်နံ့သီး ရွာစီရင်စုသူကြီး ခေါင်း အသည်အလါဝင်နေကပွါး ကြေး ထမ်း ကြီး ငယ်တို့၊ မစိန် ခြောက်ရွာ ဂိုဏ်း ထောက်ဆရာ တော်ဇက် ခြောက်ရွာအနက်နံ့သီး ရွာမှာအကျိုး တော်ကိုသည်ပိုး ရွက် ဆောင်သူ ရွှေမှုး ကြီး အရာလက်ရှိနှင့် သေဆုံး ရှိပါသော ကြောင့်သား ငသာထွန်း အောင်ငယ်ရွယ်စဉ်ဦး ရီး ကဇက်ရွာသူကြီး ငဖြိုး ကရင်ခွင်ပိုက်မှုး ကြီး ဆောင်ရွက်ပါရမည့်အကြောင်း နှင့် လျှောက်ထား ရှိသည်ဖြစ်၍အဘ ရွှေမှုး အရာအမိန့်တော်လက်ရှိ သေဆုံး ကျေး ရွာ နေလူရှင်ရဟန်း ကြေး ထမ်း ကြီး ငယ်တို့စိတ်ဝမ်း မကွဲမပြား နှလုံး တပါး မရှိညီညွတ်ကြသည်ဖြစ်ပါသော ကြောင့်ငသာထွန်း အောင်ငယ်ရွယ်စဉ်ဦး ရီး ငဖြိုး ကရင်ခွင်ပိုက်မှုး ကြီး ဆောင်ရွက်ပါရအောင်ဆိုင်ရာစာ ပေး အပ် စေခြင် ကြောင်း နှင့် မေတ္တာရပ်ခံသည်ဖြစ်၍အမိန့်တော်မခံမီအတွင်း ခြောက်ရွာအနက်နံ့သီး ရွာကိုအဘအမိန့်တော်လက်ရှိအတိုင်း ဆိုင်ရာစာ ပေး အပ်ငသာထွန်း အောင်ငယ်ရွယ်စဉ်ဦး ရီး ကဇက်ရွာသူကြီး ငဖြိုး ကရင်ခွင်ပိုက်မှုး ကြီး စီရင် ဆောင်ရွက် စေသည်နံ့သီး ရွာစီရင်စုသူကြီး ခေါင်း အသည်အလါဝင်နေကပွါး ကြေး ထမ်း ကြီး ငယ်တို့နံ့သီး ရွာသူကြီး ငသာထွန်း အောင်ဦး ရီး ရင်ခွင်ပိုက်ငဖြိုး တို့ဆင့်ဆိုရာနာခံထမ်း ဆောင်ကြရမည် နံ့သီး ရွာသူကြီး ငသာထွန်း အောင်ဦး ရီး ရင်ခွင်ပိုက်ငဖြိုး တို့လည်း ကျေး ရွာကိုရာဇဝတ် တော် ရေး မပေါ် မထွက်ကင်း လွတ်လုံခြုံသာယာစည်ပင်ဖြစ်ထွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကြ ရောက်သည့်မင်း မှုတော်ရပ်များ ကိုဆိုင်ရာဆင့်ဆိုနာခံ ပြေကုန် အောင်ထမ်း ဆောင်ရမည်။

(သက္ကရာဇ် ၁၂၃၈ ခုသတင်း ကျွတ်လဆန်း ၄ ရက်နေ့) (21 September 1876)

ရွှေမြို့တော်ဝန်မြို့သာမြို့စား မကွေး မြို့တောင်ပြုး ကြီး မြို့ကွပ်ရွာမြို့မင်း ခင်း မြို့တောင်တွင်း ချောင်မြို့မစိန် ခြောက်ရွာဆိုင်ရာမင်း ကြီး မဟာမင်း လှမင်း ခေါင်သူရိန်စာ။

( မော်လိုက် သန့်စင် စါစု )

သီရိပဝရတိ လောကမဟာရတနာ ဒေဝီမိဘုရား ကြီး သည်ရတနာပူရ စတုတ္ထ
မြို့တည်နန်း တည်ဘကြီး တော်မင်း တရား ကြီး မိဘုရား ခေါင်ကြီး တွင်မြင် သော
သမီး တော်စစ်ဖြစ်၍ ရွှေနန်း တော်နန်း မဆောင် တော်ထက်မနော မရထီး
ဖြူအုပ်မိုး လျှက်ဖွား မြင်ခြင်း ၊ သစ်နက် ရေခံခြင်း ၊ ကြာချပ်တ ထောင်ရှိ သော
ရွှေသား ပတ္တမြား သုံး ရစ်စီမနောလင်ပန်း ဖြင့်ချင်း တန်း သန့်စင်ခြင်း ၊
မင်း ခမ်း စုံကျင်း ပလျက်မဟာဥကင်သဖွင့် တော်မူခြင်း စသည်ဖြင့်ဇမ္ဗူဒိပ်ခွင်
မြေပြင်အနှံ့ထူး မြတ် သော ရာဇိန္ဒြိ ရာဇာနုဘာဝတို့ကိုထွန်း တောက်ပ စေလျှက်
ဖွား မြင် သောမြတ် သော နေနတ်နွယ်ဖြစ်သာကီယ စစ်ဖြစ်သည်တ ကြောင်း သာ
မာမိဂတ္တိ၊ သုကေသီစ သော မိန်း မမြတ်တို့လက္ခဏာ ၆၄ ပါး တို့နှင့်မချွတ်မယွင်း
ပြည့်စုံလျှက်သူမတူတန်ကဲလွန်ထူး မြတ် သော ဂုဏ်ထူး ဝိသေသ ရှိသည်တ ကြောင်း ဖြစ်
၍ကပ်ဦး မဟာသမတမင်း မှဆင်း သက်ခဲ့ သော ဥက္ကာမုက္ခသကျသာကီဝင်မင်း
တို့ဝယ်တင်း မပြား မျိုး နွယ်စဉ်ဆက်မပျက်မယွင်း စေရ စောင့် ရှောက်မြဲရာ
ဇာတန္တီပ ဝေဏီထုံး တမ်း နှင့်တ ပြေး ညီညွတ် စေလျှက်မြတ် သောပြည် ထောင်ဘက်မိ
ဘုရား ကြီး အဖြစ်ကို ဆောင်နှင်း တော်မူ၍ ရှိသည့်အတိုင်း ဒူရကတိုင်း ထား ဝယ်
မြို့ကဆက်သသည့်သီရိမဟာသုဘဒ္ဒါရတနာဆင်ဖြူမကိုသနား တော်မူသည်၊ ဆင်ဖြူမ
သိမ်း အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေအောင်စီရင်၊
စာရင်း ကိုလည်း သွင်း ။

သက္ကရာဇ် ၁၂၃၉ ခုတန် ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့နား ခံ (25 November 1877)
နေမျိုး စည်သူ ကျော် ခေါင်တွင်ပြန်။
( မကွေး လှ စါစု )

အသည်ဝန် စာရေးကြီး ၊ အမရပူရမြို့အုပ် မင်းထင်သီဟသူ စာရေးကြီး နေမျိုးကျော်သူရာဇာ၊ မင်းလှစည်သူကျော်၊ မင်းလှကျော်ထင်၊ အသုံးစာရေး နော်ရထာသီရိကျော်ထင်၊ ငကင်း ၊ ငနှံ၊ ငအုံး ၊ ငလူကြီး ၊ အမှာရေး နေမျိုးသခ်ယာစည်သူ၊ နေမျိုးစည်သူကျော်စွာတို့ကိုအထက်စာရေးကြီး အသုံးစာရေး အမှာရေး တို့နည်း အစီး အနင်း အဆောင်အရွက်သနား တော်ခံစေ။

သက္ကရာဇ် ၁၂၄၀ မြည့်ကဆုန်လဆန်း၃ ရက်နေ့နား ခံ နေမျိုး မင်းလှ ကျော်သူတွင်ပြန်။ 3 May 1878

(မကွေး လှ စါစု)

သာသနာတော်သုံးပါး တွင်ပရိယတ္တိသာသနာတော်သည်အရင်း မူလဖြစ်၍ ရှေး ရှေး သောသာသနာပြုမင်း ကောင်း မင်း မြတ်တို့သည်သင်္ဂါယနာတင်ခြင်း ၊ ပေါတ္ထကာရုဠှပြုခြင်း ၊ ပုဒ်ပါဌ်အက္ခရာ သေချာမှန်ကန် အောင်ပြင်ဆင်တည်း ဖြတ်ခြင်း ၊ ပြင်ဆင်တည်း ဖြတ်ပြီး ပိဋကတ် တော်ကိုအစွန့်ရှည်စွာတည် အောင် ရွှေ ရေး၊ မင် ရေး ၊ ကညစ် ရေး တို့ဖြင့် ရေး သား ပြုစုခြင်း ၊ ပိဋကတ်သုံး ပုံကိုသင်ကြား ဆောင်ရွက်နိုင် သော ဗျတ္တိဗလသတ္တိဝိသေသရှိ သော ပုဂ္ဂိုလ်တို့ကို ရွေး ကောက်ပြုစု ခြင်း စသည်တို့ဖြင့်ပရိယတ္တိသာသနာ တော်စည်ပင်ထွန်း လင်း တောက်ပခြင်း ကိုအား ထုတ်ဆောင်ရွက် ဆောင် တော်မူကြကုန်သည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း သာသနာ့ဒါယကာသာသနာပြုမင်း ဖြစ်၍အရင်း မူလဖြစ် သော ပရိယတ္တိသာသ နာ တော်အစွန့်ရှည်စွာတည်ခြင်း ၊ အလွန်အကျူး အထူး သဖြင့်ထွန်း လင်း တောက် ပခြင်း ၊ စီရဋ္ဌိတိက၊ ဇတိဝိဇ္ဇောတစာရဖြစ် စေခြင်း ငှါပရိယတ္တိသာသနာ တော် ဟူ သော ပိဋကတ်သုံး ပုံကိုပုဒ်မျည်း သဒ္ဒါ သေချာမှန်ကန် အောင်ပြင်ဆင်တည်း ဖြတ် ပြုစု တော်မူသည်၊ ပြင်ဆင်တည်း ဖြတ်ပြီး ပိဋကတ် တော်ကို ရွှေ ရေး မင် ရေး ကညစ် ရေး ငွေ ကျော ရောင်ဆင်း သလင်း ကျောက် ရေး တို့ဖြင့်လည်း ရေး သား ပြု စု တော်မူသည်၊ ပိဋက ဆေက၊ ပိဋက ကောသလ္လပုဂ္ဂိုလ် မွန်ပုဂ္ဂိုလ်မြတ်တို့ကိုလည်း ပန္နည်း လေး ပါး ဖြင့်ခြီး မြှောက်ပြုစု တော်မူသည်၊ ပိဋက ဆေက၊ ပိဋက ကောသလ္လပုဂ္ဂိုလ် မွန်ပုဂ္ဂိုလ်မြတ်တို့ကို ရွှေနန်း ပြဿဒ် ဆောင် တော်သီဟာသနပလ္လင် တော် ရှေ့ မြေနန်း ဝဲယာတွင်စည်း ဝေး စေ၍အ ရေ လေး ပါး ရေး သား ပြင်ဆင်သုတ်သင်တည်း ဖြတ် ပြီး ပိဋကတ် တော်ကိုကေဆဗ္ဗာယပဉ္စမသင်္ဂါယနာတင် တော်မူသည်၊ သင်အား ဆောင် အား အယါအလည်ယသာသတ္တိ၊ ဗျတ္တိဗလ၊ သတ္တိဝိသေသရှိ သော ပုဂ္ဂိုလ်တို့ကို ရွေး ကောက် ၍ပဋ္ဌမပဉ္စင်း တော်ရှင် တော် မြှောက် အောင်သုဓမ္မာသဘင်သို့သွင်း ပြီး ၍ စာပွဲ သဘင်ရင် တော်မူလျှက်နှစ်စဉ်ခြီး မြှောက် တော်မူသည်၊ သို့ခြီး မြှောက် တော်မူ သော သုဓမ္မာစာပွဲသဘင်သည်သာသနာ တော်သုံး ပါး တွင်အရင်း မူလဖြစ် သော ပရိယတ္တိ သာသနာ တော်အလွန်အကျူး အထူး သဖြင့်စည်ပင်ထွန်း လင်း တောက်ပခြင်း အ ကြောင်း ရင်း ဖြစ် သော အသဒိသာနုဂ္ဂဟ ဖြစ် အောင်ခြီး မြှောက် တော်မူသည်၊ ဆွမ်း သင်္ကန်း စ သော ပရိ ဘောဂအသုံး အ ဆောင်တို့ဖြင့်ခြီး မြှောက်ပူ ဇော်ရခြင်း

သည်သူခပ်သိမ်း တို့ပြုစွမ်းနိုင်သောအရာဖြစ်၍ အသဒိသနုဂ္ဂဟ မဖြစ်ထိုက် မဖြစ်ရာ အမြောက်ပြစ်တောက်၍ ခြီး မြှောက်ပူဇော်ရကသူခပ်သိမ်း တို့မပြုစွမ်း နိုင်သော အရာဖြစ်၍ အသဒိသာနုဂ္ဂဟဖြစ်သည်၊ ဓမ္မစကြာတရား တော်သံမှစ၍ တရား တော်နှင့်စပ်သောအသံသည် အဆင့်ဆင့်တက်သဖြင့် ဘဝဂ်ထုတ်ချင်း ထွင်း လေဘီ၏သို့ သာသနာတော်နှင့်စပ်၍ ပြစ်တောက်ပူဇော်အပ်သောအမြောက်လည်း အဆင့်ဆင့် တက်၍ ဘဝဂ်ထုတ်ချင်း ထွင်း လတ်သဖြင့် လောကဓါတ်အလုံး ကိုပဲ့တင်ထပ် စေလျက်ကြား ကြား သူလူနတ်ဗြဟ္မာအပေါင်း တို့အနုမောဒနာကုသိုလ်ပွါး များ ရာလည်း ဖြစ် သည်။

သက္ကရာဇ် ၁၂၄၀ ပြည့်နယုန်လဆန်း ၁ ရက်နေ့သုဓမ္မာသဘင်ရင်သည့်အခါ (31 May 1878) အသဒိသာနုဂ္ဂဟကုသိုလ်တော်အထူး ဖြစ်အောင်စာပြန်ချိန်ရောက်လျှင်အမြောက် သံသုံး ချက်ပြစ်တောက်ပူဇော်စေ။

( မှူး ကြည့်၊ ပု၊ ၆၃၂ )

အရပ်ရပ်နိုင်ငံတော်အတွင်း မြို့ကျေး ရွာများ ကသင်း သေနတ်ဘွဲ့စည်ထမ်း ရွက်
ရမည်မှာ သေနတ်အစုအ မြောက်အစုမြင်း အစုဝင်း ဒိုင်း ကောင်ဟန် ဆေး ထိုး
အိမ်ထောင်စုံ နောက်ထောက်လူတို့နှင့်နန်း မတော်ကျွန် တော်မျိုး၊ ဆင်ဖြူရှင်မိ
ဘုရား ကျွန် တော်မျိုး၊ သမီး တော်မိုး ကောင်း စုဘုရား၊ သမီး တော်စုဘုရား
လပ်၊ သမီး တော်ရမည်း သင်း စုဘုရား ၊ စလင်း စုဘုရား၊ မှိုင်း လုံမင်း သမီး၊
မှန်သာကြီး ရွာခါတွန်လယ် တော်လုပ်လူ၊ ဂျုံဆီ ဆေး ရိုး ထန်း လျှက် ရောင်း သူတို့ကို
ချန်လှပ်၍ကျန်အသည်ကျွန် တော်မျိုး တို့ကိုမြို့ရွာထန်း စဉ်ရုံပုံစာရင်း ကျသင့်အိမ်
ထောင်စုံဘွဲ့စည်း ထမ်း ရွက် စေ သက္ကရာဇ် ၁၂၄၀ပြည့် ဝါဆိုလပြည့်ကျော် ၄ ရက် 17 July 1878
နေ့ညည်ီလာခံ ရွှေနန်း တော်တွင် ရွှေပြည်အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း ၊
ရွှေတိုက်အတွင်း ဝန် တောင်ခွင်မြို့စား မင်း ၊ ကင်း စဉ်ဆိုင်ရာလှိုင်တက်မြို့စား
ဝန် ထောက်မင်း ၊ မြောက်ဒဝယ် သေနတ်ဗိုလ်၊ တောင်ဒဝယ် သေနတ်ဗိုလ်မင်း
တို့အစုံအညီတွင်အမိန့် တော်ရှိသည်ကိုသံ တော်ဆင့်ဆား ချက် ရွှေ လောင်း လှေအုပ်
ရွှေပြည်ရန် အောင်မြင်း စာ ရေး ကြီး မှတ်သား ချက်။

(ခင်မကန် စါစု)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်အရှင်ဘဝရှင်မင်း တရားကြီး ဘုရားအမိန့်တော်ရှိသည်၊ ရှေး ရှေး သောမင်း ကောင်း မင်းမြတ်တို့သည်သာသနာတော်သုံးပါး စည်ပင်ပြန့်ပွါး ထွန်းလင်း စေကြောင်း တိုင်းပြည်နိုင်ငံအစီး အပွါး များပြား တိုးတက်စေကြောင်း များကိုညီညာ ဆောင်ရွက်စေခြင်း ငှါရိုက်ရာ တော်ခံနန်း ရုံအစစ်ဖြစ်သောသား တော်မြတ်ကိုအိမ်ရှေ့နှင်း တော်မူမြဲဖြစ်သည်နှင့်အညီ ငါအရှင်ဧကရာဇ်မင်း မြတ်သည်လည်း အပရိဟာနိယစသောရာဇဓမ္မကျင့်ဝတ်တရား အပေါင်း ကိုမြဲမြံစွာကျင့် ဆောင် တော်မူလျက်ရတနာပုံမဟာရာဇဌာနီ ရွှေပြည် တော်ကြီး ကိုလက်မှန်အစတည် ထောင်ဖန်ဆင်း တော်မူ၍မြတ်စွာဘုရား သာသနာ တော်အထူး သဖြင့်စည်ပင်ပွင့်လင်း စေခြင်း ငှါငါး ကြိမ် မြောက်ဖြစ်သော ပဉ္စမသင်္ဂါယနာ မင်္ဂလာသဘင်ရှင် တော်မူပြီး လျှင်သာသနာ တော်မြတ်အကျိုး စီး ပွါး ကိုယ် တော်မြတ်အကျိုး စီး ပွါး သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အဆွန့်စီး ပွါး ရဟန်း ရှင်လူပြည်သူသတ္တဝါအပေါင်း တို့အကျိုး စီး ပွါး များ စေကြောင်း များ ကိုတရား နှင့်အညီထိန်း သိမ်း စောင့်ရှောက် တော်မူသည်၊ ငါ့သား တော်သီပေါမြို့စား မင်း သား သုသီရိမဟာဓမ္မရာဇာ သည်လည်း ကပ်ဦး မဟာသမ္မတဥက္ကာမုခသကျသာကီဝင်မင်း တို့မှအစဉ်မပျက်ဆင်း သက်ခဲ့သောကုန်း ဘောင်နန်း ရိုး နေမျိုး နွယ်စစ်ဖြစ်ခြင်း ၊ ပိဋကတ်သုံး ပုံ ကို ချောက်ခြား စေလျက်သုံး ကြိမ် မြောက်ပထမပြန်ဆို၍သုံး ကြိမ်တိုင်တိုင်မြတ်စွာဘုရား သာသနာ တော်ကိုထမ်း ဆောင်နိုင်ခြင်း၊ လောကဓမ္မလိမ်မာကျွမ်းပြန်သဖြင့် နောင်ငါနှင့်ထပ်တူတိုင်း ပြည်နိုင်ငံကိုစိုး အုပ်နိုင်မည်နှလုံး လက်ရုံး ဘုန်း ပညာ လက္ခဏာနှင့်ဂုဏ်ထူး ဝိသေသရှိသောသား တော်မြတ်ဖြစ်သည်နှင့်အညီသာသနာ တော် ရေး တိုင်း ရေး ပြည်မှုများ ကိုညီညာ ဆောင်ရွက် စေခြင်း ငှါအိမ် ရှေ့မင်း တို့တင့်တယ်စံပယ်ခြင်း အလုံး အရင်း ဆင်မြင်း ဗိုလ်ပါအပေါင်း တို့ဖြင့်ခြံရံလျက်အိမ် ရှေ့ဥပရာဇာအဖြစ်ကို ဆောက်နှင်း တော်မူမည်၊ အိမ် ရှေ့မင်း အဆောင်အယောင် အခမ်း အနား၊ ဝန်၊ ငင်း မှူး ၊ အတွင်း ဝန်မှစ၍သင်း စုပင်း စုပေး ဖွဲ့ရန် စာရင်း ကိုလည်း သွင်း ။

19 September 1878

သက္ကရာဇ် ၁၂၄၀ ပြည့် တော်သလင်း လပြည့်ကျော် ၉ ရက် နေ့ ရွှေနန်း တော်တွင်း အမိန့်တော်၊ ဝန်ရှင်တော် ရေနံချောင်း မြို့စား ဝန်ကြီး၊ ကင်း ဝန် သေနတ်ဝန်ကြီး၊ အတွင်း ဝန် ဝက်မစွတ်မြို့စား မင်း၊ အတွင်း ဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်း တို့ ရှေ့သံတော်ဆင့် ဒေး ဝန်အကောက်ဝန် မဟာမင်း ထင် ကျော်မှတ်၊ နား ခံ မင်း တင် ကျော် ခေါင်တွင်ပြန်။

(လုံး တော် စာစု၊ <u>လွှတ်မှတ်</u> ၁၉၇၇၊ စာ ၁-၂၊ <u>ကုန်း</u>၊ တတိယ၊ ၁၉၆၇၊ စာ ၄၃၇-၈)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်မင်း တရား
ကြီး ဘုရား ဝေဒနာစွဲ ရောက် တော်မူ၍ မှူး တော်မတ် တော်သမား ဟူး ရား
တို့နှင့်ညှိနှိုင်း တိုင်ပင်ပြီး လျှင်အထူး ထူး သော ဆေး ဝါး တို့ဖြင့်တ ဆေး မသင့်တ
ဆေး သင့်လဲလှယ်ကုမဆက်သ သော်လည်း မ တွေ့မသင့် ဝေဒနာ တော်မှ မထမ မြောက်
1 October 1878
မလွတ်မကင်း သက္ကရာဇ် ၁၂၄၀ပြည့်သတင်း ကျွတ်လဆန်း ၆ရက် နေ့ နေ့၂ ချက်တီး
ကျော်၆ မောင်း အချိန်လုပြည်ညီး ၍ နတ်ပြည်စံ တော်မူသည်ကို ရှေး စကြာ မန္ဓာတ်
မင်း တို့ကိုသဂြိုဟ်သည့်နည်း အခမ်း အနား ကြီး ကျယ်စွာသဂြိုဟ် တော်မူမည်၊ ခန့်
ထား လုပ် ဆောင်စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်း မှန် အောင်လုပ် ဆောင်
စီရင်၊ မင်း မိဘုရား မင်း ညီမင်း သား မှူး တော်မတ် တော်မယား တို့မှာ
2 October 1878
သက္ကရာဇ် ၁၂၄၀ပြည့်သတင်း ကျွတ်လဆန်း ၇ရက် နေ့ကစ၍ ဝတ်ဖြူခုနစ်ရက်လဲ စေ။
(လုံး တော် စာစု၊ ကုန်း ၊ တတိယ ၁၉၆၉၊ စာ၄၄၀နှင့်၄၆၆)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်ခမည်း
တော်မင်း တရား ကြီး လူ့ပြည်ငြီး ၍ နတ်ပြည်စံ တော်မူသည်၊ ခမည်း တော်ဘုရား
ဒိုက်အရာ တော်ဖြစ် သော ရွှေထီး ရွှေနန်း တိုင်း ပြည်နိုင်ငံအပေါင်း ကိုငါသိမ်း
အုပ်စိုး စံတော်မူသည်၊ မင်း ညီမင်း သား မှူး တော်မတ် တော်ဝန်စုမှူး စုဗိုလ်
စုစော်ဘွား မြို့စား မြို့ဝန်စစ်ကဲမှစ၍ စုရေး စုကိုင်သူ ဌေး သူကြွယ်မြို့ရွာသူကြီး
မြင်း ခေါင်း မြင်း စီး ဒိုင်း ခေါင်း အဝန်း ထောင်ကဲပဲ့နင်း တို့ကို မြေနန်း
တော်တွင်သစ္စာ တော်ပေး မြဲပေး ၊ ရွှေနန်း တော်ဝင်း တော်လေး မျက်နှာ
ကိုယ်ရံ တော် ရွှေမြို့ တော်တံခါး တဆယ့်နှစ်ရပ်မြို့ကြီး တံခါး ငါး ဆယ့်ခုနစ်ရပ်အစောင့်
အနေမှစ၍ခန့်ထား စီရင်ရန်ရှိသည်များ ကိုရာဇဝတ် ကြောင်း ကင်း လွတ်လုံခြုံ
အောင်ခန့်ထား စီရင်၊ ရွှေပြည် တော်မှစ၍ နိုင်ငံ တော်အတွင်း တိုင်း သူပြည်သား
ဆင်း ရဲသား ကုန်သည်ကျွန် တော်မျိုး အပေါင်း တို့ကိုလည်း မထိတ်မလန့် စေရ ရောင်း
ဝယ် ဖေါက်ကား သွား လာ နေထိုင်မြဲအတိုင်း ငြိမ်ဝပ်ချမ်း သာစွာ နေထိုင်ကြရမည့်
အကြောင်း နှင့်ထီး ရံနန်း ရံ စော်ဘွား မြို့စား အဝေး မြို့ဝန်တို့ကို စေ့နှံ့ အောင်
ပြန်ဆိုမှာထား စေ၊ ရွှေမြို့ တော်မြို့တွင်း မြို့ပြင်ရပ်စုကွက်စုများ မှာလည်း စေ့နှံ့
အောင် မောင်း ခတ် စေ။

သက္ကရာဇ် ၁၂၄၀ ပြည့်သတင်း ကျွတ်လဆန်း ၆ ရက်နေ့ 1 October 1878

(လွှတ်မှတ် ၁၉၇၇ စါ ၂၊ မြန်မာသမိုင်း ပြုအဖွဲ့ ပေမူ၊ လုံး တော် စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဥ္စမသင်္ဂါယနာတင်အသျှင်ဘဝရှင်ခမည်းတော်
မင်း ကြီး ဘုရား အလောင်း တော်ကိုစကြာမန္တာတ်မင်း ဘုံ့ကိုသကြိုဟ်သည့်နည်း အ
နား ကြီး ကျယ်စွာစကြိုဟ် တော်မူမည်မှာခမည်း တော်မင်း တရား ကြီး ဘုရား
သည်မင်း သာမန်တို့ခံပံ့ခဲ သောရာဇာဘိ သေကမုဒ္ဒါဘိသိက်ကိုနှစ်ကြိမ် မြောက်သွန်း
ခံ တော်မူလျှက်ပါဝစနဖြစ် သောမဗ္ဗကွန္တာရှစ် သောင်း လေး ထောင်ကိုကညစ်ရွှေ
မင်အရေး သုံး ပါး ထက်အလွန်သာသနာ တော်၅၀၀၀ပတ်လုံး တည်စေခြင်း ငှါ
သလင်း ကျောက်အပြင်၌ထုလုပ် ရေး သား ထား တော်မူခြင်း စ သောသင်္ဂီတိပရိ
ကံကိုပြည့်စေသဖြင့်ပဥ္စမသင်္ဂါယနာတင် တော်မူ၍သာသနာ တော်မြတ်ကိုအလွန်အကြူး
ခြီး မြှောက် တော်မူပြီး လျှင်သာသနာ တော်ပစကြာမန္တတ်မင်း တို့ကျင့်ဝတ္တရား
ထက်လွန်ကဲထူး မြတ် သောသာသနာ တော်တွင်း မင်း သာမန်တို့ကျင့် ဆောင်ပွါး များ
နိုင်ခဲ သောအနတ္တလက္ခဏာဝိပဿနာဘာဝနာတရား မြတ်ကိုမပြတ် လေ့လာပွါး များ
တော်မူသည်ဖြစ်၍လူခပ်သိမ်း တို့ပူ ဇော်အထူး ကိုအမြဲခံ တော်မူထိုက် သောဘုန်း ပါရ
မီ တော်ရှင်ဖြစ် တော်မူသည်နှင့်အညီမင်း မိဘုရား မင်း ညီမင်း သား မျိုး တော်
မတ် တော်ပြည်သူလူအ ပေါင်း တို့အစဉ်မြတ်နိုး ပူ ဇော်ရာဖြစ် စေခြင်း ငှါရွှေနန်း
တော်ဦး လွှတ် တော် မြောက်တွင်အုတ်နန်း ပြဿဒ်တည်လုပ်သွင်း ထား သကြိုဟ် တော်
ပူမည်၊ သွင်း ထား သကြိုဟ် တော်မူရန်အုတ်ပြဿဒ်ကိုအလျှင်ပြီး ပြေ ကောင်း မွန်
အောင်တည်လုပ် စေ။

2 October 1878

သက္ကရာဇ် ၁၂၄၀ပြည့်သတင်း ကျွတ်လဆန်း ၇ရက် နေ့နံနက်မှန်နန်း တော်
ပေါ်တွင်အမိန့် တော်၊ ရေနံ ချောင်း မြို့စား ဝန်ကြီး ၊ ခန်း ပတ်မြို့စား ဝန်
ကြီး ၊ သေနတ်ဝန်ကင်း ဝန်လယ်ကိုင်း မြို့စား ဝန်ကြီး၊အတွင်း ဝန်ဝက်မစွတ်မြို့စား
မင်း ၊ ရွှေတိုက်အတွင်း ဝန် တောင်ခွင်မြို့စား မင်း တို့ ရှေ့သံ တော်ဆင့် ဒေး ဝန်
အ ကောက်ဝန်မဟာမင်း ထင်မင်း ကျော်မှတ်။

6 October 1878

သက္ကရာဇ် ၁၂၄၀ပြည့်သတင်း ကျွတ်လဆန်း ၁၁ရက် နေ့နား ခံနေ မျိုး
စည်သူ ကျော် ခေါင်တွင်ပြန်။

(လုံး တော် စါစု၊ လွှတ်မှတ် ၁၉၇၇၊ စါ၂-၃)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဋ္ဌိန်ဆင်မင်း သခင်ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ဝဲ့ကိုသာအသျှင်မှတ်၊ လက်ဝါး ကဲ့သို့မကျင့်နှင့်၊ ဖဝါး ကဲ့သို့ကျင့်၊ တိုင်း ရေး ပြည် ရေး သာသနာတော် ရေး အကျိုး စီး ပွါး ရှိမည်ကိုသာအစွမ်း သတ္တိရှိသည့်အတိုင်း ပြေကုန် အောင်ထမ်း ၊ ရှောင်လွှဲကိုး မယ်၍ မကျင့်နှင့်၊ သာသနာ တော် ရေး တိုင်း ရေး ပြည် ရေး အကျိုး စီး ပွါး ယုတ် လျော့မည်ကိုတဆံခြည် မျှ မကျင့်မကြံနှင့်၊ သူတထူး တို့ပြုကျင့်ကြံ စည်သည်ကိုသိလျှင်လည်း နိုင်အောင်မြစ်၊ မမြစ်နိုင်လျှင်ငါ့နှင့်မှုး မတ်တို့မှာ လျှောက်၊ ယခု ပေး သည့်သစ္စာ တော်အတိုင်း တည် အောင်ကျင့်၊ မကျင့်ယွင်း သွေ ဖေါက်ပြန် ချေသော်၊ လေး သင်္ချေနှင့်ကမ္ဘာတသိန်း ဖွက်ကိန်း ပြည့်ထ၊ လုံ့လသည်း စွာ၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝိရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါး အပြား သုံး ဆယ်ကိုဖြည့်၍ပြည့်ထကျင့် သောဘုရား သခင်ကိုယ် တော်မြတ်ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

သွား တော် လေး ဆယ်၊ စွယ် တော် လေး ချောင်း ၊ ညှပ်ရိုး တော်နှစ် ချောင်း ၊ ဓါတ်ပေါင်း ရှစ်စွတ်ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ၊

လက်ျာရံရှင်သာရိပုတ္တရာ၊ လက်ဝဲရံရှင်မောဂ္ဂလန်စ သောအသီတိရှစ်ကျိပ် သောရဟန္တာမြတ်တို့၏ဓါတ် တော် မွေ တော်ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး ဘုရား သခင် ဟော တော်မူ သော ပိနည်းငါးကျမ်းသုတ်သုံး ကျမ်း အဘိဓမ္မာ ခုနစ်ကျမ်း ဓမ္မာခန္ဓာအ ပေါင်း ရှစ်သောင်း လေး ထောင်ကျမ်း ကုန် အောင်ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး သာမဝေဒ၊ ယဇုဝေဒ၊ ဣရုဝေဒ၊ အာတပ္ပဏ ဝေဒတည်း ဟူ သော ဝေဒ လေး ပုံကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး သာသနာ တော်ငါး ထောင်ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး ဇမ္ဗူဒီပ၊ အပရ ဂေါယာ၊ ဥတ္တရကုရု၊ ပုဗ္ဗဝိ ဒေဟကျွန်း ကြီး လေး ကျွန်း ကိုကျွန်း ငယ်နှစ်ထောင်အရံ ဆောင် သောကျွန်း အ ပေါင်း ကို စောင့် သောနတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး မြစ်ကြီး ငါး သွယ်မြစ်ငယ်ငါး ရာဂင်္ဂါ ယမုနာ အစိရဝတီ မဟီသရဖူဟူသည်မကြွင်း အင်း အိုင် ချောင်း မြောင်း အ ပေါင်း စောင့်မှတ်ခပ်သိမ်း နတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး ဟိမဝန္တာ တောသုံး တောင်ကိုကုန် အောင် စောင့် သောအာကာသစိုး ဗိဿနိုး မလွတ် ဖုတ်ပြိတ်နတ်လည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး အသမုဂ္ဂီ၊ စန္ဒီ၊ ပရမိသွာ၊ မဟာဂိရိစ သောအရှိန်ပြင်း ထန်၊ ဝေဿဝဏ်နှင့် ဂုမ္ဘာန်ယက္ခ၊ ဂန္ဓဗ္ဗ၊ စသည် ဒေဝိန်၊ အသုရိန်အလား ၊ ကျော်ထင်ရှား သည့်နတ်အများလည်း သတ်၍ မနေ သေ စေ သောဟူ လေ။

ထိုမှတပါး သွေး ခဲ သွေး နက်ပွက်ပွက်ထွက်၍ကိုယ်လက် ပြောင်း ပြန် သွေး ခဲအံ၍ သေ စေ သောဟူ လေ။

ထိုမှတပါး ဘေးရှစ်ပါး ဒဏ်ဆယ်ပါး ထင်ရှားသတ်၍လတ်လတ်ချက်ခြင်း သေစေသောဟူလေ။
ထိုမှတပါး သားမြေး ဥစ္စာ၊ မကြာပျက်စီး၊ ဆီမီးတန်ဆောင်၊ ထုံးသောရောင်သို့၊ ကုန်အောင်မကြွင်း၊ ပျက်စီးခြင်းသို့ ရောက်စေသောဟူလေ။
ထိုမှတပါး ရေဝယ်သွားလည်း ရေသားများ ဖွေဆယ်ကု ငွေတွင်ရေနေအပေါင်း မိချောင်း လဘိုင်သံထိကိုင်၍ မကန်း လိပ်ငါး စီး၍မနေ သေစေသောဟူလေ။
ထိုမှတပါး ကြည်းဝယ်သွားလည်း၊ ကြည်းသားအများ၊ ပြားသည့်အနေ၊ ကိုးကုဋေတွင်၊ သစ်ကျားဆင်ရဲ၊ စိုင်းတီးငမွဲ၊ ဝက်ရဲစား၍၊ ထွားထွားညက်ညက်၊ ကိုယ်လုံးပျက်၍ သေစေသောဟူလေ။
ထိုမှတပါး မြွေမွေး၊ မြွေဟောက်၊ ငန်းပြောက်၊ ငန်းကြား၊ ငန်းငါးပါးလည်း၊ ပေါက်ထမနေ၊ သေစေသောဟူလေ။
ထိုမှတပါး သေတုံငြားလည်း၊ ငရဲကြီးရှစ်ထပ်၊ ငရဲငယ်တရာ့နှစ်ဆယ့်ရှစ်ထပ်၊ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးပါး၊ လားစေသောဟူလေ။
ထိုမှတပါး လူဖြစ်ငြားလည်း၊ လူချင်းမတူ၊ နူဖြူနူဆွတ်၊ မုံညင်းပွတ်အဆင်း၊ ခရုသင်းမလွတ်၊ ဘက်သကပ်ဘက်သချာ၊ ထိုအနာလည်း စွဲစေသောဟူလေ။
ထိုမှတပါး မိခင်ဘခင် ခေါင်ငင်ပြင်းထန်၊ ဆန့်တုံ့ခြေလက်၊ မကွေးမခင် သေစေသောဟူလေ။
ထိုမှတပါး မင်းကမလွတ်၊ အမတ်ဗိုလ်ပါ၊ စွဲကိုင်ရသသား၊ အိမ်ခါးလက်နက်၊ သုံးမည်စက်နှင့်၊ ခြေလက်ထောင်းလောင်း၊ လည်ဥကျောင်းလည်း၊ ထောင်းထောင်းဖြတ်၍၊ လတ်လတ်ချက်ခြင်း သေစေသောဟူလေ။
ထိုမှတပါး မဟာသမုဒ္ဒရာပင်လယ်ကြောဝယ်၊ သင်္ဘောလှေကြီး၊ ပျက်စီးမြောပါ၊ ကွဲသောလားသို့၊ ထွားထွားညက်ညက်၊ ပျက်စေသောဟူလေ။
ထိုမှတပါး ဝမ်းတလှည်းကို၊ အကြွမ်းဖုတ်သော်၊ တဆုပ်လောက်မျှ၊ စမ်းမရသို့ဖြစ်စေသောဟူလေ။
ထိုမှတပါး သားမြေးကျေးကျွန်၊ ထွန်သည့်ကျွဲနွား၊ ခမ်းနားမကြွင်း၊ ပြုန်းတီးခြင်းနှင့်ဆင်းရဲကြီးသည်၊ မြေကြီးပွက်ခဲ၊ ခွက်လက်စွဲ၍၊ ငရဲအရှင်၊ စားချင်လှည့်ကာ၊ ဘုံးစီးရာဘဝ၊ ထွင်းဆုံးကျ၍၊ အလှမဲ့ပါ၊ လူပြိတ္တာလည်းဖြစ်စေသောဟူလေ။
ထိုမှတပါး မင်းနန်သူကျိန်ခြင်း၊ ထုံးနှယ်ဆင်းသည်၊ ထင်းမီးစသို့၊ တစတစတိုစေသောဟူလေ။
ဤသို့ဆိုခဲ့ပြီး သောကျေးဇူး သစ္စာတော်မြတ်ကို စောင့်သပေသည်ဖြစ်လျှင်လည်း၊ ယခုရေဖွတ်ဆိုခဲ့ပြီး သောဘေးအန္တရာယ်အပေါင်းတို့သည်၊ စင်ကင်းလွင့်ပျောက်၊ မရောက်သည်သာဖြစ်၍၊ သားမြေးဥစ္စာရတနာက၊ ကောင်းစွာခြေရံ၊ စည်းစိမ်ခံလျက်၊ သာစံတက်တိုးပွားသည့်မိုးသို့ဖြစ်စေသော၊ အလှူဒါနကျင့်သီလနှင့်၊ စာဂပညာ၊ ပြည့်စုံစွာလျက်၊ သာသနာ၌လင်း၊ စက်အတွင်းဝယ်၊ လျှင်ပြင်းချက်မှန်၊ ဗိုလ်မဂ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်ထုတ်ချောက်ရောက်သည်အမှန်ဖြစ်စေသော။
II October 1878
(သက္ကရာဇ်) ၁၂၄၀ ပြည့်သတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ မြန်နန်းတော်တွင်ပေးသည့် သစ္စာတော်။
(အုပ်ချုပ်ပုံ၊ စ၊ ၁၆၀-၁၆၃)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်၊ သာသနာပြုတိုင်းပြုပြည်ပြုရွေး မင်းကောင်း မင်းမြတ်တို့သည်သာသနာတိုင်းပြည်ပွါးစည်တိုးတက်ကြောင်းဖြစ်သောသင်္ဂဟတရား လေးပါး ရိပုံဇယတရား လေးပါး အပရိဟာနိယတရား ခုနစ်ပါး စသောကျင့်ဝတ်တရားတို့ကိုကျင့်ဆောင်တော်မူလျက်သာသနာတော်ကျိုး တိုင်းကျိုး ပြည်ကျိုး များကိုရွက်ဆောင်တော်မူကြကုန်သည်၊ ငါအရှင်ဧကရာဇ်မင်းမြတ်သည်လည်း သာသနာပြုတိုင်း ပြုပြည်ပြုမင်း ဖြစ်တော်မူသည်နှင့်အညီဆယ်ဘို့တဘို့ကိုမလွန်စေမူ၍ပြည်သူတို့အခွန်အတုတ်ကိုခံခြင်း ဗိုလ်ပါရဲမက်တို့အား မျိုးရိက္ခာပေးခြင်း စသောသင်္ဂဟတရား ပြည့်စုံခြင်းကြောင့်မြို့ရွာတိုင်းပြည်ပွါးစည်တိုးတက်စေသော မဟာသမ္မတစသော မင်းတို့ထုံးနှုန်း နိမ့်ချီးမြှောက်ခြင်း နိဂ္ဂဟပဂ္ဂဟစသော မင်းရေးမင်းရာတို့နှိုက် မချွတ်မြဲမြန်မှန်ကန်စွာပြဋ္ဌာန်းပြောဆိုခြင်း စသော ရိပုံဇယတရား ပြည့်စုံခြင်းကြောင့်ရန်သူကို အောင်မြင်နိုင်သော အလောင်းတော် ဝါနရိန္ဒ မျောက်မင်းထုံးနှုန်း ၊ အစဉ်မပြတ်စည်းဝေးတိုင်ပင်ခြင်း မညီသည့်အမှုမဆိုအညီအညွတ်ပြုခြင်း စသောအပရိဟာနိယတရား ပြည့်စုံခြင်းကြောင့်သုံးကြိမ်ချဲ့ထွင်ပွါးစည်ပင်သော ဝေသာလီပြည်လိစ္ဆဝီမင်းတို့ထုံးနှုန်း စသောကျင့်ဝတ်ရာဇမံပုံစံဥပဒေများကိုအထူးသဖြင့် ရှေ့နှလုံးတော်သွင်း ရိုးရင်းတော်မူသည်ဖြစ်၍သာသနာတော်မှုတိုင်းရေး ပြည်မှုစီရင်ခင်း စီရင်ဘွယ်နှုတ်ပယ်ခန့်ထားဆင့်ဆိုပြင်ဆင်ပြုလုပ်ရန်ရှိသည်များ ကိုသင်္ဂဟရိပုံဇယအပရိဟာနိယများ နှင့်တပြေးညီစွာ ငါအရှင်ဧကရာဇ်မင်းမြတ်နှင့်တကွငါ၏သစ္စာတော်ကိုနှစ်ကြိမ် မြှောက်ခံသောက်ထမ်းရွက်ကြသည့်အရာရှိမှူးမတ်အစည်းအဝေး ဝင်လူတို့ညှိနှိုင်းပြောဆိုဥပဒေပြဋ္ဌာန်းပိုင်းခြားထားမည်ဖြစ်သည်၊ စုံညီညှိနှိုင်း ပြောဆိုရဥပဒေများကိုငါအရှင်ဧကရာဇ်မင်းမြတ်နှင့်တကွအရာရှိမှူးမတ်အစည်းအဝေး ဝင်လူတို့ကအပျက်အယွင်း မရှိရအောင်စောင့်ရှောက်ကြစေ၊ ပြဋ္ဌာန်းပိုင်းခြားထားသည့်ဥပဒေလည်း သားတော်အစဉ် မြေးတော်အဆက်မြစ်တော်အညွန့်အဖွန့်ရှည်စွာသာသနာတော်ကျိုး တိုင်းကျိုး ပြည်ကျိုး တိုးတက်ပွါးများရန်အကြောင်း

ဖြစ်သည်၊ ညှိနှိုင်း ပြောဆိုပြဋ္ဌာန်း ပိုင်း ခြား ထား မည့်ဥပဒေအတိုင်း အမြဲတည်စေ။

12 October 1878

သက္ကရာဇ် ၁၂၄၀ ပြည့်သတင်း ကျွတ်လပြည့် ကျော် ၂ ရက် နေ့နံနက်ညီလာခံ ပေါင်း တော်ဆောင်စနုတွင် ဝန်ရှင်တော် ရေနံချောင်း မြို့စား ဝန်ကြီး၊ ခန်း ပတ်မြို့စား ဝန်ကြီး၊ သေနတ်ဝန်ကင်း ဝန်လယ်ကိုင်း မြို့စား ဝန်ကြီး၊ အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း၊ အတွင်း ဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်း၊ ပုဂံဝန် ထောက်မင်း၊ ကင်း စဉ်ဝန် ထောက်မင်း၊ မြို့သာဝန် ထောက်မင်း၊ မြောင်လှဝန် ထောက်မင်း၊ ရန် အောင်မြင်ဝန် ထောက်မင်း တို့ရှေ့သံတော်ဆင့်ဒေး ဝန်အကောက်ဝန်အတွင်း ခြောက်စို့ သေနတ်စါရေး ကြီး မဟာမင်း ထင်မင်း ကျော်မှတ်၊ နား ခံမင်း ထင် ကျော် ခေါင်တွင်ပြန်။

(<u>လွှတ်မှတ်</u> ၁၉၇၇၊ စါ၃-၄၊ <u>ကုန်း</u> ၊ တတိယ ၁၉၆၇၊ စါ၄၇၄-၅)

ရွှေ ရွှေ သောသာသနာပြုမင်း ကောင်း မင်း မြတ်တို့သည်ပြုဘွယ်ကိစ္စအကြီး အကျယ်ရှိလျှင်ရတနာသုံး ပါး ကိုအဦး ထား ၍ပြုမြဲဖြစ်သည့်အတိုင်း ရွှေထီး ရွှေနန်း တက်သိမ်း ၍ မင်း အဖြစ်ကိုယူလျှင်သာသနာ တော်မြတ်သုံး ပါး ၏အရင်း မူလဘူတပရိယတ္တိသာသနာ တော်မြတ်ဖြစ် သော ပိဋကတ် တော် များ ကို ရေး သား ပြုစု တော်မူမြဲဖြစ်သည်။ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း ခမည်း တော်ပဉ္စမသင်္ဂါယနာတင်မင်း တရား ကြီး ဘုရား အရိုက်အရာ တော်ဖြစ် သော ရွှေထီး ရွှေနန်း တိုင်းပြည်နိုင်ငံ များ ကိုဆက်ခံ စိုး အုပ် တော် မူ၍ မင်း အဖြစ်ကိုယူ တော် မူသည်။ သာသနာတိုင်း ပြည်ပွါး စည်တိုး တက်ရာတိုး တက် ကြောင်း ပြုခင်း ပြုဘွယ်အများ ရှိသည်ဖြစ်၍ အခြား ကိစ္စကိုမ ဆောင်မရွက်မီရတနာသုံး ပါး ကိုအဦး ထား လျက်သာသနာ တော်မြတ်ကိုခြီး မြှောက်ပြုစု တော် မူသင့်သည့်အတိုင်း သာသနာ တော်သုံး ပါး ၏အရင်း မူလဘူတပရိယတ္တိသာသနာ တော်မြတ်ဖြစ် သော ပိဋကတ် တော်အထူး သဖြင့်ပြန့်ပွါး အောင်ရွှေစာမင်စာကညစ် ရေး စာ များ ကိုဆိုင်ရာဆင့်ဆို ရေး သား စေ။ ပိဋကတ်တော် ရေး သား ရန်ရှိသည်မှာ ရွှေမြို့ တော်အမရပူရအလုံမြို့၊ တပယင်း မြို့၊ ကန္နီမြို့၊ ငရနဲမြို့ရှိပိဋကတ် ရွှေ ရေး မင် ရေး ကမ္မဝါရေး ရွှေ ပေလုပ်စာရင်း ပါလူတို့ကိုမြို့ရွာနယ်ရှင်အကြီး အအုပ်တို့ကသဿမေဓအခွန် တော်မှစ၍ မင်း မှုမင်း ခင်း စရိတ် ကြေး ငွေအ သေး အဖွဲ့အခွဲအ တောင်း မရှိလွတ်ငြိမ်း စေပြီး လျှင်မိုင်း ကိုင်မြို့စား မဟာသီရိဇေယသူကအုပ်ထိမ်း စေ၍ ပိဋကတ် တော် များ ကို ရေး သား ထမ်း ရွက် စေသင့် ကြောင်း နှင့်အစည်း ဝေး ဝင်မှူး မတ်တို့စုံညီညှိနှိုင်း ချက်ဆက်သွင်း သည့်အတိုင်း ရွှေမြို့ တော်အမရပူရမြို့အလုံမြို့တပယင်း မြို့ကန္နီမြို့ငရနဲမြို့ရှိပိဋကတ် ရွှေ ရေး မင် ရေး ကမ္မဝါရေး ရွှေ ပေမင် ပေလုပ်စာရင်း ပါလူတို့ကိုမြို့ရွာနယ်ရှင်အကြီး အအုပ်တို့ကသဿမေဓအခွန် တော်မင်း မှုမင်း ခင်း စရိတ် ကြေး ငွေအ သေး အဖွဲ့အခွဲအ တောင်း လူအ စေအခိုင်း မရှိလွတ်ငြိမ်း စေ၍ ပိဋကတ် တော် များ ကို ရေး သား ထမ်း ရွက် စေ။ ပိဋကတ် တော် ရွှေ ရေး မင် ရေး ကမ္မဝါရေး ရွှေ ပေမင် ပေလုပ်စာရင်း ပါလူတို့ကိုမိုင်း ကိုင်မြို့စား မဟာသီရိဇေယသူကအုပ်ထိမ်း စေ။

16 October 1878

သက္ကရာဇ် ၁၂၄၀ ပြည့်သတင်း ကျွတ်လပြည့်ကျော် ၆ ရက် နေ့ နား ခံ နေ ရွှီး မင်း ထင်မင်း ခေါ်ထွင်ပြန်။

(လွှတ်မှတ် ၁၉၇၇၊ စါ၄၊ ရှေး ဟောင်းသုတေသန)

ကျိုင်းရုံးကြီး တဆယ့်နှစ်ပန်းနား မြို့စား ဒေါ်ဘယား အမတ်တို့ရှိခိုး သံတော်
ဦးတင်ချက်ကို ထောက်၍ ကျိုင်းရုံးကြီး မြို့သည် နိုင်ငံတော်အရှေ့မျက်နှာထီး ရုံနန်း
ရုံဖြစ်သည်တကြောင်း ၊ ဂန္ဓာလရာဇ်တရုပ်ပြည်နှင့် စပ်လျက်ဖြစ်သည်တကြောင်း
ဖြစ်သောကြောင့် အကြီးအအုပ် သည်ဝီဘွား မြို့စား မကင်း မလပ်သင့်ဖြစ်သည်၊
ဇောတိနဂရမဟာဝံသသီရိပဝရသုဓမ္မရာဇာလည်း အထက် သည်ဝီဘွား ဥပ
ရာဇာသား ဖြစ်၍ သည်ဝီဘွား အရာဆက်ခံထိုက်သူဖြစ်ကြောင်း နှင့်အစည်းအ
ဝေး ဝင်မှူး မတ်တို့စုံညီညှိနှိုင်း ချက်ဆက်သွင်း သည့်အတိုင်း ဇောတိနဂရမဟာဝံ
သသီရိပဝရသုဓမ္မရာဇာကိုကျိုင်းရုံးကြီး မြို့လူး တဆယ့်နှစ်ပန်းနား နှင့်တကွ
ဇောတိနဂရတိုင်း တတိုင်းလုံးကို သည်ဝီဘွား ခန့်၊ အထက် သည်ဝီဘွား တို့နည်း
ထီး အစီး အနင်း အဆောင်အရွက်သနား တော်ခံစေ။

19 October 1878

သက္ကရာဇ် ၁၂၄၀ ပြည့်သတင်း ကျွတ်လပြည့်ကျော် ၉ ရက်နေ့ နားခံ နေမျိုး
မင်း လှရာဇာ ကျော်ထင်တွင်ပြန်။

(လွှတ်မှတ်၊ ၁၉၇၇၊ စါ၅)

မယ်တော်အိမ်ဖြူရှင်အသျှင်မိဘုရားကို စလင်းမြို့တလုပ်မြို့မျှားကိုမြို့စား ၊
အမြင့်မြို့စီရင်စု ချောင်းဦး ဆယ်ရွာကိုထီးမိုးယဉ်ခံသနားတော်မူသည်၊
အစ်မတော်သုယ်ရီရတနာဒေဝီမိုင်းကိုင်စုဘုရားကို ပုခန်းကြီးမြို့ကိုမြို့စား ၊
မိုင်းကိုင်မြို့ကိုထီးမိုးယဉ်ခံသနားတော်မူသည်၊
နှစ်မတော်သီရိသုဂုစါဝတီ ပြောင်းပြာစုဘုရားကို မိတ္ထီလာမြို့ကိုမြို့စား ၊
ပြောင်းပြာမြို့ကိုထီးမိုးယဉ်ခံသနားတော်မူသည်။
စါချွန်ရေး မြဲရေး ရှိသွင်း ။

20 October 1878

သက္ကရာဇ် ၁၂၄၀ ပြည့်သတင်းကျွတ်လပြည့်ကျော် ၁၀ ရက် နေ့နားခံ
နေမျိုး မင်းထင်ကျော် ခေါင်တွင်ပြန်။
(လုံး တော်စါစု၊ ကုန်း၊ တတိယ ၁၉၆၇၊ စါ ၄၇၇-၈)

မယ်တော်ဆင်ဖြူမရှင်ဘုရားကိုဗန်းမော်မြို့၊ ဝန်းသိုမြို့မှုးကိုမြို့စား၊ အမြင့်လေးမြို့ကိုထီးမိုးယဉ်ခံသနားတော်မူသည်၊ စာချွန်ရေးမြဲရေး၍သွင်း။

21 October 1878

(သက္ကရာဇ်) ၁၂၄၀ သတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့နားခံနေမျိုးမင်းထင်ကျော်ခေါင်တွင်ပြန်။

(လုံးတော်စာစု၊ ကုန်း၊ တတိယ ၁၉၆၇၊ စာ ၄၇၈)

သာသနာတော်ရေးတိုင်း ရေးပြည်မှုဆိုသည့်အရာလည်း ပစ္စုပ္ပန်သံသရာ
အကျိုးစီးပွါး နှစ်ပါးနှင့်စပ်ဆိုင်သည့်အရာဖြစ်၍သာသနာတော်စည်ပင်
ထွန်းလင်း ကြောင်းတိုင်းပြည်နိုင်ငံအကျိုးစီးပွါးများ ကြောင်းဖြစ်သော
ပြည်ကြီး ဝန်ကိုရွက်ဆောင်ရသည့်မှုခင်း ရေးရာအလွန်ကျယ်ဝန်းများပြား
လှသည်ဖြစ်၍သာသနာတော်မှုတိုင်း မှုပြည်မှုရှိသည်များကိုဆင့်ဆိုစီရင်ထမ်း
ဆောင်ရသည့်မှူး တော်မတ်တော်အရာရှိတို့မှာတာဝေပုံမပိုင်း မခြား မ
ခွဲမဝေရောထွေး ထမ်း ဆောင်ကြရလျှင်ဆင့်ဆိုထမ်း ရွက်သည့်မှုခင်းကိစ္စ
ကောင်း မွန်စွာမပြီး မပြေမတွင်မကုန်ထမ်း ဆောင်ရသူမှာလည်း လက်
ဂုံး နှလုံး စွမ်း ရည်သတ္တိအင်နှင့်မတန်မှုခင်း များပြား ဝေဘန်ခွဲချမ်း
ထမ်း ဆောင်နိုင်ရန်မရှိ၊ ထမ်းအား ရွက်အား ရည်သွား ဆုတ်ယုတ်ရန်အ
ဖြစ်များ စွာရှိသည်ဖြစ်၍သာသနာတော်မှုတိုင်း ရေးပြည်မှုရှိသည်များကို
တရပ်တဌာနစီခွဲဝေပိုင်း ခြားအကြီး အချုပ်တဦး တယောက်စီမှူးကြီး ကြပ်
မထမ်း ရွက်ကြစေရန်မှူးမတ်အရာရှိအစည်း အဝေး တွင်စုံညီညှိနှိုင်း ပြော
ဆိုကြရာ

(၁) ပဌမဝေပုံပါနိုင်ငံတော်အတွင်း မြေတော်နှင့်စပ်ဆိုင်သမျှလယ်ယာ
ကိုင်း ကျွန်း ချထားလုပ်ဆောင်ရန်အမှု၊ ကံချောင်း ဆည်မြောင်း ဆည်ဘိုး တက်
သက်ရန်အမှု၊ ကျွဲတော်နွား တော်များ ကိုထိန်း သိမ်း ရန်အမှုများ ကိုရေနံ
ချောင်း မြို့စား ဝန်ကြီး သတိုး မင်း ကြီး မဟာမင်း လှမင်း ခေါင်ကျော်၊

(၂) ဒုတိယဝေပုံပါကျောင်း ဘုရား အလုပ်အဆောင်မှု၊ နန်း တော်အိမ်
တော်မြို့လုပ်ကျုံး တာအလုပ်အဆောင်မှု၊ ကျောက်လမ်း အသစ်လုပ်ဆောင်ရန်
အမှု၊ တဆယ့်နှစ်ရာသီအလုပ်အဆောင်မှု၊ လက်လုပ်နှင့်စပ်ဆိုင်သမျှအလုပ်အ
ဆောင်မှုများ ကိုခန်း ပတ်မြို့စား ဝန်ကြီး သတိုး မင်း ကြီး မင်း လှမဟာ
ဥဇနာ၊

(၃) တတိယဝေပုံပါသေနတ်အမြောက်မြင်း အစုကုန်း ကြောင်း အမှုထမ်း တို့ကို
ဆင့်ဆိုရန်အမှု၊ လုပ်ဆောင်ပြီး သေနတ်အမြောက်မှစ၍ကုန်း ကြောင်း စစ်
သည်ရဲမက်တို့နှင့်စပ်ဆိုင်သည့်လက်နက်ကိရိယာခဲယမ်း မီး ကျောက်အမှု၊ အတွင်း

ပြင်လက်နက်တိုက်များကိုဆင့်ဆိုရန်အမှု၊ ဆင်တော်မြင်းတော်များကိုထိန်းသိမ်းဆင့်ဆိုရန်အမှု၊ ဆင်မှူး သွော်ကြီး ကျုံး ယရည်း ဆင်တိုင်မြင်းတိုင်များကိုဆင့်ဆိုရန်အမှု၊ ခံမြို့ခံကတုတ်အလုပ်အား ဆောင်အမှုများကိုလယ်ကိုင်း မြို့စား သေနတ်ဝန်ကင်း ဝန်မင်းကြီး သတိုးမင်းကြီး မဟာမင်းလှစည်သူကျော်၊

(၄) စတုတ္ထ ဝေပုံပါ ဈေးပွဲကင်း ကူတို့ အကောက်အခွန်မှု၊ နိုင်ငံတော်အတွင်း အစွတ်အခြောက်အခွန်မှု၊ ပတ္တမြား ကျောက်စိမ်း သစ် ရေနံလဘက်ကုန်အရောင်း အဝယ်မှစ၍သမ္ဗာပါသမှုများကိုအတွင်း ဝန်ဝက်မစွတ်မြို့စား သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်သီဟသူ၊

(၅) ပဉ္စမ ဝေပုံပါ ကျောင်း ဘုရား ဝတ်မိုးဝတ်မြေမှုပိဋကတ် ပေစာမင်စါကျောက်စာမှု၊ ရဟန်း သံဃာတော်တို့နှင့်စပ်ဆိုင်သည့်အမှု၊ လစဉ်နှစ်စဉ်အလှူတော်မှု၊ သူအိုသူနာတိုက်များကိုပြုစုစောင့်ရှောက်ရန်အမှု၊ ရာဇဝင်ဗေဒင်စာ ဟောင်းစာတမ်းမှစ၍ လောကီပညာစာနှင့်စပ်ဆိုင်သည့်အမှု၊ နတ်ပူဇော်ကြိုဟ်ပူဇော်ပုဏ္ဏားနှင့်စပ်သည့်အမှု၊ နှစ်ဆယ့်လေး ဌာနဘုရား ဈေးပွဲအကောက်အခွန်မှုများကိုအတွင်းဝန် ဆောမြို့စား မင်းကြီး မဟာမင်းထင်သင်္ခယာ၊

(၆) ဆဋ္ဌမ ဝေပုံပါ ငွေတော်စပါး တော်နှစ်စာလစာ ပေး ပုရိသမေမမှု၊ အလှူတော်တွက်အလုပ်အဆောင်တွက်မှစ၍ ကြေး ငွေဆန်စပါး ပေးသုံးမှု၊ လက်ဝဲလက်ျာ ဥယျာဉ်တော်မှစ၍ ခမည်းတော်မင်းတရားကြီး ဘုရား အသစ်စိုက်ပျိုး ပြုစုတော်မူသည့်ဥယျာဉ်တော်များကိုစောင့်ရှောက်ထိန်းသိမ်းဆင့်ဆိုရန်အမှုများကိုအတွင်းဝန် ယောမြို့စား မင်းကြီး မင်းခေါင်ကျော်၊

(၇) သတ္တမ ဝေပုံပါနိုင်ငံတော်အတွင်း သဿမေဓ ကောက်ခံဆက်သွင်းရန်အမှု၊ နွားတော်ဘိုး ကျွဲတော်ဘိုး ငွေများ ပြင် ငွေတော်အကြွင်း အကျန်ရှိသည်များကိုစစ်ဆေး တောင်းခံရန်အမှုများကို ရွှေတိုက်ဝန် ဝန်စုပါလူတို့ကိုဆင့်ဆိုရန်အမှုများကိုအတွင်းဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်းကြီး မဟာမင်းထင်စည်သူ၊

(၈) အဋ္ဌမ ဝေပုံပါ ရွှေကြိုး သတ်နယ်အတွင်း အထက်ခမည်း တော်မင်းတရား

ကြီး ဘုရား လက်ထက် တော်အမိန့် တော်နှင့်ပိုင်း ခြား ထား သည့်ရာဇဝတ်မှု၊ ထွက် တော်မူဝင် တော်မူမှစ၍လမ်း ပန်း ရာဇမှတ် ရေအိုး ရေပြည့်တံခွန်ကုက္ကား ပုဆိုး ပဉ္စလိုက်ထူရန်များ ကိုဆင့်ဆိုရန်အမှု၊ သစ်ပျဉ် ဝါး ကြိမ်ဖျင် စောင်ပုဆိုး ထဘီများ ကိုထုပြက်လက်သစ် တောင်တို တောင်ရှည်စစ် ကြောဆင့်ဆိုရန်အမှု၊ အလေး တောင်း တင်း စဉ်း ချိန်ဆင့်ဆိုရန်အမှု၊ ပြည်ကံ ကျွေး သွေး မစွန်းစဏ္ဍာလါအမှုများ ကိုဆင့်ဆိုရန်အမှု၊ မြို့တွင်း မြို့ပြင်များ မှာရာဇဝတ် တော် ရေးကင်း လွတ်လုံခြုံ အောင်ကင်း ဝတ်ကင်း ပတ်လှည့်လည် စောင့်ထိန်း ရန်အမှု၊ ရွှေမြို့တော်ဆင် ခြေဖုံး ရွှေကြိုး သတ်နယ်အတွင်း ရာဇဝတ် တော် ရေး ကင်း လွတ်လုံခြုံ အောင် စောင့်ထိန်း ရန်အမှုများ ကိုမြို့ဝန်မြို့သာ့ြို့စား မင်း ကြီး မဟာမင်း လှမင်းခေါင်သူရိန်၊ မြို့ဝန်စုံး မြို့စား မဟာမင်း လှစည်သူ၊

(၉) နဝမ ဝေပုံပါ ရွှေပြည် တော်မှစ၍ နိုင်ငံ တော်အတွင်း မြို့ ကျေး ရွာများ က လွှတ် တော်တရား ရုံး တော်များ သို့ဆိုက် ရောက် လျှောက်ထား သည့်မှုခင်း တရား စကား မှု၊ တရား သူကြီး နှင့်တကွတရား အရာရှိတို့ကိုဆင့်ဆိုရန်အမှုများ ကိုဝန်ထောက်မင်း ကြီး သီရိမဟာရာဇာသင်္ကြံ၊

(၁၀) ဒသမ ဝေပုံပါ လှေ ဘောင်သ ဘော်ာသမ္ဗန်အမှုထမ်း တို့ကိုဆင့်ဆိုရန်အမှု၊ လုပ် ဆောင်ပြီး သေနတ်အ မြောက်ခဲယမ်း မီး ကျောက်မှစ၍ ရေ ကြောင်း စစ်သည်ရဲမက်တို့နှင့်ဆိုင်သည့်လက်နက်ကိရိယာမှု၊ လှေ တော် ဘောင် တော်သ ဘော်ာသမ္ဗန်များ ကို နေရာကျဆင့်ဆိုထိန်း သိမ်း ရန်အမှုများ ကိုဝန် ထောက်လှိုင်း တက်မြို့စား မင်း ကြီး မဟာမင်း ခေါင်သခ်ယာ၊

(၁၁) ဧကာဒသမ ဝေပုံပါနိုင်ငံခြား မင်း မှူး မတ်တို့နှင့်ဆက်လက်ကမ်း လှမ်း ဆင့်ဆိုမှာထား ထမ်း ရွက်ရန်အမှု၊ စကား ပြော ကြေး နန်း အလုပ်အ ဆောင်မှုများ ကိုဝန် ထောက် မြောင်လှမြို့စား မင်း ကြီး သီရိမဟာ ဇေယသူ၊

(၁၂) ဒွါဒသမ ဝေပုံပါတွဲဘက်ရုံး နှင့်စပ်ဆိုင်သည့်အမှု၊ ရွှေမြို့တော်ရှိသိုး ဆောင်း ပသီတရုပ်ကုလား လူမျိုး ခြား တို့နှင့်စပ်သည့်အမှုများ ကိုဝန် ထောက်ပဋ္ဌနဂိုရ်မြို့စား မင်း ကြီး မဟာမင်း ထင်ရာဇာ၊

(၁၃) တေရသမ ဝေပုံပါ ရွှေမြို့တော်ဆင် ခြေဘုံး ရွှေကြိုး သတ်နယ်တွင်း မှအပ

အဝေး ရာဇဝတ်မှု စော်ဘွား မြို့စား အဝေး မြို့ဝန် မြို့အုပ် မြို့ထိန်း တို့ကို မှာ
ထား ဆင့်ဆိုရန်အမှု၊ သတင်း စာတိုက်တည် ထောင်လုပ် ဆောင်ရန်အမှု၊ နိုင်
ငံတော်အတွင်း ကြီး ငိုး စိုး ငိုး မှု၊ နယ် မြေလုဆိုမှု၊ အစုစု ချင်း ချင်း ဖြစ်စေ
အစုနှင့်အသည်ဖြစ် စေလူလုဆိုမှုများ ကိုဝန် ထောက်မြို့သစ်မြို့စား မင်းကြီး မ
ဟာမင်း လှမင်း ခေါင်၊

(၁၄) စုဒ္ဒသမ ဝေပုံပါ သေနတ်အ မြောက်လုပ် စက်ကိရိယာ မှစ၍လက်နက်စက်ရုံ
အလုပ်မှု၊ သံဖိုကြီး ဒင်္ဂါး တိုက်ယက်ကန်း စက်ရုံမှစ၍အရပ်ရပ်စက်ရုံအလုပ်မှု၊
ပန်း ဘဲလက်သမား ပွတ်ခံတံစည်း တိုက်မှစ၍ စက်ရုံအလုပ်သည်ပညာသည်တို့ကိုဆင့်
ဆိုရန်အမှုများ ကိုဝန် ထောက်ရန် အောင်မြင်မြို့စား မင်းကြီး မဟာမင်းခေါင်
တို့ကအကြီး အချုပ်ပြုလုပ် စေ၍ ဝေပုံကျမင်း မှုတော်ရပ်ပြီး ပြေကုန်တွင်လွယ် အောင်
ဆင့်ဆိုစီရင်လုပ် ဆောင်ထမ်း ရွက်စေရန်သင့် ကြောင်း နှင့်အစည်း အဝေး ဝင်
မှူး မတ်တို့စုံညီညှိနှိုင်း ချက်ဆက်သွင်း သည့်အတိုင်း သင့်ပြီ။

11 November 1878

သက္ကရာဇ် ၁၂၄၀ ပြည့်တန် ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့နံနက်
ညီလါခံ ဗေါင်း တော် ဆောင်စနုတွင်အမိန့်တော်။
ရေနံချောင်း မင်းကြီး ၊ ခန်း ပတ်မင်းကြီး ၊ ကင်း ဝန်မင်းကြီး ၊ အတွင်း
ဝန်ဝက်မစွတ်မြို့စား မင်း ၊ အတွင်း ဝန် ဆောမြို့စား မင်း ၊ အတွင်း ဝန်
ယောမြို့စား မင်း ၊ အတွင်း ဝန် တောင်ခွင်မြို့စား မင်း တို့ရှေ့သံတော်ဆင့်
ဒေး ဝန်အကောက်ဝန်မင်း မှတ်၊ နား ခံ နေမျိုး စည်သူကျော် ခေါင်တွင်ပြန်။
(မျိုးကြည့်၊ ပု၊ ၁၂၁၁၊ လုံး တော် စါစု၊ ကုန်း ၊ တတိယ ၁၉၆၇၊ စါ၄ဝ၅-ဝ၊
လွှတ်မှတ် ၁၉၇၇ စါ၅-၇)

သာသနာပြုဖြစ်သော မင်းကောင်းမင်းမြတ်တို့မည်သည် ပရိယတ္တိသာသနာတော် ပဋိပတ္တိသာသနာတော် ပဋိဝေဓသာသနာတော်ဟူသော သာသနာတော်မြတ်သုံးပါး စည်ပင်ပြန့်ပွါးဖြစ်ထွန်းစေခြင်းငှါ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်သဖြင့် အကျင့်အာစာရသီလ ဝိသုဒ္ဓိဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ကို ရွေးချယ်စီစစ်၍ သာသနာပြုအပ်မြဲဖြစ်သည်နှင့်အညီ ခမည်းတော် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး လက်ထက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ဝိသာရဒဖြစ်သော တံဆိပ်တော်ရဆရာတော်ဆယ်ပါးကို ရွေးချယ်တော်မူ၍ သာသနာပြုသုဓမ္မာဝင်အပ်တော်မူသည်၊ သာသနာရေး သာသနာမှုဆိုသည့်အရာသည် လောကီအကျိုးစီးပွါးများ ထက်မြင့်မြတ်ကဲလွန်သော မဂ်ဖိုလ်နိဗ္ဗာန်၏အခြေမူလဘူတ လောကုတ္တရာအကျိုးစီးပွါးနှင့်စပ်ဆိုင်သည့်အရာဖြစ်၍ သာသနာရေး သာသနာမှုစီရင်ဆုံးဖြတ်ရန်ရှိသည်များကို တဦးတယောက်တည်း စီရင်ဆုံးဖြတ်ဆောင်ရွက်ရသည်ထက် တိပိဋကဓရ ဆေက၊ လဇ္ဇီ ပေသလ၊ သိက္ခာကာမဖြစ်သော ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်သူမြတ်အများ ညှိနှိုင်း တိုင်ပင်စီရင်ဆုံးဖြတ်ရလျှင် သာသနာမြတ်၏ဆူးညောင့်သဖွယ်ဖြစ်သော အေးရန်အပေါင်း ကင်းရှင်းပပျောက်သဖြင့် အတိုင်းထက်အလွန် စည်ပင်ထွန်းလင်း ကုန်ရာသည်၊ ငါအသျှင်ဧကရာဇ်မင်းမြတ်သည်လည်း သာသနာပြုမင်းကောင်းမင်းမြတ်တို့ဖြည့်ကျင့်ရွက်ဆောင်မြဲရာဇပြကတေ့ဓလေ့ထုံးစံနှင့်ညီစွာ သာသနာတော်မြတ်သုံးပါး ပြန့်ပွါးစည်ပင်ကြောင်းများကို အထူးသဖြင့်ရွက်ဆောင်တော်မူလိုသော မနောပဏီဓိရှိတော်မူသည်နှင့်အညီ ခမည်းတော် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး ဘုရားရွေးချယ်ခန့်အပ်တော်မူသော မဟာဝိသုတာရာမဆရာတော်၊ မဏ္ဍလာရာမဆရာတော်၊ မင်္ဂလာရာမဆရာတော်၊ စံကျောင်းဆရာတော် ဆရာတော်ကြီးလေးပါးတို့တွင် မဟာခေမိကာရာမဆရာတော်၊ တောင်တော်ဆရာတော်နှစ်ပါးကိုသွင်း၍ ဆရာတော်ကြီးခြောက်ပါး ၊ သက်ပန်းဆရာတော်၊ လှတွေဆရာတော်၊ ပုခန်းဆရာတော်၊ ဝိစိတ္တာရာမဆရာတော်၊ မဟာဝိဇိတာရာမဆရာတော်၊ မဟာဓမ္မဇောတိကာရာမဆရာတော်ခြောက်ပါး ၊ နှစ်ရပ်တံဆိပ်တော်ရဆရာတော်တဆယ့်နှစ်ပါးတို့ကို သာသနာပြုသုဓမ္မာဝင်အပ်တော်မူသည်၊ ရွှေပြည်တော်

မှစ၍နိုင်ငံတော်အတွင်း သီတင်းသုံး နေသည့်ရဟန်း သံဃာတို့တွင်ဓမ္မကံ ကြောင်း အလျောက်ဆုံး ဖြတ်စီရင်ရန်ရှိသည်များ ကိုသာသနာပြုသုဓမ္မာဝင်ဆရာတော်တ ကျိပ်နှစ်ပါး တို့ကဆုံး ဖြတ်စီရင်မြဲဆုံး ဖြတ်စီရင်စေ၊ အမိန့်တော်ပြန်တမ်း များ ကိုလည်း ထုံး စံရှိရာသုဓမ္မာတွင်ပြန်ဆိုစေ။

14 November 1878

သက္ကရာဇ် ၁၂၄၀ ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့ညီလာခံ ပေါင်း တော်ဆောင်စနုတွင်အမိန့်တော်၊ ရေနံချောင်း မြို့စား မင်း ကြီး ၊ ခန်း ပတ်မြို့စား မင်း ကြီး ၊ သေနတ်ဝန်ကင်း ဝန်လယ်ကိုင်း မြို့စား မင်း ကြီး ၊ အတွင်း ဝန်ဝက်မစွတ်မြို့စား မင်း ၊ အတွင်း ဝန်ဆောမြို့စား မင်း ၊ အတွင်း ဝန်ယောမြို့စား မင်း ၊ အတွင်း ဝန်ရွှေတိုက်ဝန်တောင်ခွင်မြို့စား မင်း တို့ ရှေ့သံတော်ဆင့်ဒေး ဝန်အကောက်ဝန်မင်း မှတ်၊ နား ခံနေမျိုး မင်း ထင် ကျော် ခေါ်တွင်ပြန်။

23 November 1878

သက္ကရာဇ် ၁၂၄၀ ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၁၅ ရက် နေ့တွင် သုဓမ္မာတွင်ပြန်။

(လွှတ်မှတ် ၁၉၇၇၊ စာ ၇–၈၊ လုံးတော် စာစု၊ ကုန်း၊ တတိယ ၁၉၆၇၊ စာ ၄၈၉–၉၀၊ သုရိယ၊ တွဲ ၁၆၊ မှတ် ၇၊ စက်တင်ဘာ ၁၉၃၂၊ စာ ၂၂)

ခမည်း တော်ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီး ဘုရား မကျန်း မမာ ဝေဒနာ
စွဲ ရောက် တော်မူသည့် နေ့က စ၍ နတ်ပြည်စံ တော်မူပြီး နောက်ခမည်း တော်ဘုရား
အလိုက်အရာ တော်ဖြစ်သော ရွှေထီး ရွှေနန်း ကိုသိမ်း မြန်း စိုး စံ တော်မူသည့်
တိုင်အတွင်း လျှို့ဝှက်ခဲ့ခက်သည့်အကြံအစည်အရေး အရာများ ကိုညှိနှိုင်း တိုင်ပင်စီ
ရင် ဆောင်ရွက်သည့်မှူး တော်မတ် တော်တို့မှာ ခမည်း တော်ပဉ္စမသင်္ဂါယနာတင်
မင်း တရား ကြီး ဘုရား ကျေး ဇူး သစ္စာ တော်ငါအသျှင်ဧကရာဇ်မင်း မြတ် ကျေး
ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရိုသေစွာတိုင်း နေပြည်သူရှင်လူအပေါင်း တို့
ငြိမ်ဝပ်ချမ်း သာ ကြောင်း သာသနာ တော်မဆုတ်မယုတ်တိုး တက်စည်ပင်ပွင့်လင်း
ကြောင်း ငါအသျှင်ဧကရာဇ်မင်း မြတ်မှ စ၍သား တော်အစဉ် မြေး တော်အဆက်
မြစ် တော်အဆွန့်အဖွန့်ရှည်စွာတိုင်း ပြည်နိုင်ငံသာယာဝ ပြောစွာတ နေ့တခြား
တိုး ပွါး ကြီး ကျယ်ဖြိုး ခိုင် ကြောင်း များ ကိုကြံစည်အါး ထုတ်ဆင့်ဆိုစီရင်ထမ်း ဆောင်
ကြသူများ ဖြစ်၍ ရွှေး ဘား လောင်း တော်ဘိုး လောင်း တော်တို့ ရွှေထီး ရွှေနန်း
တက်သိမ်း စံပယ် တော်မူလျှင်အမှု တော်ကို ကောင်း မွန်စွာထမ်း ရွက်သည့်ရဲ တော်
ကျွန် တော်မျိုး တို့ကိုအထူး ဆုသနား တော်မူမြဲဖြစ်သည်နှင့်အညီအမှု တော်ကိုမ သွေမ
ဖည် ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး ပမ်း အား ထုတ်ထမ်း ဆောင်သည့်အဖြစ်ထင်ရှား
အောင်ထမ်း ရည်ရွက်ရည်အင်ကို ထောက်၍ ချီး မြှောက်သူ ကောင်း ပြု တော်မူသင့်
သည့်အတိုင်း ရေနံ ချောင်း မြို့စား ဝန်ကြီး သတိုး မင်း ကြီး မဟာမင်း လှမင်း
ခေါင် ကျော်၊ ခန်း ပတ်မြို့စား ဝန်ကြီး သတိုး မင်း ကြီး မင်း လှမဟာဥဇနာတို့
ကိုပတ္တမြား တရစ်စီအခွေး ခုနစ်တန့် ရွှေ တောင် ဝှေး နှင့်မိုး ကြိုး တ ကောင်း
ဖုံး သနား တော်ခံ စေ၊ လယ်ကိုင်း မြို့စား သေနတ်ဝန်ကြီး သတိုး မင်း ကြီး မဟာ
မင်း လှစည်သူ ကျော်ကိုသတိုး သုဓမ္မာ မဟာသက် တော်ရှည်ဘွဲ့နှင့်မိုး ကြိုး တ ကောင်း
ဖုံး သနား တော်ခံ စေ၊ ဝက်မစွတ်မြို့စား သတိုး မင်း ကြီး မင်း လှမဟာမင်း
ခေါင်သီဟသူကိုဝန်ကြီး သတိုး မင်း ကြီး မဟာသီရိစည်သူ၊ သတိုး မင်း ကြီး မဟာ
မင်း လှမင်း ခေါင် ကျော်၊ သတိုး မင်း ကြီး မင်း လှမဟာဥဇနာ၊ သတိုး သုဓမ္မ
မဟာသက် တော်ရှည်တို့နှင့်ဖက်၍ ဝန်ကြီး ခန့်၊ ဝက်မစွတ်မြို့စား ဝန်ကြီး သတိုး မင်း
ကြီး မင်း လှမဟာမင်း ခေါင်သီဟသူကို လောင်း ရှည်မြို့စား ဝန် ကြီး သတိုး မင်း

ကြီး မဟာသီရိစည်သူနည်း အစီး အနင်း အဆောင်အရွက်နှင့်တနှစ်လျှင်ရံပုံတော်
ငွေ၁၂၀၀၀သနား တော်ခံစေ၊ အတွင်း ဝန်ရွှေတိုက်ဝန် တောင်ခွင်မြို့စား
မင်းကြီး မဟာမင်းထင်စည်သူကိုသတိုး မင်းကြီး မဟာမင်းထင်စည်သူဘွဲ့နှင့်
သနား တော်မြတ်ခံရရင်း ရံပုံတော်ငွေ၆၀၀၀တွင်၂၄၀၀တိုး၍တနှစ်လျှင်
ရံပုံတော်ငွေ၈၄၀၀သနား တော်ခံစေ၊ လှိုင်းတက်မြို့စား မင်းကြီး မဟာ
မင်း ခေါင်သင်္ခယာကိုအတွင်း ဝန်မင်းကြီး မဟာမင်းထင်သင်္ခယာ၊ မင်းကြီး
မင်း ခေါင်ကျော်၊ သတိုး မင်းကြီး မဟာမင်းထင်စည်သူတို့နှင့်ဖက်၍အတွင်း ဝန်
ခန့်၊ အတွင်း ဝန်လှိုင်းတက်မြို့စား မင်းကြီး မဟာမင်း ခေါင်သင်္ခယာကိုအတွင်း
ဝန်ဆောမြို့စား မင်းကြီး မဟာမင်းထင်သင်္ခယာနည်း အစီး အနင်း အဆောင်
အရွက်နှင့်တနှစ်လျှင်ရံပုံတော်ငွေ၆၀၀၀သနား တော်ခံစေ၊ မြို့ဝန်မြို့သာမြို့စား
မင်းကြီး မဟာမင်းလှမင်း ခေါင်သူရိန်ကိုကတ္တီပါအုံး ဝန်း မိုးကြိုး ထွေး ခံသ
နား တော်ခံစေ၊ မြို့ဝန်စုံး မြို့စား မဟာမင်းလှစည်သူကိုမင်းကြီး ဇေယဂါမဏိဘွဲ့
နှင့်သနါး တော်မြတ်ခံရရင်းရန်ပုံတော်ငွေ၃၆၀၀တွင်၂၄၀၀တိုး၍တနှစ်လျှင်ရံပုံ
တော်ငွေ၆၀၀၀သနား တော်ခံစေ၊ ဝန်ထောက်မြောင်လှမြို့စား မင်းကြီး
သီရိမဟာဇေယျသူကိုကတ္တီပါအုံး ဝန်း သနား တော်ခံစေ၊ သနား တော်မြတ်ခံ
ရရင်း ရံပုံတော်ငွေ၃၆၀၀တွင်၂၄၀၀တိုး၍တနှစ်လျှင်ရံပုံတော်ငွေ၆၀၀၀
သနား တော်ခံစေ၊ ဝန်ထောက်ပတ္တနဂိုရ်မြို့စား မင်းကြီး မဟာမင်းထင်
ရာဇာ၊ ဝန်ထောက်မြို့သစ်မြို့စား မင်းကြီး မင်းလှမဟာမင်း ခေါင်၊ ဝန်
ထောက်ရန်အောင်မြင်မြို့စား မင်းကြီး မဟာမင်းလှမင်း ခေါင်ရာဇာတို့ကို
ဗောင်း ကတ္တီပါနီ ရွှေသား ပန်း ၁၂၊ ရွှေနား တောင်း မီး တွင်း၊ ကတ္တီပါဝတ်လုံ
ဘဲရံ ရွှေဖျင်တမိုက်တဆင့်တပ်၊ ရွှေစလွယ်၁၂သွယ်အစီး အနင်း အဆောင်အရွက်နှင့်
သနား တော်မြတ်ခံရရင်း ရံပုံတော်ငွေ၃၆၀၀တွင်၂၄၀၀တိုး၍တနှစ်လျှင်ရံ
ပုံတော်ငွေ၆၀၀၀အသနား တော်ခံစေ၊ သံတော်ဆင့်ဒေး ဝန်း အကောက်ဝန်
အတွင်း ခြောက်စုသေနတ်စာရေး ကြီး မဟာမင်းထင်ကျော်ကိုပေါက်မြိုင်မြို့ကိုမြို့
စား သနား တော်ခံစေ၍သနား တော်မြတ်ခံရရင်း ရံပုံဃော်ငွေ၃၆၀၀တွင်
၁၂၀၀တိုး၍တနှစ်လျှင်ရံပုံတော်ငွေ၄၈၀၀သနား တော်ခံစေ၊ သံတော်ဆင့်

23 November 1878

အမြောက်ဝန်မင်း ထင်ရာဇာကျော် ခေါင်ကိုမဟာမင်းထင်မင်းခေါင်ဘွဲ့နှင့် သနား တော်မြတ်ခံရရင်း ရန်ပုံတော်ငွေ ၃၆၀၀တွင် ၁၂၀၀တိုး၍တနှစ်လျှင် ရန်ပုံတော်ငွေ ၄၈၀၀သနား တော်ခံစေ၊*မိုးနဲတပ်နား ခံမြေနဲမြို့စား မင်းကြီး မင်းလှမဟာမင်း ခေါင်ကိုမြင်းစုကြီး ဝန်အရာနှင့်လဲ၍ကင်းဝန်ခန့်၊ လက်ဝဲဝင်းမှူး ကျောက်ပန်းတောင်းမြို့စား မဟာမင်းလှမင်းခေါင်ကျော် ထင်ကိုသူရဲဝန်အရာကနှုတ်၊ မဟာမင်းခေါင်ကိုမြင်းစုကြီးဝန် ခန့်၊ မဟာမင်း လှမင်းထင်ကျော်ခေါင်ကိုသူရဲဝန်ခန့်၊ လက်သုံးတော်ကိုင်ရနေ့ခေါင်မြို့စား မင်း ထင်ရာဇာကို မြောက်ဒဝယ် သေနတ်ဗိုလ်ခန့်၊ လက်သုံးတော်ကိုင်ကျောက်ပန်း တောင်းမြို့စား မင်းထင်သင်္ခယာကို တောင်ဒဝယ် သေနတ်ဗိုလ်ခန့်၊ အထက်ဗိုလ် တို့နည်း ရွှေထီး သနား တော်ခံစေ၊ ဘောင်ဝန်မင်းကြီး မဟာမင်းထင်၊ စို့ လေးဆယ်ဒိုင်းဝန်ပုဂံမြို့ဝန်မဟာမင်းခေါင်သင်္ခယာတို့ကိုသနား တော်မြတ်ခံ ရရင်း ရန်ပုံတော်ငွေ ၃၆၀၀တွင် ၁၂၀၀တိုး၍တနှစ်လျှင် ၄၈၀၀စီရန်ပုံတော် ငွေနှင့် ရွှေထီး သနား တော်ခံစေ၊ လက်သုံးတော်ကိုင်ပင်းသာမြို့စား မဟာမင်း လှသင်္ခယာကိုသနား တော်မြတ်ခံရရင်း ရန်ပုံတော်ငွေ ၁၂၀၀တွင် ၁၂၀၀တိုး၍ တနှစ်လျှင် ၂၄၀၀ရန်ပုံတော်ငွေနှင့် ရွှေထီး သနား တော်ခံစေ၊ သံတော်ဆင့် အမှုဝန်ရဲဘက်မြင်းစာရေးကြီး မင်းကျော်ပြာရှပ်ကိုသနား တော်မြတ်ခံရရင်း ရန်ပုံတော်ငွေ ၁၂၀၀တွင် ၁၂၀၀တိုး၍တနှစ်လျှင် ၂၄၀၀သနား တော်ခံစေ၊ ရွှေပြည်ရန်အောင်မြင်းဝန်အလုံမြို့ဝန်ကိုမင်းကြီး မဟာသက်တော်ရှည်ဘွဲ့လဲ၍အ ထက်သနား တော်မြတ်ခံရရင်း မင်းကြီး မဟာသမိန်ဘရမ်းဘွဲ့နှင့်သနား တော် ခံစေ။

23 November 1878

သက္ကရာဇ် ၁၂၄၀ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၁၅ရက်နေ့ တောင်နန်းတော်တွင်အမိန့်တော်၊ ရေနံချောင်းမြို့စား ဝန်ကြီး၊ ခန်းပတ်မြို့စား ဝန်ကြီး၊ လယ်ကိုင်းမြို့စား ဝန်ကြီး၊ အတွင်းဝန်ဝက်မစွတ်မြို့စား မင်းရွှေသံတော်ဆင့် ဒေးဝန်အကောက်ဝန်မှတ်။

24 November 1878

သက္ကရာဇ် ၁၂၄၀ပြည့်နတ်တော်လဆန်း ၁ရက်နေ့နား ခံနေမျိုးစည်သူကျော်ခေါင်တွင်ပြန်။

(ကြယ်မှတ် * နေရာမှစ၍ အောက်ပိုင်း စာပိုဒ်များ မှာလုံး တော်စာစု၌သာ ပါသည်)

(လုံး တော် စာစု၊ လွှတ်မှတ်၁၉၇၇၊ စာ၈-၁၀၊ ကုန်း ၊ တတိယ၁၉၆၇၊ စာ၄၉၂-၄)

သုခမဟာသာလကိုသဋ္ဌေး ခန့်၊ မဟာသီရိသုခ သေဋ္ဌအနာတပိဏ်တွင် စေ၊ ဘောဂမဟာသာလကိုသဋ္ဌေး ခန့်၊ မဟာဘောဂ သေဋ္ဌသီရိရာဇာတွင် စေ၊ သဋ္ဌေး မဟာသီရိသုခ သေဋ္ဌအနာတပိဏ်၊ မဟာဘောဂ သေဋ္ဌသီရိရာဇာတို့ကိုသဋ္ဌေးတို့ နည်း အစီး အနင်း အဆောင်အရွက်သနား တော်ခံ စေ။

5 December 1878

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တော်သလဆန်း ၁၂ ရက် နေ့ နနက်ညီလါခံ ပေါင်းတော် ဆောင်စနုတွင်အမိန့်တော်၊ ရေနံချောင်း မြို့စား မင်းကြီး ၊ သေနတ်ဝန်မင်းကြီး ၊ ဝက်မစွတ်မြို့စား မင်းကြီး ၊ ယောမြို့စား အတွင်းဝန်မင်း ၊ ဆောမြို့စား အတွင်းဝန်မင်း ၊ ရွှေတိုက်အတွင်းဝန် တောင်ခွင်မြို့စား မင်းတို့ ရှေ့သံတော်ဆင့် ဒေးဝန်အကောက်ဝန်မဟာမင်းထင်မင်း ကျော်မှတ်။

5 December 1878

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တော်သလဆန်း ၁၂ ရက် နေ့သံတော်ဆင့် ဒေးဝန် အကောက်ဝန်အတွင်း ခြောက်စု သေနတ်စါရေးကြီး မဟာမင်းထင်မင်း ကျော် ထွင်ပြန်။

(လုံး တော် စါစု)

အနောက်အတွင်း တော်တွင်ဆင့်ဆိုထိန်း သိမ်း စောင့်ရှောက်ရန်ရှိသည်များ ကို အနောက်ဝန် လေး ယောက်ခန့်ထား၍ မင်း မှုတော်ရပ် ပြေကုန် အောင်ထိန်း သိမ်း စောင့်ရှောက်ထမ်း ဆောင်မြဲရှိသည်ကိုအထက်ခန့်ထား သည့်အနောက်ဝန် အများ ဖြစ်လျှက်ထမ်း ဆောင်သင့်သမျှမင်း မှုတော်ရပ်မပြေမကုန်လစ်လပ်သည့် အရာများ ပြား ရှိသည်ဖြစ်၍အနောက်အတွင်း တော်မှာ နေ့ညမြဲ စွဲအား ထုတ်ထမ်း ဆောင်သူအနောက်ဝန်မင်း ကျော်သီရိရာဇာ၊ နေမျိုး သီရိ ကျော်ထင်၊ မင်း ကျော်သီဟရာဇာတို့ပြင်ကျန်အနောက်ဝန်တို့ကို နှုတ်ပြီး လျှင် နောက်ဝန်း ကျင်ဝန် မင်း လှနရာသူကို နောက်ဝန်း ကျင်ဝန်အရာမလဲမပြောင်း အနောက်ဝန်ခန့်ထား ရန်သင့်ကြောင်း များ နှင့်အစည်း အဝေး ဝင်မှူး မတ်တို့စုံညီညှိနှိုင်း ချက်ဆက်သွင်း သည့်အတိုင်း အနောက်ဝန်မင်း ကျော်သီရိရာဇာ၊ နေမျိုး သီရိ ကျော်ထင်၊ မင်း ကျော်သီဟရာဇာတို့ပြင်ကျန်အနောက်ဝန်တို့ကိုအရာကနှုတ်၊ နောက်ဝန်း ကျင်ဝန် မင်း လှနရာသူကိုအနောက်ဝန်ခန့်၊ ရွှေဝင်း တော်မှူး ရတနာသိဃ်မြို့ဝန်ရဲဘက် မြင်း ဝန်မင်း ကြီး မဟာမင်း ခေါင်ကျော်စွာ အောက်မြစ်စဥ်စစ်ကဲမလွန် မြေထဲ သရက်မကွေး လေး မြို့ဝန်မင်း ကြီး မဟာမင်း လှမင်း ထင်နရာသူတို့ကို ရွှေမျက် နှာတော်ကိုအဘူး အမြှော် ရွှေဘဝါး တော် အောက်လာစေ။



သက္ကရာဇ် ၁၂၄၀ ပြည့်နတ်တော်လဆန်း ၁၃ ရက် နေ့နနက်ညီလာခံ ပေါင်း တော် ဆောင်စနုတွင်ဝန်ရှင်တော် ရေနံချောင်း မြို့စား ဝန်ကြီး ၊ သေနတ်ဝန် လယ်ကိုင်း မြို့စား ဝန်ကြီး ၊ ဝက်မစွတ်မြို့စား ဝန်ကြီး ၊ အတွင်း ဝန် ယော မြို့စား မင်း ၊ အတွင်း ဝန် ရွှေတိုက်ဝန် တောင်ခွင်မြို့စား မင်း ၊ အတွင်း ဝန်လှိုင်း တက် မြို့စား မင်း တို့ ရှေ့သံ တော်ဆင့် ဒေး ဝန်အကောက်ဝန်အတွင်း ခြောက် သေနတ် စာရေး ကြီး ပေါက်မြိုင်မြို့စား မင်း မဟာမင်း ထင် မင်း ကျော်မှတ်။

(လုံး တော် ဒါစု)

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း ဆင်းရဲသား ကျွန်တော်မျိုးတို့မှာ ရာဇ
ဝတ်တရား စကားမှုများကိုစွဲ၍ ဆင်းရဲငြိုငြင်နစ်နာပင်ပန်းခြင်း နှစ်ပါး
ဖြစ်ရာသည်၊ တရားရာဇဝတ်မှုများကို စစ်မေးစီရင်သည့် မှူးမတ်အရာရှိ
အကြီးအအုပ်တို့က တဘက်အမှုသည်တို့ တံစိုး ဂတိကို ငဲ့ကွက်၍ လက်မရှည်ပြီး ပြတ်သင့်သည့်
အမှုကို ကာလရှည်လျား ကြာကြာ အောင်ပြုလုပ်ရန်တချက်၊ စီရင်ဆုံးဖြတ်သူ အဆင့်ဆင့်
များပြား၍ တရားမပြီး မပြတ်နိုင် လက်ရှည်ကြာဖြစ်ရန်တချက်၊ နှစ်ချက်အ
ကြောင်းများ ကြောင့် စရိတ်ကြေး ငွေပိုမိုကုန်ကျ ဆင်းရဲငြိုငြင်နစ်နာပင်ပန်း
ဖြစ်ရခြင်း၊ တရားရာဇဝတ်မှုများကို ကျယ်ပွါး အောင်ပြုလုပ်ပြီး လျှင်ကျကုန်
သင့်သမျှ တရားဝင်စရိတ်ထက်ပိုမိုသာလွန်၍ စစ်မေးစီရင်သူအကြီး အအုပ်တို့
ချွေထွင်တောင်းခံစားယူသောကြောင့် အမှုသည်တို့ ဆင်းရဲငြိုငြင်နစ်နာပင်ပန်း
ဖြစ်ရခြင်း၊ သည်ကဲ့သို့ ပြည်သူ ဆင်းရဲသားတို့မှာ တရားဥပဒေမသေမဝပ်နေ
ရာကျ ပြဌာန်း ပိုင်းခြားထားသည့်အရာမရှိ၊ အလိုရှိရာ စစ်မေးစီရင်ပြု
လုပ်ကြသောကြောင့် အမှုမကျယ်ပွါး တန်ကျယ်ပွါး စရိတ်ကြေး ငွေမကုန်ကျ တန်ကုန်ကျ
ဆင်းရဲငြိုငြင်နစ်နာပင်ပမ်းခြင်းများ စွာဖြစ်ကြရသည်၊ ရေမြေသနင်း မင်း
ကေရာဇ်ဆိုသည့်အရာသည် ကပ်ဦး မဟာသမတမင်း မှစ၍ ပြည်သူတို့တွင် တဦး နှင့်
တဦး လုယူစား ပေါက်စား မတရားသဖြင့်ပြုသည့်အရာ မတော်မမှန်မဖြောင့်
မသား စဉ်းလဲစည်းစား ပြုလုပ်မှုခင်း ရှုပ်ထွေး ရှိသည့်အရာများကို စိတ်ဖြာ
ဝေဘန်ရှင်းလင်း ခွဲခြမ်း၍ တရားနှင့်အညီ စီရင်ဆုံးဖြတ်စိမ့်သောငှါ ဆယ်နိုင်
တနိုင် ဆယ်နှံ့တနှံ့ သဿမေဓ ဒသမဘာဂ အခွန်အတုတ်များကို ပြည်သူအပေါင်းတို့ ညီညာ
စုရုံး ဆက်သကြသည်နှင့်အညီ ရာဇဓမ္မ လောကအကြောင်း သုံးပါးကို နှံ့သိကြေပွန်လိမ်
မာမြော်မြင်သော မှူးမတ်ပညာရှိတို့ကို ကိုယ်တော်မြတ်အစား လွှဲထား တော်မူ၍
တိုင်းပြည်နိုင်ငံနေ ပြည်သူအပေါင်းတို့ မှုခင်း အရှုပ်အထွေး ပြည်ရေး ရွာမှု ခပ်
သိမ်းသော စီရင်ခင်း စီရင်ဘွယ်ရှိသည်များကို မမေ့မလျော့ မလစ်မလပ် အထူး
သဖြင့် အားထုတ်ရွက်ဆောင်တော်မူမြဲဖြစ်သည်၊ ငါအသျှင်ကေရာဇ်မင်း မြတ်သည်
လည်း ကပ်ဦး မဟာသမတစသော ရှေးမင်းကောင်း မင်းမြတ်တို့ကဲ့သို့ တိုင်းပြည်
နိုင်ငံကို တရားသဖြင့် ထိန်းသိမ်းစောင့်ရှောက်မည် ရည်သန်ပြဌာန်း တော်မူ

ရင်း ရှိသည်ဖြစ်၍ မှူး မတ်ပြည်သူအပေါင်း တို့ညီညာကြူး ပမ်း ဆောင်စွမ်း ခြီး ပင့်အပ် သောဘုန်း ကံပါရမီ တော်နှင့်ပြည့်စုံ တော်မူ သောသာသနာပြုမင်း ကောင်း မင်း မြတ်ဖြစ်သည်နှင့်အညီတိုင်း ပြည်နိုင်ငံ တော်အတွင်း ဆင်း ရဲသား ကျွန် တော်မျိုး တို့တရား ရာဇဝတ်မှုများ ကိုစွဲ၍ စရိတ် ကြေး ငွေ ပိုမိုကုန်ကျလ ရက် ရှည်ကြာ နစ် နာ ပင်ပန်း မရှိအမှုအား လျော့စွာပြီး ငြိမ်ပြတ်စဲလွယ်သဖြင့်လုပ်စား ဆောင် စား စီး ပွါး ဖြစ်ထွန်း ချမ်း သာငြိမ်ဝပ် အောင်တရား ရာဇဝတ်ဥပဒေအ သေအချာထား ၍ ပိုင်း ခြား ဆုံး ဖြတ်စီရင်ရန် ရှိသည်မှာသာသနာ တော် ရေး နှင့်တကွတိုင်း ရေး ပြည်မှုစီရင်ခင်း စီရင်ဘွယ်ရှိသည်များ ကိုတရား နှင့်အညီ နေရာကျစီရင် ဆောင်ရွက် စေမည်၊ ရာဇဓမ္မ လောကအရာလိမ်မာ ဖျော်မြင်သ ဖြင့်လက်ရုံးနှလုံးသတ္တိ ဗျတ္တိအင်နှင့်ပြည့်စုံသည်ဖြစ်၍ကိုယ် တော်မြတ်အစား လွှဲထား တော်မူ သောအစည်း အဝေး ဝင်မှူး တော်မတ် တော်တို့ကိုညှိနှိုင်း ပြောဆို စေ ရာပြည်သူတို့ဖြစ်ပွါး ကြသည့်တရား ရာဇဝတ်မှုများ ရှည်လျား ကြာကြာမရှိ စေရ တရား တန့်ရပ်ပြီး ပြတ်လွယ်ရန်အချက်၊ တရား တက်ဦးကျ ပူဇော်ရေး လုလင်မှ စ၍အရပ်ရပ်တရား ဝင်စရိတ်ကျကုန်ရန်ရှိသည်များ ကိုအမရပူရမြို့တည်နန်း တည် ဘား တော်မင်း တရား ကြီး လက်ထက် တော်သက္ကရာဇ် ၁၁၄၃ ခု [1781] ထုတ် ပြန် တော်မူသည့်အမိန့် တော်၊ ၎င်းတနာ ပုံမြို့တည်နန်း တည်ပဉ္စမသင်္ဂါယနာတင် ခမည်း တော်မင်း တရား ကြီး လက်ထက် တော်သက္ကရာဇ် ၁၂၁၅ ခု [1853] ထုတ်ပြန် တော်မူသည့်အမိန့် တော်များ တွင်နည်း လွန်း သည့်အရာများ လွန်း သည့်အရာ များ ကိုပိုမိုယုတ် လျော့ မရှိ စေရညှိနှိုင်း ပြင်ဆင်နှုတ်ပယ်ဖြည့်သွင်း သည့်အချက်၊ မှုခင်း ဖြစ်ပွါး သည့်ပြည်သူတို့မှာအ တောင်း အခံမရှိလွတ်ငြိမ်း စေရန်အချက်၊စီ ရင်ပြတ်စဲပြီး အမှုသေဝပ်ပြီး ပြတ်လွယ် အောင်ပြဋ္ဌာန်း ပိုင်း ခြား ချက်၊ တ ရား ရာဇဝတ်မှုများ ကိုစစ် ဆေး စီရင်ရသည့်မှူး မတ်အရာရှိတို့ စောင့်ရှောက် ထိန်းသိမ်းရန်အချက်၊ စေါင့်ရှောက်ထိန်းသိမ်းရန်ပြဋ္ဌာန်းပိုင်းခြားသည့်ဥပဒေကိုမတည် ကြူးလွန်လျှင်စီရင်ရန်အချက်၊ ဥပဒေအချက်ဂဏထား၍ ပိုင်းခြားဆုံးဖြတ်စီရင်ရလျှင်တရား ရာဇဝတ်မှုဖြစ်ပွါး သည့်ပြည်သူတို့ဆင်း ရဲငြိုငြင်နစ်နာပင်ပမ်း မရှိအထူး သဖြင့် ချမ်း သာငြိမ်ဝပ်ရန်၎င်း ကြောင်း နှင့်အစည်း အဝေး ဝင်မှူး မတ်တို့စုံညီညှိနှိုင်း

ပြဋ္ဌာန်း ပိုင်း ခြား ဥပဒေ ရေး သား ဆက်သွင်း ချက်အတိုင်း သင့်ပြီ။

9 December 1878

သက္ကရာဇ် ၁၂၄၀ပြည့်နတ် တော်လပြည့် ကျော် ၁ ရက် နေ့ နံနက်ညီလာခံ ပေါင်း တော် ဆောင်စနုတွင်ဝန်ရှင် တော် ရေနံ ချောင်း မြို့စား ဝန်ကြီး ၊ နန်း ပတ်မြို့စား ဝန်ကြီး၊ သနတ်ဝန် · လယ်ကိုင်း မြို့စား ဝန်ကြီး ၊ ဝက်မစွတ် မြို့စား ဝန်ကြီး၊အတွင်း ဝန် ယောမြို့စား၊အတွင်း ဝန် ရွှေတိုက်ဝန် တောင်ခွင် မြို့စား မင်း၊ အတွင်း ဝန်လှိုင်း တက်မြို့စား မင်းတို့ရှေ့သံ တော်ဆင့် ဒေး ဝန် အကောက်ဝန်အတွင်း ခြောက်စု သေနတ်စာ ရေး ကြီး ပေါက်မြိုင်မြို့စား မင်း မဟာမင်း ထင်မင်း ကျော်မှတ်။

(လုံး တော် စါစု)

လှေသင်း အစုမှာလူ ၄၀၀ ပြည့် အောင်ထမ်း ရွက်စေပြီး လျှင် လှေတစင်း လျှင် လူ ၅၆ စီပြင်ဆင်ဘွဲ့စည်း ထမ်း ရွက် စေရမည်ဖြစ်၍ လှေသင်း မှုနှင့်စပ်ဆိုင်သည် များ ကိုတွင်ကုန် အောင်ထမ်း ရွက် စေရန်အထက်ရှိရင်း လှေသင်း စာရေး ငသာထွန်း ၊ ငတရုပ်တို့ပြင် လေး ယောက်ပြည့်မီ အောင် လှေသင်း စာရေး ဟောင်း ငရွှေမြတ်၊ စာရေး တော်ငကူး တို့ကို လှေသင်း စာရေး ခန့်ထား ရန်သင့် ကြောင်းအစည်း အဝေး ဝင်မှူး မတ်တို့စုံညီညှိနှိုင်း ချက်ဆက်သွင်း သည့် အတိုင်း ငရွှေမြတ်၊ ငကူး တို့ကို လှေသင်း စာရေး ခန့်။

15 December 1878

သက္ကရာဇ် ၁၂၄၀ ပြည့်နတ်တော်လပြည့်ကျော် ရရက်နေ့ တောင်နန်း တော် တွင်အမိန့်တော်၊ အတွင်း ဝန် ယောမြို့စား မင်း ၊ ရွှေတိုက်အတွင်း ဝန် တောင် ခွင်မြို့စား မင်း ၊ အတွင်း ဝန်လှိုင်း တက်မြို့စား မင်း တို့ ရွှေသံ တော်ဆင့် ဒေး ဝန်အကောက်ဝန်၊ အတွင်း ခြောက် သေနတ်စာရေး ကြီး ပေါက်မြိုင်စား မဟာမင်း ထင်မင်း ကျော်မှတ်။

(လုံး တော် စါစု)

အစည်း အဝေး ဝင်မှူး မတ်တို့ညှိနှိုင်း ရွေး ချယ်ရာ ရွှေမြို့တော် နောက်ပြင် ရွှေတ ချောင်း အရှေ့ဘက် ဂျုံစက်ရုံ ဝင်း ကိုသူရဲ ဝန်မဟာမင်း တင်မင်း လှ ကျော် ခေါင်၊ သင်္ဘောလက်သမား ဆရာငကြွက်ရတ် နေရင်း ဝင်း အိမ်ကို ဘောင် ဝန်မင်း ကြီး မဟာမင်း တင်၊ ဂေါဝိန်တံခါး အတွင်း မိုင်း လုံမြို့စား ဟောင်း မင်း သမီး ဝင်း ခြံကိုလက်သုံး တော်ကိုင်ပင်း သာမြို့စား မင်း လှသခ်ယာ၊ ---ဝင်း အိမ်ကိုလက်သုံး တော်ကိုင် ရေနံ့သာမြို့စား နေမျိုး မင်း လှရာဇာ၊ ---ရပ်ရှိငတက်ဝင်း အိမ်ကိုလက်သုံး တော်ကိုင် ခေါသဏ္ဍီမြို့စား နေမျိုး မင်း လှသီရိ၊ တရုပ်တန်း ရပ်ရှိခုနစ်ရွာမိဘုရား ဟောင်း တည်လုပ်သည့်တိုက်အိမ်ကို သဋ္ဌေး မဟာသီရိဓနသိဒ္ဓိတို့ကသနား တော်ခံစေ။

18 December 1878

သက္ကရာဇ် ၁၂၄၀ပြည့်နတ်တော်လပြည့် ကျော် ၁၀ရက် နေ့ တောင်နန်း တော်တွင်အမိန့်တော်၊ ယောမြို့စား အတွင်း ဝန်မင်း၊ ရွှေတိုက်အတွင်း ဝန်မင်း ၊ လှိုင်း တက်မြို့စား အတွင်း ဝန်မင်း တို့ရှေ့သုံ တော်ဆင့် ဒေဝန်အကောက် ဝန် ပေါက်မြိုင် ( မြို့စား ) မဟာမင်း ထင် ကျော်မှတ်။

( လုံး တော် စာစု )

14 December 1878

သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တော်လပြည့်ကျော် ၆ ရက်နေ့ တောင်ဥယျာဉ်တော် အစည်းအဝေး ရုံတော်တွင် ပထမတွဲ၊ ဒုတိယတွဲ အစည်းအဝေး ဝင်မှူး မတ်တို့ စုံညီညီနှိုင်း ပြဋ္ဌာန်းချက်ဘုရား ၊

ဗိဋကတ်တော်မ၊ စာကြည့်စာပြင်ဆရာတော်သံဃာတော်များနှင့်တကွလွှတ်တော်ရုံး တော်အသီးအသီး မြန်မာဝေါဟာရပရိဘာသာလိုက်နာရေးသားရန်ရှိသည်များ တွင်အသတ်ကာရန်ရေးနည်းများမှာလိုက်နာရန်ရွာကြီးဆရာတော်ဝဏ္ဏဖေါ်ဓနေသတ်အင်း ၊ သံတော်ဆင့်စိန္တကျော်သူက ဝိလက္ခဏာယ် ပေါက်လင်္ကာ စာကိုယ်၊ ၎င်းသတ်အင်း အတိုကောက်၊ ပင်းဆရာတော်ရတနာကြေးမုံသတ်ပုံစာကိုယ်၊ မကွေးမြို့စား ဂန်ထောက်သတ်ထူး ၊ စာရေးတော်ခေါင်းအမှာရေးတဘက်ပြဆကာရန္တသတ်ပုံ၊ အပင့်အရစ်ရေးနည်းများမှာလိုက်နာရန်ညောင်ကန်ဆရာတော်ကဗျာသာရတ္ထသင်္ဂဟသတ်ပုံစာကိုယ်၊ ၎င်းသတ်အင်း အတိုကောက်၊ အသတ်ကာရန်အပင့်အရစ်အသီးအသီး လိုက်နာရန်တွင်းသင်းတိုက်ဝန်သတ်ညွှန်း ၊ သံတော်ဆင့်စိန္တကျော်သူသတ်ညွှန်း၊ ရတနာကြေးမုံသတ်ညွှန်း ၊ ရှင်လင်္ကာသာရ၊ ဝိဘတ္တတ္ထဋ္ဌပိတ ခွဲထား ၊ လယ်ကိုင်းမြို့စား သေနတ်ဝန်ကြီး အလုံဝန်သပြေငါး ရွာစား အဖြစ်နှင့်ထမ်း ရွက်စဉ် ကောက်နှုတ်စုဆောင်း သောခွဲထား ၊ အတွင်းဝန် ယောမြို့စား သံတော်ဆင့် လယ်ဝန်အဖြစ်နှင့်ထမ်းရွက်စဉ် ကောက်နှုတ်စုဆောင်း သောခွဲထား ၊ ၎င်းခွဲထား နှစ်ရပ်ကိုစပ်ဟပ်ပေါင်းစည်းထား သောခွဲထား ကျော်များနှင့်တကွတပြေးညီစွာလိုက်နာရေးသားကြစေရန်ပြဋ္ဌာန်းဆုံးဖြတ်ကြသည်၊ သာသနာပြုသုဓမ္မာဝင်ဆရာတော်ကြီးတကျိပ်နှစ်ပါး ထံပြဋ္ဌာန်းချက်လက်ခံနှင့်အစုံအညီတွင်တင်ပြရာပါသောမှန်ပြဇယားပုံဦးရေ ၃၆ စာရင်း ပါပူးတွဲ၍ပို့၊ သက်ဆိုင်ရာအရာရှိများထံလက်ခံကူးယူကြစေရန်ဆင့်၊

သံတော်ဆင့်ဒေးဝန်း အကောက်ဝန်အတွင်း ခြောက်စုသေနတ်စာရေးကြီး ပေါက်မြိုင်မြို့စား မဟာမင်းထင်ကျော်မှတ်။

(၁) ပင့်ရစ်ရေးနည်းသတ်ပုံ၊ စာ ၂ အင်္ဂါရှိသည်၊ ကျမ်းပြုဆရာကား ကဝိလက္ခဏာသတ်ပုံစာကိုယ်နှင့် ဖျို့ကဗျာ လင်္ကာ ရေးသည့်စာဆိုတော်သံတော်ဆင့်

ရာထူး နှင့်ထမ်း ရွက်ရသော စိန္တ ကျော်သူဘွဲ့ခံ မောင် အောတည်း ၊ ၎င်း သတ်ပုံမှာ ကဗျာသာရတ္ထသတ်ပုံကဲ့သို့ မစုံဟု စုံညီညွှန့်နှိုင်း ပြဋ္ဌာန်း သည်၊

(၂) မြန်မာသံ ယောဂဒီပနီ၊ စာ၂အင်္ဂါနှင့် ၆ ရွက်ရှိ၏၊ ကျွမ်း ပြုဆရာကား ဖိုးကဗျာလင်္ကာအမျှား ရေး သည့်တရား သူကြီး ရာထူး နှင့်ထမ်း ရွက်ရသော လက်ဝဲသုန္ဒရဘွဲ့ခံ မောင်မြတ်စံတည်း ၊ ၎င်း သတ်ပုံမှာ မောင်မြတ်စံ၏အတ္တနော မတိပါသည်ကိုကဗျာသာရတ္ထသင်္ဂဟဆရာ တော်ပယ်ချပြီး ဟုစုံညီညွှန့်နှိုင်း ပြဋ္ဌာန်း သည်၊

(၃) အပင့်အရစ်သံ ပေါက်၊ စာ၂အင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား စန္ဒကုမာရဖို့၊ ကုသဖို့အလောင်း စည်သူလူး တား ၊ မင်း စည်လူး တား များ ကိုစီရင်သူဖြစ်သောဘုံကျော် ရွှေ ကျောင်း ရဲ ကျောင်း ဦး ပုတည်း ၊ ၎င်း သံ ပေါက်မှာကဗျာသာရတ္ထသင်္ဂဟသတ်ပုံကဲ့သို့ မစုံဟု စုံညီညွှန့်နှိုင်း ပြဋ္ဌာန်း သည်၊

(၄) ကဝိမဏ္ဍနီသတ်ပုံလင်္ကာ၊ စာ၈အင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား မုံရွေး ဆရာတော်တည်း ၊ ၎င်း မှာကဗျာသာရတ္ထသင်္ဂဟသတ်ပုံကဲ့သို့ မစုံဟု စုံညီညွှန့်နှိုင်း ပြဋ္ဌာန်း သည်၊

(၅) ကေက္ကရပကာသနီသတ်အင်း ၊ စာ၃အင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား သက္ကရာဇ် 1830 ၁၁၉၂ ခုမှန်နန်း ရာဇဝင်စီကုံး ရာပါသည့် သော်ကပင်ဆရာ တော်တည်း ၊ ၎င်း သတ်အင်း မှာ ရတနာ ကြေး မုံသတ်ပုံကဲ့သို့ မစုံဟု စုံညီညွှန့်နှိုင်း ပြဋ္ဌာန်း သည်၊

(၆) ရကြီး ယငယ်ခွဲထား လင်္ကာ၊ စာတအင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား အထက်ပါ သော်ကပင်ဆရာ တော်တည်း ၊ ၎င်း ခွဲထား မှာကြည့်စာအဖြစ်လိုက်နာရန်ဆုံး ဖြတ်သည်၊

(၇) လောကဓမ္မ ရေး နည်း ခွဲထား ၊ စာတအင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား တောင်ငူအသျှင်တိသာသနဓဇ ကျော်ဆရာ တော်တည်း ၊ ၎င်း မှာကြည့်စာအဖြစ်လိုက်နာရန်ဆုံး ဖြတ်သည်၊

(၈) ရေး နည်း သတ်နည်း ဆုံး မတမ်း ၊ စာတအင်္ဂါရှိ၏၊ ကျွမ်း ပြုဆရာကား တောင်ဘီလာပုဏ္ဏိလ ကျော်တည်း ၊ ၎င်း မှာကြည့်စာအဖြစ်လိုက်နာရန်ဆုံး ဖြတ်သည်၊

(၉)ပြည်ဆရာတော်သတ်ညွှန်း ၊ ၈ာရအင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား ငယ်မည် ဦးလွေး ၊ ရဟန်းဘွဲ့ရှင်ဇေယျတည်း ၊ ဘကြီးတော်လက်ထက်တံဆိပ်တော်ရစာကြည့်ဆရာတော်၊ ပြည်ဆရာတော်တွင်သည်၊ ၎င်းမှာတွင်းသင်းတိုက်ဝန်သတ်ညွှန်းကဲ့သို့မစုံဟုစုံညီညှိနှိုင်းပြဋ္ဌာန်းသည်၊

(၁၀)အပင့်အရစ်လက်ာ၊ စာတအင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား အထက်ပါပြည်ဆရာတော်တည်း ၊ ၎င်းမှာကဗျာသာရတ္ထသင်္ဂဟသတ်ပုံကဲ့သို့မစုံဟုစုံညီညှိနှိုင်းပြဋ္ဌာန်းသည်၊

(၁၁) ဝစနာလင်္ကာရသတ်ပုံ၊ စာ၅အင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား ဟံသာဝတီပါမင်းလက်ထက် ဇေယျမင်္ဂလာအရပ်တွင်သတင်းသုံးတော်မူသောထိုမင်းကသီရိပဝရာဘိမဟာရတနာကာအနန္တဓဇဗုဒ္ဓင်္ကုရမဟာရာဇာဓိပတိဝံသိမုနိန္ဒာဘိရာဇဂုရုဘွဲ့လျှသည်ကိုခံရသောဆရာတော်တည်း ၊ ဟံသာဝတီပါမင်း ခမည်းတော်လက်ထက်ဝစနာလင်္ကာရသတ်ညွှန်းကိုစီရင်သည်၊ ၎င်းမှာတွင်းသင်းတိုက်ဝန်သတ်ညွှန်းကဲ့သို့မစုံဟုစုံညီညှိနှိုင်းပြဋ္ဌာန်းသည်၊

(၁၂) ပင့်ရစ်အသတ်လက်ာ၊ စာတအင်္ဂါရှိ၏၊ ပုခန်းကြီးမြို့နေဦး ရွှေထုံး စီရင်သည်၊ ၎င်းမှာပင့်ရစ်အသတ်နှစ်ရပ်ပင်မစုံဟုစုံညီညှိနှိုင်းပြဋ္ဌာန်းသည်၊

(၁၃)လိခနရာသီသတ်ပုံ၊ ၈ာ၂အင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား ရန်ကုန်သွေးဆေးကန်ဂိုဏ်းအုပ်ဆရာတော်တည်း ၊ ၎င်းမှာပင့်ရစ်အသတ်နှစ်ရပ်ပင်မစုံဟုစုံညီညှိနှိုင်းဆုံးဖြတ်သည်၊

(၁၄) ဝဏ္ဏဗောဓနသတ်အင်း ၊ ၈ာ၆အင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား ရွာကြီးသျှင်ဥတ္တမာလာအကျော်ဆရာတော်တည်း ၊ ၎င်းမှာအရအမိကျက်မှတ်လိုက်နာရန်ဆုံးဖြတ်သည်၊

(၁၅)သီရိမင်္ဂလာသတ်ပုံ၊ ၈ာတအင်္ဂါရှိ၏၊ ကျွမ်းပြုဆရာကား ရှင်ပုညသာမိတည်း ၊ နောက်ဒုတိယမှန်စီဆရာတော်တွင်သည်၊ ၎င်းမှာမစုံဟုစုံညီညှိနှိုင်းပြဋ္ဌာန်းသည်၊

သာသနာပိုင် ဆရာတော်ဘုရား
နန်း ဦး ဆရာတော်
(နန်း ဦး )တိုက်အုပ် ဆရာတော်
ခင်မကန် ဆရာတော်
မေဃဝတီ ဆရာတော်
ပင်း ယ ဆရာတော်
ရွှေပြည် ဆရာတော်
မြို့သာ ဆရာတော်
ထီး လင်း ဆရာတော်
ဆရာတော် ဦး အာစရ
မှန် ကျောင်း ဆရာတော်
သင်္ဂဇာ ဆရာတော်
တပယင်း ဆရာတော်
ခွေး ချို ဆရာတော်
ဆရာတော် ဦး ကဝိန္ဒ ( ၏ကိုယ်စား )

ပေါင်း ၁၅

အရှေ့ပြင်

ဆင်တဲ ဆရာတော်
မဏ္ဍရာ ဆရာတော်
ဆရာတော် ဦး စန္ဒလင်္ကာ
သက်ပန်း ဆရာတော်
လှဲထွေ ဆရာတော်

ပုခန်း ဆရာတော်(၏ကိုယ်စား)
ဝိစိတ္တာရာမ ဆရာတော်(၏ကိုယ်စား)
ဝိဇယာရာမ ဆရာတော်
မှန်ကျောင်း ဆရာတော်(၏ကိုယ်စား)
နန်းတွင်း ဆရာတော်(၏ကိုယ်စား)
ဆရာတော် ဦးဂန္ဓာမုဂု(၏ကိုယ်စား)
ဆရာတော် ဦးဂန္ဓမာ
ဆရာတော် ဦးအာလောက(၏ကိုယ်စား)
ဆရာတော် ဦးသကျဝံသ
ဆရာတော် ဦးလက္ခဏ
ရွှေမင်္ဂရာ ဆရာတော်(၏ကိုယ်စား)
မင်္ဂလာရာမ ဆရာတော်
သဒ္ဓမ္မဇောတိကာရာမ ဆရာတော်
မဟာဝိသုဒ္ဓါရာမ ဆရာတော်
လယ်ကိုင်း ဆရာတော်
ငါးစို့ ဆရာတော်
မဟာဝိဇိတာရာမ ဆရာတော်(၏ကိုယ်စား)
ဆရာတော် ဦးအာဒိစ္စ
ဆရာတော် ဦးပဒုမ
ဆရာတော် ဦးသုဇာတ
ဆရာတော် ဦးရာဇိန္ဒ
ဆရာတော် ဦးဝိလာသ

ပေါင်း ၂၇

မြောက်ပြင်

စံကျောင်း ဆရာတော်(၏ကိုယ်စား)
မဏ္ဍလာရာမ ဆရာတော်
ငါးကျမ်း ဆရာတော်

ဆူး ခါး ဆရာတော်

ရမည်းသင်း ဆရာတော် ဦး ဝါယမ

ထရံကာ ဆရာတော် (၏ကိုယ်စား)

ဆရာတော် ဦး ကလျာဏ (၏ကိုယ်စား)

မင်း ခင်း ဆရာတော်

ဝေဠုဝန် ဆရာတော် (၏ကိုယ်စား)

ဃောဘိတာရာမ ဆရာတော် (၏ကိုယ်စား)

ဃောသိတာရာမ ဆရာတော် (၏ကိုယ်စား)

အုတ်ကျောင်း ဆရာတော်

လုံး တော် ဆရာတော်

ခေါ်တော ဆရာတော်

အနောက်မဏ္ဍရာ ဆရာတော်

ပေါင်း ၁၅

တောင်ပြင်

ဆီး ပနီ ဆရာတော်

မိုး ထိ ဆရာတော်

မိုး တား ဝန်ထောက်တိုက် ဆရာတော်

မိတ္ထီလါ ဆရာတော် (၏ကိုယ်စား)

ညောင်ကန် ဆရာတော်

ဘုံ ကျောင်း ဆရာတော် (၏ကိုယ်စား)

အောင်မြေရွှေဘုံ ဆရာတော်

ဒက္ခိဏာရာမ ဆရာတော် (၏ကိုယ်စား)

အသောကာရာမ ဆရာတော်

ရွှေရေး ဆောင် ဆရာတော် (၏ကိုယ်စား)

ဂူကြီး ဆရာတော် (၏ကိုယ်စား)

မြတောင် ဆရာတော် (၏ကိုယ်စား)

သေနတ်ဝန်ကြီး တိုက် ဆရာတော် (၏ကိုယ်စား )

တောင်ခွင်ဝန်ကြီး တိုက် ဆရာတော်

ဆရာတော် ဦး ပုည (၏ကိုယ်စား )

ပေါင်း ၁၅

| | | |
|---|---|---|
| အနောက်ပြင် | ဆရာတော် | ၁၅ |
| အရှေ့ပြင် | ဆရာတော် | ၂၇ |
| မြောက်ပြင် | ဆရာတော် | ၁၅ |
| တောင်ပြင် | ဆရာတော် | ၁၅ |
| | ပေါင်း | ၇၂ |

(_သူရိယ_၊ တွဲ ၆၊ မှတ် ၉၊ နိုဝင်ဘာ ၁၉၃၂၊ စာ ၂၃-၄)

18 May 1883

သက္ကရာဇ် ၁၂၄၅ ခု (နယုန်လဆန်း ၁၃ ရက်နေ့) တွင် သာသနာပိုင်ဆရာတော်
ထုတ်ပြန်တော်မူသည့် ရဟန်းသံဃာတော်တို့ ကျင့်ဆောင်ရန် ဥပဒေ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရွှေမြေအသျှင်ဆဋ္ဌန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီး ဆရာတော် အမိန့်တော်ရှိသည်။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်းရှိ ဂိုဏ်းအုပ်ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့

ကပ်ဦးအစ မဟာသမ္မတ သကျနွယ်စဉ် အဒိစ္စဝင်မျိုး နန်းရိုးအစစ်ဖြစ်တော်မူသော ငါတို့ သာသနာဒါယကာ မဟာဓမ္မရာဇာ တရားမင်းမြတ်သည် လောကသုံးပါး၌ မင်းဆုံး ဓမ္မရာဇာဖြစ်တော်မူသော မြတ်စွာဘုရားသာသနာတော်ကို တုန်လှုပ်ခြင်းမရှိသော အစလသဒ္ဓါတော်မြတ်ဖြင့် အလွန်သက်ဝင်ကြည်ညိုတော်မူသည်နှင့်အညီ သာသနာတော်သုံးပါးတို့တွင် ပရိယတ္တိသာသနာတော်တည်းဟူသော အမြစ်ပင်စည်ဖြစ်ထွန်းကြီးပွါးမှ ပဋိပတ္တိသာသနာတော်တည်းဟူသော သီလ ဓုတင် သမထ ဝိပဿနာတည်းဟူသော အပွင့်အသီးဖြစ်ထွန်းရာသည်။ ပဋိပတ္တိသာသနာတော်တည်းဟူသော အပွင့်အသီးဖြစ်ထွန်းမှလည်း ပဋိဝေဓသာသနာတော်တည်းဟူသော မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်တည်းဟူသော အရသာထူးကို ခံစားသုံးဆောင်ရမည်ဖြစ်သည်။ သာသနာတော်၌လည်း အလဇ္ဇီ ဒုဿီလ ပါပသမာစာရ ပုဂ္ဂိုလ်တို့ ပေါ်ထွက်ထွက်ကြွားမရှိ လဇ္ဇီ ပေသလ သီလဝန္တ ပုဂ္ဂိုလ်တို့သာ ပေါ်ထွန်းစည်ကားရှိမှလည်း မြတ်စွာဘုရားသာသနာတော်သည် ရောင်ခြည်တထောင်တည်ထွန်းဆောင်သော ဘာဏုရာဇာ စကြာရဝိလင်းလင်းညီသကဲ့သို့ တိုးတက်စည်ကားပြန့်ပွါးခြင်းဟူသော ဝုဍ္ဎိ ဝေပုလ္လအဖြစ်သို့ ရောက်သဖြင့် ထွန်းလင်းတောက်ပခြင်းဖြစ်၍ အဓွန့်ရှည်စွာဖြစ်ထွန်းစည်ကားပြန့်ပွါးခြင်းဖြစ်မည်။ သို့အစရှိသဖြင့် သာသနာတော်ထွန်းပေါ်တောက်ပခြင်းနှင့်စပ်သည့်အရာများကို ကြံရည်တော်မူပြီးလျှင် ဆရာတော်ကို ရွှေနန်းတော်သို့ ပင့်ဆောင်တော်မူ၍ ပွတ်သစ်သော ခရုသင်းသည် အလွန်ဖြူစင်ခြင်းဖြစ်သကဲ့သို့ သာသနာတော်မြတ်သည်လည်း အလွန်ဖြူစင်သန့်ရှင်းသဖြင့် တနေ့တခြား ပြန့်ပွါးစည်ပင်ခြင်းဖြစ်အောင်အားထုတ်တော်မူပါမည့်အကြောင်းနှင့် လျှောက်ထားတော်မူသည်ဖြစ်သည်။ နိုင်ငံတော်အတွင်းရှိ ဂိုဏ်းအုပ်ဂိုဏ်း

ထောက်ပုဂ္ဂိုလ်တို့လည်း သာသနာတော်မြတ်၏ စည်ပင်ထွန်းလင်း ပြန့်ပွါးခြင်း ဖြစ်မည်များကို ညီညာရိုင်းပင်း၍ ပြုသင့်ပြုထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်သည့်အတိုင်း အုပ်ထိန်းကြည့်ရှုသည့် ဂိုဏ်းအတွင်း နေထိုင်ကြသည့် ရဟန်း သာမဏေတို့ ဝိနည်း သိက္ခာပုဒ်တော်နှင့်အညီကျင့်ဆောင် နေထိုင်စေရန် ယခုပေး အပ်သည့်ကျင့်ဝတ်ဥပဒေကို အပေါ့သုတ္တကြောင့်ကျမဲ့ပြုမူ၍ ဂိုဏ်းအတွင်း မှာပြန့်နှံ့အောင်ဆင့်ဆိုပေး အပ်သည့်ဥပဒေတော်အတိုင်း တင်းတင်း ကြပ်ကြပ်ဆုံး မဩဝါဒပေး၍ နေထိုင်ကြစေ။

၁။ အကြံအကဲပြုလုပ်သူ ဂိုဏ်း အုပ်ပုဂ္ဂိုလ်တို့မှာ ကမ္မာကမ္မ ဝိနိစ္ဆယအရာတို့၌လိမ်မာစေခြင်း ငှါဝိနည်း လေး စောင်၊ ဂိုဏ်း ထောက်ပုဂ္ဂိုလ်တို့မှာ ဒွေး မာတိကာ၊ ခုဒ္ဒသိက္ခာ၊ ဂိုဏ်း သား ရဟန်း တို့မှာ ဒွေး မာတိကာ၊ ဘိက္ခုပါတိမောက်များ ကိုပဂုဏဝါစုဂ္ဂတပြု၍ လေ့လာကျက်မှတ် ဆောင်ရွက်ရမည်။

၂။ မိမိတို့ဂိုဏ်းအတွင်း ရှိရဟန်း ခံထိုက်သည့်သာမဏေတို့ကို ဥပသမ္ပဒကံသို့တင်ဆောင် ကြသည့်အရာမှာ အဓိဋ္ဌာန် လောက်သည့်သင်္ကန်း သပိတ်တို့ကို ရှေးဦး စွာပြည့်စုံစေ၍ ဥပသမ္ပဒကံ၏ အင်္ဂါလက္ခဏာတို့နှင့်ညီညွတ် အောင်ပြုလုပ်သဖြင့် ဥပသမ္ပဒကံသို့တင်ဆောင်ပြီး သော် ဝိနည်း သိက္ခာပုဒ်တော်ကိုထိန်း သိမ်း စောင့်ရှောက်ခြင်း၌ လိမ်မာယဉ်ကျေး စေခြင်း ငှါ ဒွေး မာတိကာကိုသတ္တိဗျတ္တိအား လျော်စွာ သင်ကြား လေ့ကျက် ဆောင်ရွက် စေ၍ နေ့စဉ်မပြတ် ဝတ်တက် ဝတ်ကပ်များ တွင်ရွတ်ဘတ် သရဇ္ဈာယ်ခြင်း ကိုပြုစု စေရမည်။

၃။ မိမိတို့ဂိုဏ်းတွင်းရှိတပည့်သူငယ်တို့ကို ရှင်သာမဏေပြုကြသည့်အရာမှာ နိဂ္ဂဟိတန္တ၊ မကာရန္တနှစ်ပါး တို့တွင်တပါး ပါး ဖြင့်သရဏဂုံကိုပီပြင်စွာရွတ်နိုင် အောင်သွန်သင် ပြသပြီး လျှင်ဥဘတောသုဒ္ဓိဖြစ် အောင်ရှင်သာမဏေပြုပြီး လျှင်ပစ္စဝေက္ခဏာ၊ လိင် ဒဏ်၊ သေခိယ၊ ခုဒ္ဒသခဏ္ဍကဝတ်ပါဠ်အနက်များ ကိုသာမဏေတို့သတ္တိဗျတ္တိအား လျော် စွာလရက်နှင့်ရမိ အောင်ကျက်မှတ် စေ၍ နေ့စဉ်မပြတ် ဝတ်တက် ဝတ်ကပ်ရာတွင်ရွတ် ဘတ်သရဇ္ဈာယ်ခြင်း ကိုပြုကြ စေရမည်။

၄။ သံဃာ့ အနည်း အများ အနီး အဝေး ကို ထောက်၍ ဥပုသ် ခေါင်း ခန့်ထား လျက်ရှိ သည့်သံဃာတို့မှာ သံဃာလုံ လောက်သည့်အရာဖြစ်လျှင်အညီအညွတ်စည်း ဝေး ၍သုတ္တု ဒ္ဒေသ၊ သံဃဥပုသ်၊ သံဃာမ လောက်လျှင်ပရိသုဒ္ဓိဥပုသ်တို့ကိုပြု၍ ဓမ္မသာကစ္ဆာဖြစ်

အောင်တရားစကားတို့ကို ဆွေးနွေးမေးမြန်းပြောဆိုကြရမည်။

၅။ ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့မှာ ဆွမ်းစား သောက်သည့်အခါတို့၌ သက္ကစ္စ စသောအမူအရာတို့နှင့်ပြည့်စုံစွာပြု၍ စား သောက်ခြင်းဖြစ်အောင် ဆရာပြုလုပ်သူတို့က သေခိယသိက္ခာပုဒ်တော်နှင့်အညီသွန်သင်ပြသအကြိမ်ကြိမ်ဆုံးမကြရမည်။

၆။ မိမိတို့နေရာကျောင်းတိုက်တွင်းမှာ သော်လည်း သင်္ကန်းဝတ်ခြင်း ရုံခြင်း သွားလာခြင်းကိုပြုသည့်အရာတို့၌လိမ်မာသိမြင်ဝတ်ရုံသွားလာခြင်း ရှိအောင်နိဝါသနပါရုပ္ပနသိက္ခာပုဒ်တော်နှင့်အညီသွန်သင်ပြသအကြိမ်ကြိမ် ပြောဆိုဆုံးမကြရမည်၊

၇။ မိမိတို့နေရာကျောင်းတိုက်အရံမှထွက်၍မြို့တွင်း ရွာတွင်းသို့ထွက်ဝင်သွားလာသည့်အခါတို့၌လည်း ပရိမဏ္ဍလ၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်နှင့်အညီအဝန်းညီစွာဝတ်ပြီးလျှင် ခါးပန်းကြိုးဘွဲ့စည်းခြင်း၊ လည်လက်ကောက်ဝတ်တို့ကိုဖုံးလွှမ်း၍အဝန်းညီစွာရုံခြင်း၊ ကမ္ဗတ်သီးတပ်၍ အောက်သို့ချသောမျက်လွှာကိုဖြန့်စေပြီးလျှင်သမဏသာရုပ္ပပါသဒိကဖြစ်အောင်ထွက်ဝင်သွားလာခြင်းအမှုတို့ကိုပြုကြစေရမည်။

၈။ နံနက်အခါဖြစ်စေ၊ နေ့လွဲအခါဖြစ်စေ၊ မြို့တွင်း ရွာတွင်း သို့ဝင်သွားသည့်အခါတို့၌လည်း ဆရာကိုပန်ကြား ရသောအာစရိယဝတ်နှင့်တက္ကဂါမပဝေသနသိက္ခာပုဒ်ရှိသည်အား လျော်စွာပြုသင့်ကြသည့်အတိုင်း အဆောတလျင်ပြုအပ်သောအကြောင်း မရှိလျှင်ဆရာဥပဇ္ဈာယ်တို့ကိုပန်ကြား၍ဝင်သွားစေခြင်း၊ ဆရာဥပဇ္ဈာယ်တို့ မရှိလျှင်ထင်ရှားရှိသောရဟန်းတို့ကိုပန်ကြား၍ဝင်သွားစေခြင်းတို့ကိုပြုကြစေ ရမည်။

၉။ မြို့တွင်းရွာတွင်းသို့ဝင်သွား နေထိုင်သည့်အခါလည်း ဝတ်ရုံသည့်သင်္ကန်းကို မြှောက် ပင့်၍သွားလာနေထိုင်မရှိရအောင်ဥက္ခိတ္တကာယသိက္ခာပုဒ်တော်နှင့်အညီပြော ဆိုဆုံးမဩဝါဒပေးကြရမည်။

၁၀။ ထီးကိုဆောင်းကြသည့်အရာမှာ စီဝရဂုတ္တစသောအကျိုးကိုပြုရန်အခွင့်နှင့်တကွ သည်း ခြေနာစသောအကြောင်း မရှိလျှင်ထီးကိုဆောင်းမိုး၍သွားလာခြင်း တို့မှကြဉ်ရှောင်ခြင်းအမှုတို့ကိုပြုကြစေရမည်။

၁၁။ ဝတ်ရုံသော်သင်္ကန်းများမှာလည်း မအပ်သောဆိုးရည်တို့ဖြင့်ဆိုး၍မအပ်သော အရောင်အဆင်းဖြစ်သည်ဟုသိမြင်လျှင်ထိုမအပ်သောဆိုးရည်နှင့်တကွမအပ်သော

အရောင်အဆင်းတို့မှ ပျောက်ကင်းစေခြင်း ငါးဖုပ်လျှော်ပြီး လျှင်အပ်သော ကပ္ပိယဆိုး ရည်ဖြင့်တဘန်ဆိုး၍ ဝတ်ရုံသုံးဆောင်ပြုကြရမည်။

၁၂။ နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်ခြင်းတို့ကိုပြုရာ၌လည်း ရဟန်းတို့မှာ ဒွေးမာတိကာနှင့်တကွ ဒသဓမ္မသုတ်ပရိတ်တော် ဂုဏ်တော်များကိုရွတ်ဘတ်သရဇ္ဈာယ်ခြင်း၊ သာမဏေတို့မှာ ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသခဏ္ဍကဝတ်၊ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းများကိုရွတ်ဘတ်သရဇ္ဈာယ်ခြင်း အမှုတို့ကိုပြုကြစေရမည်။

၁၃။ ကပ္ပိယကာရကမရှိဘဲ သင်္ကန်း သပိတ်ပရိက္ခရာတို့ကို ကိုယ်တိုင်လဲလှယ်ရောင်းဝယ်ခြင်း၊ ရွှေငွေအနာမာသ နိဿဂ္ဂိယ ဒုက္ကဋ်၊ အကပ္ပိယဝတ္ထုတို့ကို ခံယူသုံးဆောင်ခြင်း အမှုတို့ကို မပြုမကျင့်ရအောင်တားမြစ်ပြောဆိုကြရမည်။

၁၄။ ပစ္စည်းလေးပါးကိုအကြောင်းပြု၍ ပြည်သူဒါယကာဒါယိကာမတို့ထံ၌ မအပ်မရာသော ဝိညတ်၊ ပရိယာယ်၊ ဩဘာသနိမိတ်၊ ကုဟန၊ လပန၊ သာမန္တဇပ္ပန၊ ဣရိယာပထ၊ သဏ္ဍာပနစသည်တို့ကိုပြုကျင့်ခြင်း၊ ဇေဒင်၊ ယတြာ၊ ဂါထာမန္တန်၊ ထိုးကွင်း၊ လက်ဘွဲ့၊ ခါးလှည့်၊ အင်း၊ အိုင်၊ ရွှေလုပ်၊ ငွေလုပ်စသော သာသနာတော်မှ အပဗုဒ္ဓပင်္ကုဋ္ဌဖြစ်သော ဗာဟိရအဝတ်တို့ကို လေ့ကျက်လုပ်ဆောင်ခြင်း၊ အမှုမဂ်ဖိုလ်မှ ဖီဆန်ဂါဖ်ဆန်ကြောင်းဖြစ်သော တိရစ္ဆာကထာစသော စကားတို့ကို ပြောဆိုခြင်းအမှုတို့ကိုပြုကျင့်ပြောဆိုမရှိရအောင်ဆုံးမမြစ်တားကြရမည်။

၁၅။ လောကီဖြစ်သောသူတို့သည် လေ့ကျက်အပ်သော ရတု၊ ဂကန်၊ အဲ၊ အန်၊ သီချင်း စသည်တို့ကို ရွတ်ဘတ်ပြောဟောသရဇ္ဈာယ်ခြင်း၊ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းတို့၌ မစပ်မဆိုင်မဆန့်သော ဝတ္ထုသက်သေတို့ကို လေ့လာကျက်မှတ်၍ စရပ်တန်ဆောင်း ဂူကျောင်းဘုရား ရပ်ကွက်ရပ်ကြားတို့၌ ပြောဟောခြင်း အမှုတို့ကို မပြုမကျင့်ရအောင်ဆင့်ဆိုမြစ်တားကြရမည်။

၁၆။ ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့ကို ဘုရားခွင့်ပြုတော်မူအပ်သော အနုညာတဖြစ်သူတို့မှတပါး သောသူတို့အား ပစ္စည်းလေးပါးကို တောင့်တ၍ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆေးကုခြင်း စသော ကုလဒူသကရှစ်ပါး၊ အနေသန နှစ်ဆယ့်တပါးတို့ကိုလည်း မပြုမကျင့်စေမူ၍ ရှောက်ကြဉ်ထိန်းသိမ်းအောင် ပြောဆိုဆုံးမကြရမည်။

၁၇။ အမိအဘ စသော ဆွေမျိုး ဖြစ်သူတို့မှတပါး ဒး ဆွေမတော်သော အညာတိက ဖြစ်သူတို့၏ အမှုကိစ္စများသည် ရတနာသုံးပါး နှင့်စပ်လျဉ်း သောအမှုမဟုတ်လျှင် မပြုသင့်သော တီဟိကမ္မအမှုကိစ္စဖြစ်၍ ထိုအမှုတို့ကို ရဟန်း သံဃာတို့ မပြုမကျင့်ရအောင် တင်းတင်း ကြပ်ကြပ်ဆုံးမ တားမြစ်ကြရမည်။

၁၈။ ပြည်သူဒါယကာ ဒါယိကာမတို့ ကုသိုလ်ကောင်းမှုပြုလို၍ သံဃာဒါနဆွမ်းလောင်း သည့်အရာများမှာလည်း လှူဒါန်းသူ ဒါယကာမတို့ သဒ္ဓါတရား ဆုတ်ယုတ်ပျက်ပြား ခြင်း မှလွတ်ကင်း၍ သဒ္ဓါတရား တိုးပွါးခြင်း ဖြစ်အောင် အတိုး အဝေ့ မရှိစေ ရ ရဟန်းတို့၏ မူရာသွင်ပြင်နှင့် ပြည့်စုံစွာ သွားလာခံယူစေခြင်း အမှုတို့ကို ပြုကျင့် ရအောင် သတိပေး သဖြင့် ပြောဆိုဆုံးမကြရမည်။

၁၉။ မိမိတို့ ထိမ်းသိမ်းသည့် ဂိုဏ်းတွင်း ရှိရဟန်း သာမဏေတို့အား အမှုအရာ မဟုတ်ဘုရား စက်ဆုတ်တော်မူအပ်သော လူတို့ကဲ့သို့ အချင်းချင်း ခိုက်ရန်ဖြစ်ပွါး၍ တုတ်လက်နက်စွဲကိုင်ခြင်း၊ ခက်တင်မောင်း နင်းနင်းဟယ်ဆိုခြင်း၊ လက်သီး လက် ဂုံး တန်းခြင်း အမှုတို့ကို အပြုအကျင့် မရှိစေရ၊ နိုင်နင်း အောင်ဆင့်ဆိုတားမြစ် ကြရမည်။

၂၀။ မိမိတို့မှာ ပြုလုပ်ရန် နဝကမ္မအမှုရှိလျှင် မိမိတို့အဆွေတော်သော ညာတိကဖြစ် သူတို့မှတပါး မင်းမှူးမတ်တို့နှင့်တကွ ပြည်သူစသော အညာတိက၊ အပဝါရိတ ဖြစ်သူ တို့ထံ သွားလာချဉ်းကပ်၍ ရဟန်းတို့နှင့် မအပ်သော ရွှေငွေ အနာမာသ နိဿဂ္ဂိယ ဝတ္ထု၊ ဖျင်ပုဆိုး စသော ကပ္ပိယဝတ္ထု၊ ပုလဲပတ္တမြား စသော ဒုက္ကဋ ဝတ္ထုတို့ကို မအပ် သော တောင်းခြင်းဖြင့် အတောင်းအခံ မရှိရအောင် ဆရာဖြစ်သူတို့က တင်းတင်း ကြပ်ကြပ် ဆင့်ဆိုတားမြစ်ကြရမည်။

၂၁။ အရံတွင်း အရံပ ဖြစ်သော အရပ်ခပ်သိမ်းတို့၌ မိမိထက် သိက္ခာဝါကြီးသော သီတင်းကြီး ပုဂ္ဂိုလ်တို့ကို တွေ့မြင်ရှိလျှင် ရိုသေစွာ ရှောင်လွှဲ၍ ခရီးပေးခြင်း စ သော ရိုသေကျိုးနွံ ကောင်းမွန်သော အခြင်းအရာတို့ကို ပြု၍ သွားလာစေခြင်း အမှုတို့ကို ပြုကျင့်ကြစေရမည်။

၂၂။ ယမန်နေ့က အကပ်ခံအပ်ပြီးသော ကွမ်းဆေး စသည်တို့ကို ယနေ့ အကပ်ခံအပ် သော ယာဝကာလိက၊ ယာမကာလိက နှစ်ပါးတို့နှင့် ရောနှော၍ သုံးဆောင်ကြလျှင်

သန္နိဗိဖြစ်ရာသောကြောင့်ထိုသန္နိဗိအဖြစ်မှလွတ်ကင်းစေခြင်း ငါသန္နိဗိဖြစ် သောကာလိကတို့နှင့်အရောအနှောမရှိစေရသန့်ရှင်းစင်ကြယ်စွာပြု၍သုံး ဆောင်ကြရမည်။

၂၃၊ နေ့ညဉ့်မဆိုမြို့တွင်း ရွာတွင်းများသို့လှည့်လည်သွားလာပြီးလျှင်သိက္ခာပုဒ် တော်နှင့်မလျော်လူတို့နှင့်ရောနှောပြွမ်းတီးလျှက်စကားပြောဟောခြင်း စသည်တို့ကိုပြုသဖြင့်နေ့ရက်ကိုကုန်စေခြင်း၊ သင်္ဃကာရာမကမ္မာရာမစသော အကြောင်းတို့ဖြင့်ပေါင်းသင်းဆက်ဆံပျော်မွေ့လိုသည်ဖြစ်၍တတိုက်မှသည်တတိုက် တကျောင်းမှသည်တကျောင်းသို့သွားလာခြင်းအမှုတို့ကိုမပြုမကျင့်စေရ၊ မြတ် စွာဘုရားအလိုရှိအပ်သောဂန္ထာဓုရ၊ ဝိပဿနာဓုရတရားတို့ကိုသာအားထုတ် ကျင့်ကြံနေထိုင်ကြအောင်ဂိုဏ်းတွင်းရှိရဟန်းသာမဏေတို့ကိုပြောဆိုဆုံးမကြရ မည်။

၂၄၊ သူတပါးတို့၏တိုက်တာအရံများသို့ဝင်သွားမည့်အခါလည်းဘိနပ်ရှုပ်ခြင်း ထီးရှုပ်ခြင်းသင်္ကန်းကိုညီညွတ်ကောင်းမွန်စွာပြုလျှက်လက်ကတော့ထိုးခြင်းစ သောအာဂန္တုကပုဂ္ဂိုလ်တို့ပြုရာသောဝတ်နှင့်ပြည့်စုံစွာပြုလုပ်ပြီးမှဝင်သွားကြ အောင်ဆရာဖြစ်သူတို့ကသွန်သင်ပြသပြောဟောကြရမည်။

၂၅၊ မိမိတို့ဂိုဏ်းအတွင်းမိမိတို့ကိုယ်တိုင်နှင့်တကွဂိုဏ်းတွင်းရှိကျောင်းနေပုဂ္ဂိုလ် တို့မှာကျွဲနွားများကိုမွေးထားပြီးလျှင်ငှင်းမွေးဘွားသည့်ကျွဲနွားတို့နှင့်တ ကွသူတပါးတို့ထံမှငှါးရမ်းသောကျွဲနွားတို့ကိုလှည်းဉ္စကသဖြင့်ဂီလာနအကြောင်း ကိုကြဉ်၍ပျော်ရွှင်မြူးဆားပလွှားလိုသောစိတ်ရှိသည်ဖြစ်၍ထိုမှဤမှသွားလာ ခြင်းမရှိစေရရှောင်ကြဉ်ကြရမည်။

၂၆၊ မြစ်ချောင်းကမ်းထိပ်တို့၌မှာနေထိုင်ကြသောရဟန်းသာမဏေတို့ကိုလည်း မြူးထူးပျော်ပါးကစားလိုသောစိတ်ဖြင့်မြစ်ရိုးချောင်းရိုးများ၌လှေ လှောင်းများကိုလူတို့ကဲ့သို့ပလွှားခြင်းကိုပြု၍လှော်သွားစုန်ဆန်ကူးသန်းမ ရှိစေရဆရာဖြစ်သူတို့နှင့်တကွရှောင်ကြဉ်ထိန်းသိမ်းကြရမည်။

၂၇၊ သာသနာတော်၏ငြောင့်ကံသင်းသဘွယ်ဖြစ်၍ရဟန်းသာမဏေကို့နှင့်မ လျော်မလျောက်ပတ်သည့်လှေပွဲ၊ ဆင်ပွဲ၊ မြင်းပွဲသဘင်၊ ပျော်ရွှင်မြူးထူးပြိုင်

ဆိုင်ရာအရပ်များ သို့သွား လာကြည့်ရှု နေထိုင်ခြင်း ၊ ဆိုင်း ဇာတ်ရုပ်စုံပွဲသဘင်မှစ၍အရပ်ရပ်ပွဲသဘင်များ ကိုမိမိတို့ကာယ၊ ပယောဂ၊ ငစီပယောဂပြု၍အတီး အမှုတ်အကြည့်အရှုမရှိ ဟော့ရမ်း သော့သွမ်း လူတို့အ လေ့အလာဖြစ်သော ကစား လောင်းစားအမှုများ ကိုလည်း မပြုမလုပ် စေရ အောင်တင်း တင်း ကြပ်ကြပ် ဆင့်ဆိုမြစ်တား ကြရမည်။

၂၈၊ ဒုံး ရှို့ဖောက်ခွဲမီး ပန်း မီး ကျည်မီး အိမ်ပျံစသည်တို့ကိုပြုလုပ်၍ ရှို့လွှတ်ခြင်း အမှုတို့သည်ရဟန်း သာမဏေတို့နှင့်မလျှောက်ပတ် သောအသာရုပ္ပအမှုဖြစ်၍ထိုအမှုတို့ကိုမပြုမကျင့်စေခြင်း ငှါရဟန်း သာမဏေတို့ကိုတင်း တင်း ကြပ်ကြပ်မြစ်တား ပြောဆိုကြရမည်။

၂၉၊ မြို့တွင်း မြို့ပြင်ရွာတွင်း ရွာပြင်တို့၌ရောင်း ဝယ် ဘောက်ကား ရာဖြစ်သော ဈေး ပြင်ကနှား အရပ်တို့သည် ယောကျ်ား မိန်း မတို့ပြွမ်း တီး ရော နှောရာအရပ်ဖြစ်၍ ရဟန်း သာမဏေတို့သွား လာခြင်း ငှါလျှောက်ပတ် သောအရပ် မဟုတ် သော ကြောင့်ထိုအရပ်များ သို့လှည့်လည်သွား လာကြည့်ရှုတိုး ဇော့ခြင်း မရှိ ရ အောင်ရဟန်း သာမဏေတို့ကိုတရား လမ်း ပြ၍ညွှဝါဒ ပေး ကြရမည်။

၃၀၊ မင်း ကျွန်ဖြစ်သူသူခိုး ထား ပြဖြစ်သူသူပုန်သူကန်ဖြစ်သူသူတပါး တို့ကြွေး မြီ တင်ရှိ သောသူအမိအဘတို့ခွင့်မလွှတ် သောသူတို့သည်ချမ်း သာရာ ရလိုသည်ဖြစ်၍ရ ဟန်း သာမဏေပြုလုပ်ခြင်း ငှါမိမိတို့ထံသို့ခိုဝင်လာလျှင်ထိုသူတို့ကိုအစိုး တရာပြုလုပ် ၍ရဟန်း သာမဏေပြုခြင်း မှကြဉ် ရှောင်ခြင်း ပြုလုပ်လိုလျှင်ထိုသူတို့ကိုအစိုး ရ သော သူတို့ထံသို့ စေလွှတ်သဖြင့်အနူး အညွှတ်တိုင်ကြား ခွင့်ပန် စေ၍အခွင့်ရရှိမှပြုကြရမည်။

၃၁၊ ရဟန်း သာမဏေတို့သည်ကျွဲ သေနွား သေများ ကို တွေ့မြင်ရှိလျှင်ပံ့သုကူလသညာ ဖြင့် ကောက်ယူခြင်း ၌ ဝိနည်း အပြစ်မရှိ သော်လည်း လျှပ် ပေါ် လော်လည်ခြင်း ဟူ သော လောလုပ္ပတဏှာဖြင့်ဘဏ္ဍနကာရကမဖြစ် စေခြင်း ငှါအ ကောက်အယူမရှိ ရှောင် ကြဉ်ကြရမည်။

၃၂၊ ပဋိပတ္တိဓမ္မကိုကြိုး စား အား ထုတ်သည့်ရဟန်း မှတပါး ပရိယတ္တိဓမ္မကိုအား ထုတ်သည့်ရဟန်း သာမဏေတို့မှာဆရာဖြစ်သူတို့ကသင်ကြား ကာမတ္တမဖြစ် စေရ သဒ္ဒနယ၊ အတ္တနယနှင့်တကွအနက်အဓိပ္ပါယ်တို့ကိုသိမြင်လိမ်မာ အောင်ရွက် ဆောင်

စေ၍ လျှောက်ပတ်သည့်အခါ၌ ၎င်း သင်ကြား သည့်ကျမ်း ဂန်အရများ ကိုဓမ္မသာ ကဋ္ဌဖြစ် အောင်အချင်း ချင်း ဆွေး နွေး မေး မြန်း ကြ စေရမည်။

ပေါင်း ၃၂

(သူရိယ၊ တွဲ ၁၆၊ မှတ် ၉၊ နိုဝင်ဘာ ၁၉၃၂၊ စာ ၁၈-၂၃)

(တိုး တံဆိပ်)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
သက္ကရာဇ် ၁၂၄၅ ခုပဌမဝါဆိုလပြည့်ကျော် ၁ ရက် ၄ နေ့ ငစံဝကိုအမြင့်မြို့စီရင် [20 June 1883]
စုဆားထုံး မြောက်ရွာသူကြီး ခန့်တော်မူသည်၊ အသည်ငယ်သား တို့အမှုတော်ကို
ထမ်းကုန်၍လုပ်စား ဆောင်စား စီးပွါး ဖြစ်အောင်မစစီရင်။
(အမြင့်ဘုံပျံကျောင်း စါစု)

အမြင့်မြို့သူကြီး မြို့စာရေး တို့နှင့်ဆား တုံး မြေကွက်ရွာအသည်အလါဝင် နေကပ်ပါး
ကြေး ထမ်း ကြီး ငယ်တို့ထံ ပေး စာ
1783
အမြင့်မြို့စီရင်စုဆား တုံး မြေကွက်ရွါကိုဘေး ဘိုး ဘတို့(သက္ကရာဇ်၁၁)၄၅ခု
1802
(၁၁)၆၄ခုစစ်တမ်း စာရင်း ဆက်သွင်း ကြီး စိုး မရှိလျှင်အရိုး နှင့်မဆိုင်သူ
ငချိန်ကအမိန့် တော်မြွတ်ခံယူကြီး စိုး ရွာ နေငလှိုင်၊ ငကြာခိုင်၊ ငကြာဂုံတို့ကိုမှ
ပြစ်မရှိရိုက်နှက်ငကြာဂုံ သေဆုံး ၍ရှိအမြင့်ငါး မြို့ဝန်က ရွှေဘဝါး တော် အောက်
သို့အကျည်း တင်ပို့တန်း တွင်ချုပ်ထား ရှိသည်ဖြစ်ပါသော ကြောင့်အရိုး သား မြေး
မှန်သည်အတိုင်း အမြင့်မြို့စီရင်စုဆား တုံမြေကွက်ရွာကိုကြီး စိုး ပါရမည့်အ ကြောင်း
နှင့် လျှောက်ချက်အရငစံဝအရိုး သား မြေး မှန်မမှန် ကျေး ရွာသ ဘောတူမတူ
များ ကိုအမြင့်မြို့ဝန်မင်း ကျော်သီရိစည်သူထံမှာစာ ပေး အပ်ရွာ နေ ကြေး ထမ်း
ကြီး ငယ်တို့ကိုတဦး တ ယောက်စီ မေး မြန်း လျှောက်ထား စေရာဆား တုံမြေကွက်
ရွာမှာငစံဝအရိုး သား မြေး မှန်၍သ ဘောကြိုက်ညီကြ ကြောင်း များ နှင့်ရွာ
နေ ကြေး ထမ်း ကြီး ငယ်တို့ထွက်ချက်များ ကိုတင်(သွင်း လျှောက်ထား )သော
ကြောင့်ငစံဝက ဆွေစဉ်မျိုး ဆက်စာရင်း ပုံကိုတင် ပေး ပြီး လျှင်အမြင့်မြို့စီရင်
1783
စုဆား တုံမြေကွက်ရွာသူကြီး ပေး (သက္ကရာဇ်၁၁)၄၅ခု(၁၁)၆၄ခုစစ်တမ်း
1802
စာရင်း များ ကို ရွှေတိုက် တော်မှာထုတ်ဖွင့်ကူး ယူတိုက်ဆိုင်ကြည့်ရှုစစ် ဆေး ရာ
1783
(သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း ခံသူကြီး ငစံငြိမ်း မယား မိရသား ငလာညီ
1802
(သက္ကရာဇ်၁၁)၆၄ခုစစ်တမ်းခံသူကြီး ငမာထွက်ရှိ၊ ငမာမယား မိခွေး သ
မီး မိအုံး လင်ငဦး ၊ ငဦး သမီး မိထူး ၊ မိထူး လင်င ရွှေဦး ၊ ငရွှေဦး သား
ငစံဝအရိုး သား မြေး မှန် ကြောင်း သိသာရှိသည်အတွင်း ငစံထွန်း ကဆား တုံ
တောင်ရွာ မြေကွက်ရွာများ ကိုအရိုး သား မြေး မှန်သည့်အတိုင်း ကြီး စိုး လို
ကြောင်း နှင့် လျှောက်ထား ရှိသည်ဖြစ်၍အရိုး သား မြေး မှန်မမှန်စုံညီစစ် ပေး
ရန်ငစံထွန်း ကိုးမြင့်မြို့ခံငဘီး ထံဆင့်ဆို တောင်း ခံရာမြို့ခံငဘီး ကငစံထွန်း ရွှေ
ဘဝါး တော် အောက်တွင်မရှိမ နေမ ပေး မအပ်နိုင် ကြောင်း နှင့်ထွက်ချက်အရအ
မြင့်မြို့စီရင်စုဆား တုံး ကျေး ရွာတွင်ငစံထွန်း ရှိမရှိများ ကိုဆား တုံး ရွာ နေ
ကြေး ထမ်း ကြီး ငယ်တို့ကို မေး မြန်း လျှောက်ထား ရမည်စာ ရေး ကြီး မဟာမင်း

ကျော်ရာဇာသို့မှာစာပေး အပ်၍အမြင့်ငါး မြို့ဝန်က မေးမြန်း လျှောက်ထား
စေရာဆား တုံး တောင်ရွာ မြောက်ရွာသူကြီး ဆိုသူငစံထွန်း ကျေး ရွာတွင်မ
ရှိမနေကြောင်း နှင့်ရွာနေ ကြေးထမ်း ကြီး ငယ်တို့ထွက်ချက်များ ကိုတင်ပို့ လျှောက်
ထား ရှိသည့်အတိုင်း ရွာနေငလှိုင်၊ ငကြာနိုင်၊ ငကြာဂုံတို့ကို မှုပြစ်မရှိ ရိုက်နှက်
ငကြာဂုံ သေဆုံး ရှိ၍အမြင့်ငါး မြို့ဝန်က ရွှေဘဝါး တော် အောက်သို့အကျည်း တင်ပို့
တန်း တွင်ချုပ်ထား သူငနိုန်ကိုအမြင့်မြို့စီရင်စုဆား ထုံး ရွာသူကြီး အရာကနှုတ်
ပြီး လျှင်ဥပဒေအတိုင်း စီရင်မည်ဆား ထုံး မြောက်ရွာမှာ (သက္ကရာဇ်၁၁
1783
၄၅ခုစစ်တမ်း ခန့်သူကြီး ငစံငြိမ်း မယား မိရသား ငလာညီ (သက္ကရာဇ်၁၁
1802
၆၄ခုစစ်တမ်း ခန့်သူကြီး ငမာ မယား မိခွေး သမီး မိအုန်း လင်ငဦး၊ ငဦး
သမီး မိတူး၊ မိတူး လင်ငရွှေဦး၊ ငရွှေဦး သား အရိုး သား မြေး မှန်သူင
စံဝကိုအမြင့်မြို့စီရင်စုဆား ထုံး မြောက်ရွာသူကြီး ခန့်ထား ကြီး စိုး ဆောင်ရွက်
စေ၍စစ်တမ်း စာရင်း ဆက်သွင်း စေမည်စာဆက်သွင်း ချက်အတိုင်း ငနိုန်ကို
အမြင့်မြို့စီရင်စုဆား ထုံး မြောက်ရွာသူကြီး အရာကနှုတ်ငစံဝကိုအမြင့်မြို့စီရင်
စုဆား ထုံး မြောက်ရွာသူကြီး ခန့်စစ်တမ်း စာရင်း ဆက်သွင်း စေသက္ကရာဇ်
20 June 1883
၁၂၄၅ခုပထမဝါဆိုလပြည့်ကျော် ၁ရက်နေ့ ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်
ထက်ဆင်ရွက်ရသည့်အတိုင်း ငနိုန်ကိုအမြင့်မြို့စီရင်စုဆား ထုံး မြောက်ရွာသူကြီး အ
ရာကနှုတ်ပြီး လျှင်ငစံဝကိုအမြင့်မြို့စီရင်စုဆား တုံး မြောက်ရွာသူကြီး ခန့်ထား
ကြီး စိုး ဆောင်ရွက် စေ၍စစ်တမ်း စာရင်း ဆက်သွင်း စေသည်ဖြစ်သည်ဆား
တုံး မြောက်ရွာအသည်အလါဝင်နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့သူကြီး ငစံဝ
ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်ဆား တုံး မြောက်ရွာသူကြီး ငစံဝလည်း ကျေး
ရွာကိုရာဇဝတ်တော် ရေး မပေါ် မထွက်စေရစည်ပင်သာယာငြိမ်ဝပ်ဖြစ်ထွန်း
အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ
ကိုဆိုင်ရာမြို့ဝုံး ဆင့်ဆိုရာနာခံ၍အမိန့်တော်မြတ်ရင်း နှင့်အညီ ပြေကုန် အောင်
ကြီး စိုး ဆောင်ရွက်ရမည်။

(ဝန်မင်း များ စာ)

(အမြင့်ဘုံပျံကျောင်း ဓါစု)

ထီး လင်း မြို့အဝင် လောင်ဘုံငယ်ရွာသူကြီး ငသာထွန်း အောင်မှာ (သက္ကရာဇ်
1783
၁၁) ၄၅ ခုတအိမ်စာရင်း ကျသည်ကိုအိမ်ရာစာရင်း တော်သတ်သည်၊ တအိမ်ဆက်
သင့်၃ ၃ ၃ျ **၃** ငွေကိုအိမ် **၃၀**ရကတအိမ်လျှင် ၁ ၅ျ ဲ **၃** စီဆက် စေဘုရား အမိန့် တော်
မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ထီး လင်း မြို့အဝင် လောင်ဘုံငယ်ရွာသူ
1783
ကြီး ငသာထွန်း အောင်မှာ (သက္ကရာဇ်၁၁) ၄၅ ခုတအိမ်စာရင်း ကျသည်ကို
အိမ်ရာစာရင်း တော်ဆက်သည်ဖြစ်သည်၊ ၀၊အိမ်ဆက်သင့်၃ ၃ ၃ျ **၃** ငွေကိုအိမ်
၁ ရကတအိမ်လျှင် ၁ ၅ျ ဲ **၃** စီဆက် စေ၊ သူကြီး ငသာထွန်း အောင်နှင့်စာရင်း
တော်ကျအိမ်ရာလူတို့ကိုလည်း မြို့ရွာသူကြီး မြင်း ခေါင်း မြင်း စီး စုရှင်ငန်း ရှင်
တို့ကစစ်လက်နက်ကိုင်တိုင် ကြေး တိုင် ငွေမင်း မှုမင်း ကင်း အခွန်အတုပ် ကြေး
ဟောင်း ငွေ ဟောင်း မတောင်း မခံလွှတ် စေ ကြွေး ရှင်မြို့ရှင်တို့ကလည်း မ
တောင်း ကြ စေနှင့်အမိန့် တော်ကိုမတည် တောင်း ခံလျှင်လွှတ် တော်မှာအစီရင်
ခံ စေ၊ လွှတ် တော်ကစာသွင်း ၍ တောင်း ခံသူကိုအဆုံး စီရင်။
ဝန်မင်း များ ၏ (Sakkaraj I245 khu Nattoaulachan:I 30 November I883)
(ထီး လင်း မော်ကွန်းစာ)

တပ်မှူး စစ်ကဲနား ခံတပ်စာရေး ထီးလင်းမြို့သူကြီးတို့၊ ငအိကထီးလင်းမြို့
ကျေး လောင်ဘုံငယ်သူကြီး ငသာထွန်း အောင်အမျှား ကျေးရွာသူကြီး တကာနည်း
ခံဝန်၍အမှုတော်ကိုလိုက်ထမ်း ရာစရိတ်ရိက္ခာကုန်၍ ရိက္ခာယူ ကျေးရွာပြန်လာ
သည်နှင့်လမ်း ခရီး တွင် သေဆုံး ရှိသော ကြောင့်ငသာထွန်း အောင်အဘတံဆိပ်
ရသူကြီး ငလွမ်း စံမြေး ကျွန်တော်ငအိကအဘငသာထွန်း အောင်အစား အမှု
တော်ကိုထမ်း ရွက်မည်တပ်တော်သို့ရောက်ပါသည်၊ တပ်ရောက်သူစာရင်း ဆက်
၍သူကြီး တကာနည်း ထမ်း ရွက်ပါရမည့်အကြောင်း နှင့်အစီရင်ခံသည့်အတိုင်း အ
မှုတော်ကိုမတိမ်း မရှောင် ဖြောင့်ဖြောင့်ရိုး ရိုး ထမ်း ရွက်ပါမည်ခံဝန်စေ
၍ လောင်ဘုံငယ်ရွာသူကြီး ငသာထွန်း အောင်သား ငအိကိုတပ်ရောက်စာရင်း
ဆက်သထမ်း ရွက်စေသည်၊ ထီး လင်း မြို့ကျေး ရွာသူကြီး တကာနည်း အမှုတော်ကို
ထမ်း ရွက်စေရမည်။(Sakkaraj I245 khu Nattoaulachut 8 22 December I883)
ဗိုလ်မှူး မင်း ကြီး နော်ရထာစါ
(ထီး လင်း မောက်စါစု)

(တိုး တံဆိပ်)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား
31 January 1884
သက္ကရာဇ် ၁၂၄၅ ခုတပို့တွဲလဆန်း ၄ ရက် ၅ နေ့ ယောမြို့စီရင်စုအညာပန်ရွာ
ကိုငမြတ်သာကလက်ဝှီကြီး စိုး မြကြီး စိုး စေခန့် တော်မူသည်၊ အသည်ငယ်သား
တို့အမှု တော်ကိုထမ်း ကုမ်၍လုပ်စား ဆောင်စား စီး ပွါး ဖြစ် အောင်မစစီ
ရင်။

(အညာပန် မဲကျော် စါစု)

ယောမြို့သူကြီး မြို့စာရေး တို့နှင့်အညာပန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး
ထမ်း ကြီး ငယ်တို့ ယောလေး မြို့ဝန်မင်း ထင်မင်း လှရာဇာ ကျော် ခေါင်ကဝန်
စုပါယောမြို့သူကြီး ကျေး ရွာသူကြီး တို့ကိုစစ်တမ်း စာရင်း ဆက်သွင်း ကြီး စိုး စေ
အမိန့်တော်မြတ်အရစစ် ဆေး မေး မြန်း ရာဘုရား ခမည်း တော်ပဥ္စမသင်္ဂါ
ယနာတင်မင်း တရား ကြီး ဘုရား လက်ထက်အမိန့် တော်မြတ်နှင့်ဘုရား ရွှေလက်
ထက် တော်တိုင်လက်ရှိကြီး စိုး ရသူဘုရား ရွှေလက်ထက် တော်အမိန့် တော်မြတ်နှင့်
ကြီး စိုး ရသူတို့ကိုတိုး တံဆိပ်အသနား တော်မြတ်ခံ၍စစ်တမ်း စာရင်း ဆက်သွင်း
ရန်စာရင်း နှင့်တကွ လျှောက်ထား သည်ဖြစ် သော ကြောင့် ယော လေး မြို့ဝန်မင်း
ထင်မင်း လှရာဇ ကျော် ခေါင် လျှောက်ထား စာရင်း တင်ရာပါယောမြို့စီရင်စု
အညာပန်ရွာသူကြီး ငမြတ်သာအမိန့် တော်မြတ်နှင့်ကြီး စိုး ရသူလက်ရှိသူကြီး ဟုတ်မ
ဟုတ်အမိန့် တော်လွှတ် တော်စာမျှား ကိုတင်ပေး စေရာအမိန့် တော်လွှတ် တော်
စာမျှား နှင့်လက်ရှိကြီး စိုး ရသူဖြစ်၍ ဆွေမျိုး စဉ်ဆက်စာရင်း ပုံမျှား ကိုတင်
ပေး စေပြီး လျှင် ရွှေတိုက် တော်မှာအညာပန်ရွာသူကြီး ပေး (သက္ကရာဇ်၁၁)
1783
၄၅ခု(၁၁)၆၄ခုစာရင်း ကိုထုတ်ဆင့်ကူး ယူတိုက်ဆိုင်ကြည့်ရှုရာအညာပန်ရွာသူ
1802
ကြီး ပေး (သက္ကရာဇ်၁၁)၄၅ခုစာရင်း တွင်ငသာဦး ၊ နံ၄၊ အသက်၆၉၊ သူ
1783
ကြီး သား ငမြတ်ထင်နံ၃၊ အသက်၃၁၊ သူကြီး သမီး မိငြိမ်း နံ၆၊ အသက်၂၄ထွက်ရှိ
1802
(သက္ကရာဇ်၁၁)၆၄ခုစာရင်း တွင်လည်း သူကြီး ငသာဦး သား ငမြတ်ထင်တို့
သေ၊ မယား မိနှောင်း ဖြူနံ၅၊ အသက်၅၂၊ သား ငရွှေစ၊ နံ၄၊ အသက်၃၅၊
1783
သူကြီး ထွက်ရှိ၊ အညာပန်သူကြီး ငမြတ်သာတင်(သက္ကရာဇ်၁၁)၄၅ခု(၁၁)၆၄
1802
ခုစာရင်း ပါငသာဦး သား ငမြတ်ထင်၊ သမီး မိငြိမ်း ၊ မောင်ငရွှေစ၊ မ
ယား မိကူ၊ သား ငရန်မင်း ၊ မယား မိမိ၊ သား ငရွှေမြတ်၊ မယား မိလှကြွယ်၊
သမီး မိနှင်း အိုင်၊ လင်ငရေလါ၊ သား ငမြတ်သာ၊ စာရင်း နှစ်ရပ်ထပ်ညီ
1783
ထွက်ရှိသည်ဖြစ်၍(သက္ကရာဇ်၁၁)၄၅ခု(၁၁)၆၄ခု ရွှေတိုက်စာရင်း ထွက်ရှိ
1802
သူငသာဦး သား ငမြတ်ထင်သမီး မိငြိမ်း ၊ မောင်ငရွှေစ၊ ငရွှေစသား င
ရန်မင်း ၊ သား ငရွှေမြတ်၊ ငရွှေမြတ်သမီး မိနှင်း အိုင်သား ငမြတ်သာ၊ အ
ဂိုး သား မြေး အမိန့် တော်လွှတ် တော်စာမျှား နှင့်လက်ရှိကြီး စိုး ရသူမှန်သည်

နှင့်အညီ ယောမြို့စီရင်စုအညာပန်ရွာသူကြီး ငမြတ်သာကိုတိုး တံဆိပ်အသနား
တော်မြတ်ခံ စေ၍လက်ရှိကြီး စိုး မြဲကြီး စိုး စေပြီး လျှင်စစ်တမ်း စာရင်း ဆက်
သွင်း စေမည်စာဆက်သွင်း ချက်အတိုင်း ယောမြို့စီရင်စုအညာပန်ရွာကိုလက်ရှိ
ကြီး စိုး မြဲကြီး စိုး စေ၍စစ်တမ်း စာရင်း ဆက်သွင်း စေသက္ကရာဇ်၁၂၄၅ခု
31 January 1884
တပို့တွဲလဆန်း ၄ရက် နေ့ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည့်အ
တိုင်း ယောမြို့စီရင်စုအညာပန်ရွာကိုငမြတ်သာကလက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်
ရွက် စေသည်၊ အညာပန်ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့၊ သူ
ကြီး ငမြတ်သာဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ အညာပန်ရွာသူကြီး ငမြတ်သာ
ကလည်း ကျေး ရွာကိုစည်ပင်သာယာဖြစ်တွန်း အောင်သိမ်း သွင်း ပြုစုပြီး လျှင်
ရာဇဝတ် တော် ရေး မပေါ် မထွက် စေရ၊ ခန့်ထား ကျရောက်သည့်မင်း မှုတော်
ရပ်များ ကိုမြို့ရုံး ဆင့်ဆိုရာနာခံ၍အမိန့်တော်မြတ်ရင်း နှင့်အညီ ပြေကုန် အောင်
လက်ရှိကြီး စိုး မြဲကြီး စိုး ဆောင်ရွက်ရမည်။ (ဝန်မင်း များ စာ)
(အညာပန် မဲကျော် စာစု)

ယောမြို့သူကြီး မြို့စာရေး တို့၊ ငမြတ်သာကအညာပန်ရွာကိုအကြီး တော်ဖြစ်တမြို့
တကျေး အဝေး ရပ်ရွာဝင် နေလါရောက် နေထိုင်လိုသူတို့ကိုသိမ်း သွင်း ပြုစု၍
ဝင် နေလါရောက်သူအသည်အမှုထမ်း တို့မှာအညာပန်ရွာအုပ်စာရေး ကို့ကအ
ဆင့်အဆိုမရှိမြို့ဝုံး ဆင့်ဆိုရာနာခံ ဆောင်ရွက်ပါရမည့်အကြောင်း နှင့်အစီရင်
ခံသည်ဖြစ်၍ ငမြတ်သာကိုအကြီး တော်ဖြစ်အညာပန်ရွာမှာသိမ်း သွင်း ပြုစု စေ
သည်၊ ငမြတ်သာသိမ်း သွင်း ပြုစုဝင် နေလါရောက်သည့်လူတို့မှာအညာပန်ရွာအုပ်
ကဒိုင်စာရင်း မင်း မှုရာဇဝတ်တရား စကား မှစ၍အဆင့်အဆိုအခွဲအခန့်မရှိ
မြို့ဝုံး ဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ ငမြတ်သာကလည်း တမြို့တကျေး အဝေး
မြို့ရွာကဝင် နေလါရောက် နေထိုင်လိုသူတို့ကိုအကြီး တော်ဖြစ်သိမ်း သွင်း ပြုစုပြီး လျှင်
မြို့ဝုံး ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်။
(အညာပန် မဲကျော် စါစု)

ယောမြို့သူကြီး မြို့စာရေး တို့နှင့်အညာပန်ရွာအသည်အလါဝင် နေကပ်ပါး ကြေးထမ်း ကြီး ငယ်တို့၊ ငမြတ်သာကအညာပန်ရွာမှာအရိုး သား မြေး မှန်သည့်အတိုင်း ဦး ရိုး ငကာစီခြင်္သေ့တံဆိပ်အမိန့် တော်ခံယူကြီး စိုး သေဆုံး လျှင်ကျွန် တော် ငယ်ရွယ်စဉ်အတွင်း ငရွှေ ပေကိုအုပ်ထိမ်း ပြုစု စေရာလူ နေအိမ် ခြေနည်း ပါး အကျိုးတော်မဖြစ်မထွန်း ရှိသည်ဖြစ်၍အရိုး သား မြေး မှန်သည်အတိုင်း အညာပန်ရွာမှာရှိ နေထမ်း ခံရင်း လူတို့ကိုမပျက်မပြား ပါစေရခံဝန်ထိန်း သိမ်း ၍တမြို့တကျေး အဝေး မြို့ရွာ နေလူအိမ် ခြေတဆယ်သား တို့နှင့်ဝင် ရောက်ပြုစု ပါရမည့်အကြောင်း နှင့်အစီရင်ခံသည်ဖြစ်၍အညာပန်ရွာမှာခြင်္သေ့တံဆိပ်အမိန့် တော်မြတ်နှင့်ကြီး စိုး သူငကာစီတူငမြတ်သာကိုအကျိုး တော်ဖြစ်စာပေး အပ်အုပ်ထိန်း ပြုစုစေသည်၊ အညာပန်ရွာအသည်အလါဝင် နေကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့ငမြတ်သာဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊ ရွာအုပ်ငမြတ်သာလည်း ရှိ နေထမ်း ခံရင်း လူတို့ကိုမပျက်မပြား စေရခံဝန်ထမ်း သိမ်း ၍တမြို့တ ကျေး အဝေး မြို့ရွာများ ကဝင် နေလါရောက်လိုသူတို့ကို ခေါ်ယူသိမ်း သွင်း ပြုစုပြီး လျှင်ရာဇဝတ်တော် ရေး မပေါ်မထွက် စေရကင်း လွတ်လုံခြုံ အောင်ထိမ်း အုပ်၍မင်း မှုတော်ပေါ် ပေါက်ကျ ရောက်သည်များ ကိုမြို့ရုံး ဆင့်ဆိုရာနာခံ ဆောင်ရွက်ရမည်။

(ယောမြို့အုပ်မင်း မဟာမင်း ခေါင်သူရိန်စာ)

(အညာပန် မဲကျော် စာစု)

ယောမြို့သူကြီး မြို့စာရေး တို့နှင့်အညာပန်ရွာအသည်အလါဝင်နေကပ်ပါး ကြေး
ထမ်းကြီး ငယ်တို့၊ ယောလေး မြို့ဝန်မင်း ထင်မင်း လှရာဇကျော်ခေါင်ကဝန်
စုပါယောမြို့သူကြီး ကျေး ရွာသူကြီး တို့ကိုစစ်တမ်း စာရင်း ဆက်သွင်း ကြီး စိုး စေ
အမိန့်တော်မြွက်အရစစ်ဆေး မေး မြန်း ရာဘုရား ခမည်း တော်ပဌမသင်္ဂါ
ယနာတင်မင်း တရား ကြီး ဘုရား လက်ထက်အမိန့်တော်မြွက်နှင့်ဘုရား ရွှေလက်
ထက် တော်တိုင်လက်ရှိကြီး စိုးရသူဘုရါး ရွှေလက်ထက် တော်အမိန့်တော်မြွက်နှင့်ကြီး စိုးရသူ
တို့ကိုတိုးတံဆိပ်သနါး တော်မြွက်ခံ၍စစ်တမ်းစါရင်းနှင့်တကွ လျှောက်ထါးသည်ဖြစ်ယော
ကြောင့် ယောလေး မြို့ဝန်မင်း လှရာဇကျော်ခေါင် လျှောက်ထား စာရင်း တင်
ရာပါယောမြို့စီရင်စုအညာပန်ရွာသူကြီး ငမြွတ်သာအမိန့်တော်မြွက်နှင့်ကြီး စိုး
ရသူလက်ရှိသူကြီး ဟုတ်မဟုတ်အမိန့်တော်လွှတ်တော်စာများ ကိုတင်ပေး စေရာ
အမိန့်တော်လွှတ်တော်စာများ နှင့်လက်ရှိကြီး စိုး ရသူဖြစ်၍ ဆွေမျိုး စဉ်ဆက်စာ
ရင်း ပုံများ ကိုတင်ပေး စေပြီး လျှင် ရွှေတိုက်တော်မှာအညာပန်ရွာသူကြီး ပေး
1783
(သက္ကရာဇ်၁၁)၄၅ခု(၁၁)၆၄ခုစာရင်း ကိုထုတ်သွင်း ကူး ယူတိုက်ဆိုင်ကြည့်ရာ
1802
(သက္ကရာဇ်၁၁)၄၅ခု(၁၁)၆၄ခုစစ်တမ်း စာရင်း ပါအရိုး သား မြေး မှန်
1783
ကြောင်း စာရင်း နှစ်ရပ်ထွက်ရှိညီညွတ်သည်သာဖြစ်၍လွှတ်တော်ကစစ်ဆေး မေး
1802
မြန်း စာဆက်သွင်း ချက်အတိုင်း ယောမြို့စီရင်စုအညာပန်ရွာကိုကျွန်တော်ငမြွတ်
သာလက်ရှိကြီး စိုး မြဲကြီး စိုး စေ၍စစ်တမ်း စာရင်း ဆက်သွင်း သောအမိန့်တော်
တံဆိပ်စာချွန်ရရှိသည်ဖြစ်ပါ၍အသည်ဝန်စါပေး အပ်ပါမည့်အကြောင်း နှင့် လျှောက်
31 January 1884
ချက်အရ(သက္ကရာဇ်)၁၂၄၅ခုတပို့တွဲလဆန်း ၄ရက် နေ့ဘုရား အမိန့်တော်မြွက်ကို
ဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ငမြွတ်သာကိုအမိန့်တော်တံဆိပ်စာချွန်အရဆိုင်
ရာအသည်ဝန်စာပေး အပ် ယောမြို့စီရင်စုအညာပန်ရွာကိုလက်ရှိကြီး စိုး မြဲကြီး
စိုး ၍စစ်တမ်း စာရင်း ဆက်သွင်း စေသည်၊ အညာပန်ရွာအသည်အလါဝင်နေ
ကပ်ပါး ကြေး ထမ်း ကြီး ငယ်တို့သူကြီး ငမြွတ်သာဆင့်ဆိုရာနာခံ ဆောင်ရွက်ကြရမည်၊
အညာပန်ရွာသူကြီး ငမြွတ်သာလည်း စီရင်စု ကျေး ရွာကိုစည်ပင်သာယာဖြစ်ထွန်း
အောင်သိမ်း သွင်း ပြုစုပြီး လျှင်ခန့်ထား ကျရောက်သည့်မင်း မှုတော်ရပ်များ ကို
ဆိုင်ရာမြို့ရုံး ဆင့်ဆိုရာနာခံ၍အမိန့်တော်မြွက်ရင်း နှင့်အညီ ပြေကုန် အောင်ကြီး

စိုး ဆောင်ရွက်ရမည်။ (အသည်ဝန်မင်း ၊ မင်းကြီး မင်းလှမဟာမင်း ကျော်
ရာဇာ စါ)
(အညာပန် မဲကျော် စါစု)

27 February 1884

သက္ကရာဇ် ၁၂၄၅ ခု တပေါင်းလဆန်း ၂ ရက်နေ့ ပင်းနတ်မောက်ကျောက်ပန်း တောင်းသုံးမြို့ဝန်ချက်၊ ပင်းနတ်မောက်ကျောက်ပန်းတောင်းသုံးမြို့ ကျေးရွာအတွင်း ကြီးငိုး မှုရာဇဝတ်မှုတရားစကားမှုမှစ၍အရပ်ရပ်မြို့ ရေးရွာမှုအကြောင်းအရာနှင့်စပ်လျဉ်း(၍)လွှတ်တော်သို့လျှောက်ထားဂုန် သုံးမြို့ဝန်က ပေးအပ်လိုက်သည့်ဒေါင်းတံဆိပ်ခတ်စာများကို ရှေးအစဉ်ထုံးစံ ရှိသည်အတိုင်း လွှတ်တော်အဝေး ရောက်တို့ထံတင်ပေးဘတ်လျှောက်ပါစေမည်၊ လက်ကိုင်စစ်ရင်းဆို၍ မည်သည့်ဝန်ထောက်မင်း၊ စာရေးကြီး၊ လက်ကိုင်စာ ရေးတို့ထံမတင်မပြမပေးမအပ်ပါ၊ နောင်တစုံတရာတင်ပြပေးအပ်ကြောင်း များနှင့်တွေ့မြင်ကြားသိရလျှင်ရာဇဝတ်အပြစ်စီရင်ရာခံပါမည်ခံဝန်သည်၊

(27 February 1884)

(သက္ကရာဇ် ၁၂၄၅ ခု တပေါင်းလဆန်း ၂ ရက်) နေ့ တောင်ငူရမည်းသင်းနှစ် မြို့ခံငဆင့်ငှင်းနည်း ခံဝန်သည်။

27 February 1884

သက္ကရာဇ် ၁၂၄၅ ခု တပေါင်းလဆန်း ၂ ရက်နေ့မြ တောင်ခြောက်မြို့ခံ ငဆင့်ငှင်းနည်း ခံဝန်သည်။

(မှိုး ကြည့်၊ ပု၊ ၁၂၀၃)

နိုင်ငံတော်အတွင်း မြို့ကျေးရွာများ မှာဆိုင်ရာအသီးအခြားအကွဲအပြား
မရှိစေနှင့်၊ မိုးနဲမိုး ဩသိန္နီတပ်ရုံးသုံး ရပ်ခွဲဝေပိုင်းခြားပြီး ရှမ်းပြည်
မြို့ကျေးရွာများ ပြင် ရွှေမြို့တော်မှစ၍အရပ်ရပ်မြို့ကျေးရွာများ မှာဌာန
ခရိုင်ကြီး ဆယ်ရပ်ခွဲဝေပိုင်းခြား ခန့်ထားဆင့်ဆိုစီရင်စေ၊

၁၊ ရွှေမြို့တော် ရွှေကြိုး သတ်နယ် မြေကျေးရွာများ နှင့်အုန်းတွမ်း ဥယောင်း လက်
ရခြောက်ရွာ ရေကြည်ကြာပင် ကျေးရွာများ ကိုပဌမဌာန ရွှေမြို့တော်ခရိုင်၊

၂၊ အဝမြို့ဝန်ဝန်စုမြို့ရွာ တောင်ဘက်ကိုး ခရိုင်၊ ကျောက်ဆည်ရုံးဆင့်စုမြို့ရွာ၊
ပလိပ်တဘက်ဆွဲ ကျေးရွာ၊ ရွှေပြည်ရန် အောင်မြင်း ဝန်ဝန်စုမြို့ရွာ၊ တလုပ်မြို့
ဝန်ဝန်စုမြို့ရွာ၊ပင်း တလဲမြို့ဝန်ဝန်စုမြို့ရွာများ ကိုဒုတိယဌာနအဝခရိုင်၊

၃၊ မိတ္ထီလာမြို့ဝန်ဝန်စုမြို့ရွာ၊ ညောင်ရမ်း မြို့ဝန်ဝန်စုမြို့ရွာ၊ တောင်ငူ
ရမည်း သင်း နှစ်မြို့ဝန်ဝန်စုမြို့ရွာများ ကိုတတိယ ဌာန တောင်ငူခရိုင်၊

၄၊ တောင်တွင်းကြီး မြို့ဝန်ဝန်စုမြို့ရွာ၊ ပင်း နတ်မောက် ကျောက်ပန်း
တောင်း သုံး မြို့ဝန်ဝန်စုပါမြို့ရွာများ ကို စတုတ္ထဌာန တောင်တွင်းကြီး ခ
ရိုင်၊

၅၊ ပုဂံမြို့ဝန်ဝန်စုမြို့ရွာ၊ စလေမြို့ဝန်ဝန်စုမြို့ရွာ၊ စလင်း မြို့ဝန်ဝန်စုမြို့ရွာ၊
စကုမြို့ဝန်ဝန်စုမြို့ရွာ၊ မကွေး မြို့ဝန်ဝန်စုမြို့ရွာ၊ မလွန်မြို့ဝန်ဝန်စုမြို့ရွာ၊
မြေထဲမြို့ဝန်ဝန်စုမြို့ရွာ၊ မင်းတုန်း တောင်စဉ်ခုနစ်ခရိုင်မြို့ဝန်ဝန်စုမြို့ရွာ
များ ကိုပဉ္စမဌာန အောက်မြစ်စဉ်ခရိုင်၊

၆၊ ပုခန်းကြီး မြို့ဝန်ဝန်စုမြို့ရွာ၊ ဗန်ကြီး တိုက်ဝန်ဝန်စုမြို့ရွာ၊ ယောလေး မြို့
ဝန်ဝန်စုမြို့ရွာများ ကိုဆဋ္ဌဌာနပုခန်းကြီး ခရိုင်၊

၇၊ ကနီမြို့ဝန်ဝန်စုမြို့ရွာ၊ ကလေး မြို့ဝန်ဝန်စုမြို့ရွာ၊ တမူး ခန်း ပတ်မြို့ဝန်
ဝန်စုမြို့ရွာ၊ မိုင်း ခိုင်မိုင်း ညောင် မြို့ဝန်ဝန်စုမြို့ရွာများ ကိုသတ္တမဌာန
ချင်းတွင်း ကြောင်း ခရိုင်၊

၈၊ စကိုင်း မြို့ဝန်ဝန်စုမြို့ရွာ၊ အမြင့်ငါး မြို့ဝန်ဝန်စုမြို့ရွာ၊ အလုံမြို့ဝန်ဝန်စု
မြို့ရွာ၊ တပယင်း မြို့ဝန်ဝန်စုမြို့ရွာများ ကိုအဋ္ဌမဌာန စကိုင်း ခရိုင်၊

၉၊ ရတနာသိဃ်မြို့ဝန်ဝန်စုမြို့ရွာ၊ ပဉ္စာလ ခြင်္ကက်မြို့ဝန်ဝန်စုမြို့ရွာ၊ ရွှေအ

ရွှေကြောင်း ဝန်ဝန်စုမြို့ရွာ၊ ကောလင်းမြို့ဝန်ဝန်စုမြို့ရွာ၊ ဝန်းသိုစော်ဘွား ဘွား စား စုမြို့ရွာ၊ မြေဒူးမြို့ဝန်ဝန်စုမြို့ရွာ၊ အင်း တောက်သာမြို့ဝန်ဝန်စုမြို့ရွာများကို နဝမဌာန ရတနာသိဿခရိုင်၊

(၁၀) ငပဲဥ်ကူးမြို့ဝန်ဝန်စုမြို့ရွာ၊ စမွယ်နကိုရ်မြို့ဝန်ဝန်စုမြို့ရွာ၊ မြတောင်မြို့ဝန်ဝန်စုမြို့ရွာ၊ မိုးတားမြို့ဝန်ဝန်စုမြို့ရွာ၊ မန်လည်မြို့ဝန်ဝန်စုမြို့ရွာ၊ မိုးမိတ်မိုးလှိုင်နှစ်မြို့စော်ဘွား ဘွား စားရိုမြို့ရွာ၊ မိုးကုတ်ကြပ်ပြင်ကသည်းသုံး စို့နယ်မြေကျေး ရွာ၊ဗန်း မော်မြို့ဝန်ဝန်စုမြို့ရွာ၊ မိုးကောင်းမြို့ဝန်ဝန်စုမြို့ရွာများကို ဒသမဌာန အညာမြစ်စဉ်ခရိုင်၊

ဌာနခရိုင်ကြီး ဆယ်ရပ်ခွဲဝေပိုင်း ခြား စေ၊

၁၊ ပဌမဌာန ရွှေမြို့တော်ခရိုင်မြို့ကျေးရွာများကို ရွှေရုံးကဆင့်ဆိုစီရင်စေ၊ ၂၊ ဝန်ထောက်မြေတိုင်အမတ်မင်းကြီး မဟာမင်း ခေါင်ကျော်ထင်ကိုဒုတိယဌာနအဝခရိုင်ဝန်ခန့်၊ ၃၊ ဝန်ထောက်မိုးတားမြို့စားမင်းကြီး မင်းလှမဟာကျော်ထင်ကိုတတိယဌာနတောင်ငူခရိုင်ဝန်ခန့်၊ ၄၊ မြို့ဝန်ယင်းတော်မြို့စားမင်းကြီး သီရိမဟာဇေယကျောမဏိကိုစတုတ္ထဌာနတောင်တွင်းကြီးခရိုင်ဝန်ခန့်၊ ၅၊ လက်ဝဲဝင်းမှူး မက္ကရာမြို့စားမင်းကြီး မင်း ခေါင်မဟာသမိန်ဘရမ်းကိုပဥ္စမဌာန အောက်မြစ်စဉ်ခရိုင်ဝန်ခန့်၊ ၆၊ မြင်းစုကြီး ဝန်မင်းကြီး မဟာမင်းလှမင်း ခေါင်ကျော်ထင်ကိုဆဋ္ဌဌာနပုခန်းကြီး ခရိုင်ဝန်ခန့်၊ ၇၊ ဝန်ထောက်မင်းကြီး မဟာမင်း ခေါင်သင်္ခယာကိုသတ္တမဌာနချင်းတွင်း ကြောင်းခရိုင်ဝန်ခန့်၊ ၈၊ အတွင်းဝန်ခင်မမင်း ဝန်မိုင်းဒိုင်မြို့စားမင်းကြီး မဟာသီရိဇေယသူကိုအဋ္ဌမဌာနစစ်ကိုင်းခရိုင်ဝန်ခန့်၊ ၉၊ ရွှေဝင်းမှူး ရတနာသိဿမြို့ဝန်ရဲဘက်မြင်း ဝန်သတိုး မင်းကြီး မဟာမင်း ခေါင်ရာဇာကိုနဝမဌာနရတနာသိဿခရိုင်ဝန်ခန့်၊ ၁၀၊ ဝန်ထောက်မင်းကြီး မဟာမင်းလှမင်း ခေါင်ကျော်ကိုဒသမဌာနအညာမြစ်စဉ်ခရိုင်ဝန်ခန့်။

29 February 1884

သက္ကရာဇ် ၁၂၄၅ ခုတပေါင်းလဆန်း ၄ ရက်နေ့နား ခမင်း ထင်ရာဇာတွင်ပြန်။

( မျိုး ကြည့်၊ ပု၊ ၁၂၀၃၊ ကုန်း ၊ တ၊ ၁၉၆၇၊ စာ၆၃၀–၂)

နိုင်ငံတော်အတွင်း မြို့ ကျေး ရွာ များ မှာ ဆိုင်ရာအသီး အခြား အကွဲအပြား မ
ရှိစေနှင့်၊ မိုး နဲ မိုး ပြဲသိန္နီတပ်ရုံး သုံး ရပ်ခွဲ ဝေပိုင်း ခြား ပြီး ရှမ်း မြို့ ကျေး
ရွာ များ ပြင် ရွှေမြို့တော်မှ စ၍အရပ်ရပ်မြို့ ကျေး ရွာ များ မှာ ဌာနခရိုင်ကြီး
ဆယ်ရပ်ခွဲ ဝေပိုင်း ခြား ခန့်ထား ဆင့်ဆိုစီရင် စေဘုရား အမိန့်တော်မြတ်ကို
ဦး ထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ရှမ်း ပြေမြို့ ကျေး ရွာ များ ပြင်ကျန်မြို့ ကျေး
ရွာ များ မှာ ဌာနဆယ်ရပ်ခွဲ ဝေပိုင်း ခြား သည့်ခရိုင်မြို့ရွာ စာရင်း ဘုရား

ပဌမဌာနခရိုင်မြို့ရွာစာရင်း

| | | |
|---|---|---|
| ရွှေမြို့တော် ရွှေကြီး သတ်နယ် မြေ | ၁ | မှာ ရှေ့ရုံး ကဆင့်ဆိုစီရင်ရန် |
| အုန်း ကွမ်း ရွာ | ၁ | |
| ဥ တောင်ရွာ | ၁ | |
| လက်ရ ခြောက်ရွာ | ၁ | |
| ရေကြည်ကြာပင်ရွာ | ၁ | |
| တွင်း ငယ်ရွာ | ၁ | |
| ပေါင်း | ၆ | |

ဒုတိယဌာနအဝခရိုင်စာရင်း

| | | |
|---|---|---|
| အဝမြို့ဝန်ဝန်စု | ၁ | မှာ ဝန် ထောက် မြေတိုင်အမတ်ဂါခရိုင်ဝန် |
| တောင်ဘက်ကိုး ခရိုင်ဆင့်စု | ၁ | |
| ပလိပ်ရွာ | ၁ | |
| တဘက်ဆွဲရွာ | ၁ | |
| ရွှေပြည်ရန် အောင်မြင်းဝန်ဝန်စု | ၁ | |
| တလုပ်မြို့ဝန်ဝန်စု | ၁ | |
| ပင်း တလဲဝန်ဝန်စု | ၁ | |
| ပေါင်း | ၇ | |

တတိယဌာန တောင်ငူခရိုင်စာရင်း

မိတ္ထီလာမြို့ဝန်ဝန်စု ၁ မှာဝန်ထောက်မိုးတားမြို့စါး ခရိုင်ဝန်

ညောင်ရမ်းမြို့ဝန်ဝန်စု ၁

တောင်ငူရမည်းသင်းနှစ်မြို့ဝန်

ဝန်စု ၁

ပေါင်း ၃

စတုတ္ထဌာန တောင်တွင်းကြီးခရိုင်စာရင်း

တောင်တွင်းကြီးမြို့ဝန်ဝန်စု ၁ မှာမြို့ဝန်ယင်းတော်မြို့စါး ခရိုင်ဝန်

ပင်းနတ်မောက်ကျောက်ပန်း

တောင်းသုံးမြို့ဝန်ဝန်စု ၁

ပေါင်း ၂

ပဥ္စမဌာန အောက်မြစ်စဉ်ခရိုင်စာရင်း

ပုဂံမြို့ဝန်ဝန်စု ၁ မှာလက်ဝဲဝင်းမှူးမဏ္ဍရမြို့စါး ခရိုင်ဝန်

စလေမြို့ဝန်ဝန်စု ၁

စလင်းမြို့ဝန်ဝန်စု ၁

စကုမြို့ဝန်ဝန်စု ၁

မကွေးမြို့ဝန်ဝန်စု ၁

မလွန်မြို့ဝန်ဝန်စု ၁

မြေထဲမြို့ဝန်ဝန်စု ၁

မင်းတုန်းတောင်စဉ်ခုနစ်

ခရိုင်ဝန်ဝန်စု ၁

ပေါင်း ၈

ဆဋ္ဌဌာန ပုခန်းကြီး ခရိုင်မြို့ရွာစာရင်း

| | | |
|---|---|---|
| ပုခန်းကြီး မြို့ဝန်ဝန်စု | ၁ | မှာမြင်း စုကြီး ဝန်ခရိုင်ဝန် |
| ဗန်း ကျီတိုက်ဝန်ဝန်စု | ၁ | |
| ဃော လေး မြို့ဝန်ဝန်စု | ၁ | |
| ပေါင်း | ၃ | |

သတ္တမဌာန ချင်း တွင်း ကြောင်း ခရိုင်မြို့ရွာစာရင်း

| | | |
|---|---|---|
| ကန္နီမြို့ဝန်ဝန်စု | ၁ | မှာ ညောင်ဝန်း ဝန် ထောက်ခရိုင်ဝန် |
| ကလေး မြို့ဝန်ဝန်စု | ၁ | |
| တမူး ခန်း ပတ်မြို့ဝန်ဝန်စု | ၁ | |
| မိုင်း နိုင်မိုင်း ညောင်နှစ်မြို့ဝန်ဝန်စု | ၁ | |
| ခန္တီး စော်ဘွား ဘွား စါး စုမြို့ရွာ | ၁ | |
| သောင်သွပ်မြို့ စော်ဘွား ဘွား စား စု မြို့ရွာ | ၁ | |
| ပေါင်း | ၆ | |

အဋ္ဌမဌာန ဝကိုင်း ခရိုင်မြို့ရွာစာရင်း

| | | |
|---|---|---|
| စကိုင်း မြို့ဝန်ဝန်စု | ၁ | မှာအတွင်း ဝန်ခင်မမင်း ဝန် မိုင်း နိုင်မြို့စား ခရိုင်ဝန် |
| အမြင့်ငါး မြို့ဝန်ဝန်စု | ၁ | |
| အလုံမြို့ဝန်ဝန်စု | ၁ | |
| တပယင်း မြို့ဝန်ဝန်စု | ၁ | |
| ပေါင်း | ၄ | |

နဝမဋ္ဌာနရတနာသိင်္ဃခရိုင်မြို့ရွာစာရင်း

| | | |
|---|---|---|
| ရတနာသိင်္ဃမြို့ဝန်ဝန်စု | ၁ | မှာ ရွှေဝင်း မှူး ရတနာသိင်္ဃမြို့ဝန် ရဲဘက်မြင်း ဝန်ခရိုင်ဝန် |
| ပဉ္စာလ ခြောက်မြို့ဝန်ဝန်စု | ၁ | |
| ရွှေအ ရှေ့ကြောင်း ဝန်ဝန်စု | ၁ | |
| ကောလင်း မြို့ဝန်ဝန်စု | ၁ | |
| ဝန်း သို စော်ဘွားဘွား စါး စု | ၁ | |
| မြေတူး မြို့ဝန်ဝန်စု | ၁ | |
| အင်း တောက်သာမြို့ဝန်ဝန်စု | ၁ | |
| ပေါင်း | ၇ | |

ဒသမဋ္ဌာနအညာမြစ်စဉ်ခရိုင်စာရင်း

| | | |
|---|---|---|
| ငစည့်ကူး မြို့ဝန်ဝန်စု | ၁ | မှာဝန် ထောက်အညာမြစ်စဉ်ခရိုင်ဝန် |
| စမွယ်နဂိုရ်မြို့ဝန်ဝန်စု | ၁ | |
| မြ တောင်မြို့ဝန်ဝန်စု | ၁ | |
| မိုး တား မြို့ဝန်ဝန်စု | ၁ | |
| မန်လည်မြို့ဝန်ဝန်စု | ၁ | |
| မိုး မိတ်မိုး လှိုင်နှစ်မြို့စော်ဘွား ဘွား စား မြို့ရွာ | ၁ | |
| မိုး ကုတ်ကျွပ်ပြင်ကသည်း သုံး တို့ ကျေးရွါ | ၁ | |
| ဗန်း မော်မြို့ဝန်ဝန်စု | ၁ | |
| မိုး ကောင်း မြို့ဝန်ဝန်စု | ၁ | |
| ပေါင်း | ၉ | |
| စုစု | ၁၆ | |

| အချုပ်ဘုရား | ရေ | မြို့ရွာ |
|---|---|---|
| ပဌမဌာန၊ ရွှေမြို့တော်ခရိုင် | ၁ | ၆မှာ ရွှေရုံး ကဆင့်ဆိုရန် |
| ဒုတိယဌာန၊ အဝခရိုင် | ၁ | ၇မှာ ဝန်ထောက် မြေတိုင်အမတ်ခရိုင်ဝန် |
| တတိယဌာန၊ တောင်ငူခရိုင် | ၁ | ၃မှာ ဝန်ထောက် မိုးတားမြို့စား ခရိုင်ဝန် |
| စတုတ္ထဌာန၊ တေါင်တွင်းကြီး ခရိုင် | ၁ | ၂မှာ မြို့ဝန်ယင်း တော်မြို့စား ခရိုင်ဝန် |
| ပဉ္စမဌာန၊ အောက်မြစ်စဉ်ခရိုင် | ၁ | ၈မှာ လက်ဝဲဝင်းမှူး ခရိုင်ဝန် |
| ဆဋ္ဌဌာန၊ ပုခန်းကြီး ခရိုင် | ၁ | ၃မှာ မြင်းစုကြီးဝန် ခရိုင်ဝန် |
| သတ္တမဌာန၊ ချင်းတွင်း ကြောင်း ခရိုင် | ၁ | ၆မှာ ညောင်ဝန်းငန် ထောက်ခရိုင်ဝန် |
| အဋ္ဌမဌာန၊ စကိုင်းခရိုင် | ၁ | ၄မှာ အတွင်းဝန် ခင်မမင်းဝန် ခရိုင်ဝန် |
| နဝမဌာန၊ ရတနာသိဃ်ခရိုင် | ၁ | ၇မှာ ရွှေဝင်းမှူး ရတနာသိဃ်မြို့ဝန် ခရိုင်ဝန် |
| ဒသမဌာန၊ အညာမြစ်စဉ်ခရိုင် | ၁ | ၉မှာ ဝန်ထောက်အညာမြစ်စဉ်ဝန် ခရိုင်ဝန် |
| ပေါင်း | ၁၀ | ၅၅ |

(မျိုး ကြည့်၊ ပု၊ ၁၂၈၃)

မာလာလင်္ကာရသာသနဓဇဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု
ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှက်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဆရာ တော်
အမိန့် တော်ရှိသည်၊ အမြင့်မြို့ ချောင်း ဦး ဆယ်ရွာနယ် လေး ရပ်ရှစ်ရပ်သတ်
မှတ်သည့်အတွင်း သီတင်း သုံး နေထိုင်ကြသည့်သင်္ဃာတို့တွင်ဆုံး မစီရင်ရန်ရှိသမျှသာ
သနာ ရေး သာသနာမှုနှင့်စပ်သည်များ ကိုဝိနည်း ဓမ္မကံနှင့်အညီထိမ်း သိမ်းအုပ်
ချုပ်စီရင်ဆုံး ဖြတ်စိမ့်မည်ဂဏာစရိယပဏပါမောက္ခကမ္မာကမ္မဝိနိစ္ဆကအဖြစ်ဖြင့်
10 March 1884
သက္ကရာဇ် ၁၂၄၅ ခုတ ပေါင်း လဆန်း ၁၄ ရက် နေ့အမြင့်မြို့ဘုံပျံတိုက် နေပဥ္စမဂိုဏ်း
ထောက်ရှင်တိက္ခကိုဂိုဏ်း အုပ် ရွှေ လေရွာ ကျောင်း နေရှင်ဂန္ဓိကိုပဥ္စမဂိုဏ်း ထောက်
ချောင်း ဦး ဆယ်ရွာမန်ကျည်း တောတိုက် နေရှင်အာသဘငါး ခုံရွာ ရွှေ ကျောင်း
တိုက် နေရှင်ဉာဏ ချောင်း မနား ရွာ လှော်ကား တိုက် နေရှင်အာစိဏ္ဏတို့ကိုဒုတိယ
ဂိုဏ်း ထောက်ခန့်အပ် တော်မူသည်၎င်း အမြင့်မြို့ချောင်း ဦး ဆယ်ရွာနယ် လေး ရပ်
ရှစ်ရပ်သတ်မှတ်သည့်အတွင်း သီတင်း သုံး နေထိုင်ကြသည့်သင်္ဃာတို့တွင်ဆုံး ဖြတ်စီရင်ရန်
ရှိသမျှသာသနာ ရေး သာသနာမှုနှင့်စပ်သည်များ ကိုဝိနည်း ဓမ္မကံနှင့်အညီဂိုဏ်း
အုပ်ရှင်တိက္ခပဥ္စမဂိုဏ်း ထောက်ရှင်ဂန္ဓိဒုတိယဂိုဏ်း ထောက်ရှင်အာသဘအရှင်
ဉာဏရှင်အာစိဏ္ဏတို့ကဆုံး ဖြတ်စီရင်စေ၊ ၎င်း နယ်တွင်း ရှိသင်္ဃာတို့လည်း ဂိုဏ်း
အုပ်ဂိုဏ်း ထောက်တို့ဝိနည်း ဓမ္မကံနှင့်အညီဆင့်ဆိုဆုံး မစီရင်ရာမ သွေမလွန်နာ
ခံ၍ဂန္ထာဓုရဝိပဿနာဓုရတရား နှစ်ပါး ကိုပွါး များ အား ထုတ်ကျင့်ကြံ နေထိုင်
ကြစေ။

(အမြင့်ဘုံပျံ ကျောင်း စာစု)

လောင်ဘုံငယ်ရွာအသည်အလါကြေးထမ်းကြီးငယ်တစုတို့၊ ငအိုက (သက္ကရာဇ်၁၁ 1806
၆ဂခု   သူကြီးအရာနှင့်အမှုတော်ကိုလိုက်ထမ်းသူငအိစားရိက္ခာအတွက်ကိုရွာ
နေအသည်တို့က မခွဲမခန့်ထိုက်ကြောင်း ပြောဆိုပါသည်ထီးလင်းမြို့စီရင်စုကျေး
ရွာအတွင်း လိုက်ထမ်းသည့်သူကြီးစားရိက္ခာကိုရွာကအသီးအသီးကြခံပေး ဆောင်
ကြရပါသည်၊ ကျေးရွာတကာနည်း ကျွန်တော်ရွာမှာလည်း အသည်ငယ်သားတို့ကို
ခွဲခန့်ပါရမည့်အကြောင်း အစီရင်ခံသည့်အတိုင်း မှန်လျှင်သူကြီးစားရိက္ခာကုန်
ငွေများကိုပြန်ရောက်လျှင်ရွာနေအသည်တို့ကအသီးအသီးပေးဆောင်ကြခံကြ
ရသည်ဖြစ်သည်၊ လောင်ဘုံငယ်အသည်အလါကြေးထမ်းတို့ကရွာမှာမခွဲမတောင်း
ထိုက်ကြောင်း ပြောဆိုသာမည်မဟုတ်၊ ကျေးရွာတကာနည်း သူကြီးငအိအမှုတော်
ထမ်းရာစားရိက္ခာမှန်သမျှကိုသူကြီးငအိုကရွာနေအသည်ကြေးထမ်းတို့မှာသာ
နာညီမျှခွဲခန့်တောင်းခံစေရမည်။

မြို့သူကြီးမင်း၏ (Sakkaraj I245 khu Tapan:lachan:I4 IO March I884)

(ထီးလင်းမောက်စိစု)

လောင်ဘုံငယ်ရွာအသည်ကြေး ပေး ကြီး ငယ်တစုကို၊ သူကြီး ငအိုကသူကြီး ကိုယ်စား တပ်ထမ်း လူ ငအိတပ် တော်မှာ စား သုံး သည့်ရိက္ခာကုန် ငွေများ ကိုအထက်စာ ပေး အပ်သည့်အတိုင်း ရွာ နေသား တို့က မ ပေး မရ သော ကြောင့် ငအိသို့မပြန်မ ပေး ရပါ၊ ရွာ နေ ကြေး ပေး ကြီး ငယ်တစုတို့မှာ ခွဲ တောင်း ၍ ငအိသို့ပြန် ပေး ခု ငွေ ကို ပေး ပြီး ပါရမှ ပြေကုန်နိုင်ပါမည့်အ ကြောင်း နှင့် ငအိုကအစီရင်ခံသည်၊ ငအိ တပ် တော်မှာ စား သုံး ကုန် ငွေ မှန်သမျှကို ငအိုက ရွာ နေသား တို့မှာ ခွဲ တောင်း ၍ ငအိသို့ပြန် ပေး စေ၊ ရွာ နေ ကြေး ပေး ကြီး ငယ်တစုတို့လည်း ငအိစား သုံး ရိက္ခာကုန် ငွေ မှန်သမျှကိုအခွဲအခန့်ခံ၍ ငအိုသို့ ပေး ဆုံကြရမည်။

မြို့သူကြီး မင်း စါ(Sakkaraj I245 khu Tapon: lachan: I4 IO March I884)

(ထီး လင်း မောက်စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ရှေး ဖြည့်ဆီး ဖူး တော်မူအပ်
သော ပါရမီဒဗ္ဗသမ္ဘာရအ ဆောက်အဦး တော်တို့ကြောင့်မြတ် သော မင်း အဖြစ်
သို့ရောက် တော်မူလျှင်သမ္မာသမ္ဗောဓိဆုမြတ်ကိုပန်ဆင် တော်မူလျက် ရေ မြေသနင်း
မင်း တို့တံထွာကျင့် ဆောင်ရာ သောရာဇဓမ္မအ ပေါင်း တို့ကိုအမြဲကျင့် ဆောင်စိုး
အုပ် တော်မူ၍သား တော်အစဉ် မြေး တော်အဆက်မြစ် တော်အညွန့်အဆွန့်ရှည်စွာ
သာသနာ တော်မြတ်အကျိုး စီး ပွါး တိုင်း နေပြည်သူရှင်လူသတ္တဝါအ ပေါင်း တို့အကျိုး
စီး ပွါး များ ရာများ ကြောင်း ကောင်း မြတ် သောသမ္မာဆန္ဒဥဿဟရှိ တော်
မူသည်နှင့်အညီ ရှေး မဟာသုဒဿနမင်း အာဒါသမုခမင်း နေမိမင်း စသောဘု
ရား အလောင်း မင်း ကောင်း မင်း မြတ်တို့သည်ပြည်သူတို့တရား စကား အငြင်း
အခုံရှိသည်များ ကိုတရား သဘင်သို့ထွက်၍ကိုယ်တိုင်ဆုံး ဖြတ်စီရင်ခြင်း ၊ ရှေး ဘား
လောင်း တော်ဘိုး လောင်း တော်တို့လက်ထက်အစည်း အဝေး စည်ကြီး တီး ၍တ
နေ့သုံး ကြိမ်မပြတ်စည်း ဝေး တိုင်ပင်ခြင်း ၊ လွှတ် တော်သို့ထွက်၍သာသနာ တော်
ရေး တိုင်း ပြည်နိုင်ငံ တော် ရေး များ ကိုကျမ်း ဂန်ထုံး စံရှိသည့်အတိုင်း မှန်ကန်
သဖြင့်စီရင်ဆုံး ဖြတ်ခြင်း စသောမင်း တို့ကျင့်ရိုး ကျင့်တမ်း လမ်း ဟောင်း ထုံး
စံရှိသည်နှင့်အညီငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း ရှေး ဘုရား အလောင်း
မင်း ကောင်း မင်း မြတ်တို့ကဲ့သို့ ရွှေနှလုံး တော်သွင်း ရိုး ရင်း တော်မူပြီး လျှင်
ပြည်သူတို့တရား စကား အရှုက်အတင်ရှိသည်များ နှင့်တိုင်း ရေး ပြည်မှုစီရင်ခင်း
စီရင်ဘွယ်ရှိသည်များ ကိုလွှတ် တော်သို့ထွက် တော်မူလျှင်ဝန်တို့နှင့်အတွင်း ဝန်တို့က
ရာဇဝတ်ရေး တိုင်း ရေး ပြည် ရေး သာသနာ တော် ရေး လျှောက်ထား ရန်
ရှိသည်များ ကို လျှောက်၊ တရား စကား လဲဆိုရန်ရှိသည်များ ကိုလည်း အမိန့် တော်
ရတို့ကလဲဆို စေ၊ စကား နှစ်ပြင်ကို ထောက်၍ ဝန်ကြီး အတွင်း ဝန်တို့တိုင်ပင်နှီး
နှောပြီး လျှင်ဆုံး ဖြတ်စီရင်သာ အောင်တင် လျှောက် စေ၊ လွှတ် တော်တက်သည့်အ
ခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေ အောင်စီရင်စာ ရှင်း
13 May 1884
ကိုလည်း သွင်း။ သက္ကရာဇ် ၁၂၄၆ ခုကဆုန်လပြည့် ကျော် ၄ ရက်။

(လွှတ်မှတ်၊ ၁၉၇၇၊ စာ ၁၂ - ၁၃)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အ
မိန့်တော်ရှိသည်။ ငါအသျှင်ကေရာဇ်မင်း မြတ်သည်ဖြည့်ဆည်း ဖူး တော်မူအပ်
သောပါရမီပုညဒဗ္ဗသမ္ဘာရအဆောက်အဦး တော်တို့ကြောင့်ခမည်း တော်
ပဥ္စမသင်္ဂါယနာတင်မင်း တရား ကြီး ဘုရား အရိုက်အရာ တော်ဖြစ်သော
ရတနာပုံ ရွှေပြည် တော်ကြီး ရွှေထီး ရွှေနန်း တိုင်း ပြည်ခရိုင်နိုင်ငံ တော်အလုံး
ကိုဆက်ခံသိမ်း မြန်း စိုး အုပ် တော်မူ၍မြတ် သောမင်း အဖြစ်ကိုယူ တော်မူလျှင်မ
ဟာသုဒဿနကုသနေမိစ သောစကြဝတေး ရှေး ဘေား လောင်း တော်ဘိုး လေါင်း
တော်တို့အလုံး စုံ သောရာဇဓမ္မအပေါင်း တို့ကိုချွတ်ယွင်း တိမ်း ယိမ်း မရှိစေရ
ဖြည့်ကျင့်ရွက် ဆောင် တော်မူပြီး လျှင်ခရုသင်း သုံး လုံး ဖြင့်ဦး ထိပ်နှိုက်သွန်း အပ်
သောရာဇာဘိ သေကမုဒ္ဒါဘိသိက်ကိုသွန်း ခံ တော်မူ၍သဗ္ဗညုရှင် တော်ဘုရား သာ
သနာ တော်မြတ်သုံး ပါး ကိုအတိုင်း ထက်အလွန်စည်ပင်ထွန်း လင်း စေကြောင်း ကို
ရိုး ရင်း ရည်သန် တော်မူလျက် ရှေး သာသနာ တော်ပြုဘေား လောင်း တော်သီရိ
ဓမ္မာ သောကမင်း ဒုဋ္ဌဂါမဏိမင်း ဒေဝါနံပိယတိဿမင်း တို့ကဲ့သို့မရောင့်ရဲနိုင်
သောသမ္မာဆန္ဒ တော်ဖြင့်သာသနာ တော်မြတ်ကိုအထူး ချီး မြှင့် တော်မူသည်သာသနာ
တော်အစွန့်ရှည်စွာစည်ပင်ထွန်း လင်း ကြောင်း မှာလည်း သာမုဏ္ဏသိကပါဝစန
ဖြစ် သောမြတ်စွာဘုရား နှုတ် တော်မြွက်ပိဋကတ်သုံး ပုံတွင်ဝိနည်း ပိဋကတ် တော်
အခြေအမြစ်ဖြစ်ထွန်း တိုး ပွါး ရှိမှသာသနာ တော်မြတ်သုံး ပါး အစွန့်ရှည်စွာစည်
ပင်ပြန့်ပွါး တည်ထွန်း ရာ သောကျမ်း ဂန်ထုံး စံထွက်ရှိသည်နှင့်အညီပဋိပတ္တိပဋိ
ဝေဓစ သောသာသနာ တော်မြတ်နှစ်ပါး ၏အရင်း မူလဖြစ် သောဥဘတောဝိ
ဘင်း ပါဠိ တော်မြတ်ကိုဝါစုဂ္ဂတနှုတ်ရ လေ့ကျက်ရွတ် ဆောင်ပြန်ဆိုနိုင်မည့်ရဟန်း

8 July 1884

သင်္ဃာ တော်တို့ကို ရွေး ကောက်ပြီး လျှင်သက္ကရာဇ် ၁၂၄၆ ခု ဝါဆိုလပြည့် ကျော် ၁ ရက်
နေ့ကစ၍ ရွှေနန်း တော်ဦး မြေနန်း တော်တွင်သာသနာပြုဆရာ တော်နှင့်
တံဆိပ် တော်ရဆရာ တော်သင်္ဃာ တော်တို့မှူး ကြီး ကြပ်မပြန်ဆိုကြစေ။ နေ့စဉ်ဥဘ
တောဝိဘင်း ပြန်ဆိုရာပိဋကတ်သုံး ပုံပါဠိ တော်များ တွင်ပဌာန်း ဒေသနာ
တော်မြတ်သည်အလွန်နက်နဲသိမ်မွေ့မြင့်မြတ်ကဲလွန် သောတရား တော်မြတ်ဖြစ်သည်။

ဥဘတော ဝိဘင်း မပြန်ဆိုမီ ရှေး ဦး အစထား၍ ဝိဘင်း ပြန်ဆိုပုဂ္ဂိုလ်တို့ ပြန်စွမ်း ရှိသည့်အလျောက်ပြန်ဆိုရွတ်ဖတ်သရဇ္ဈာယ်ရန်အကြောင်း ကိုဝန်တို့က လျှောက်ထား ပြန်ဆိုစေ၊ စာပြန်ဆိုရန် ရွေး ကောက်ရရှိသည့်ပုဂ္ဂိုလ်တို့စာရင်း ကိုလည်း သာသနာ တော်ပြုဆရာ တော်တို့မှာ လျှောက်ထား စေ၊ စာပြန်ဆိုစေ ရန်အစီအစဉ်အခမ်း အနား ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေအောင် စီရင်၊ ပဋ္ဌာန်း ပါဠိ တော်ဥဘတော ဝိဘင်း ပြန် ရွေး ကောက်ရန်ပုဂ္ဂိုလ်တို့စာ ရင်း အခမ်း အနား ခန့်ထား စီရင်ရန်စာရင်း များ ကိုလည်း သွင်း ။

13 May 1884

သက္ကရာဇ် ၁၂၄၆ ခုကဆုန်လပြည့်ကျော် ၄ ရက်နေ့နားခံ ဝေါကြီး မှူး မဟာမင်း ကျော်စည်သူတွင်ပြန်။

(လွှတ်မှတ်၊ ၁၉၇၇၊ စါ ၁၃–၁၄)

တိုင်းကြီး ပြည်ကြီး ဆိုသည့်အရာသည်ကုန်သည်ကြီး ငယ်ကျွန်တော်မျိုး အပေါင်း တို့အကူး အသန်း အရောင်း အဝယ်အင်အား တိုး တက်စီး ပွါး ဖြစ်ထွန်း ချမ်း သာသဖြင့် မလာမရောက် သေး သူတို့ခိုမှီလာ ရောက်ခြင်း ၊ လာ ရောက်ရှိသူတို့အ ခြေအနေ ကျ၍အရှည်ထာဝရတည်တံ့နိုင်ခံန့်ခြင်း စသောတိုင်း ပြည်ဖွယ်ရာအင်္ဂါလက္ခဏာဂုဏ် ပစ္စည်း တို့ဖြင့်ပြည့်စုံညီညွတ်ကုန်ရာသည်၊ ကုန်သည်ကြီး ငယ်ကျွန်တော်မျိုး အပေါင်း တို့ရောင်း အား ဝယ်အား ကြီး ပွါး တိုး တက်ချမ်း သာကြရန်အကြောင်း မှာလည်း တိုင်း ပြည်နိုင်ငံရှင်ဖြစ်တော်မူသောငါအသျှင်ဧကရာဇ်မင်း မြတ်၏ ကောင်း စွာ စောင့်ရှောက်သိမ်း ပကား တော်မူခြင်း တည်း ဟူသောရွှေဘုန်း တော်ရိပ်ကို အထူး ခိုလှုံကြရမှ ဆောဆောလျှင်လျှင်အား အင်တိုး တက်အကျိုး ဖြစ်ထွန်း ခံစား ရ ရန်ရှိသည်နှင့်အညီကုန်သည်ကြီး ငယ်ကျွန်တော်မျိုး အပေါင်း တို့လုပ်ဆောင်ကူး သန်း ရောင်း ဝယ် ရေး များ တွင်ငြိုငြင်နှောင့်ယှက်ခက်ခဲကြပ်တည်း ခြင်း များ မှ ကင်း လွတ်စိတ်သဘောဆန္ဒဥဿာဟဝီရိယအစွမ်း ရှိသည့်အ လျှောက်လွတ်လွတ်ကူး သန်း ရောင်း ဝယ်လုပ်ဆောင်ကြရအောင်လုပ်ခင်း ဆောင်မှုရောင်း ရေး ဝယ် တာလွယ်ကာပြီး စီး ပြည့်စုံသဖြင့်ဥစ္စာစီး ပွါး တနေ့တခြား တိုး တက်ဖြစ်ထွန်း ချမ်း သာကြရအောင်တိုင်း ပြည်နိုင်ငံအစိုး ရမင်း တို့မှရအပ်သောအခွင့်တော် ဖြစ်သောရွှေဘုန်း တော်ရိပ်ကိုအထူး ခိုလှုံကြစေရမည်ဖြစ်သည်၊ ပြည်သူတို့အလုပ်အ ဆောင်အရောင်း အဝယ်မှုများ တွင်ငြိုငြင်နှောင့်ယှက်ကြပ်တည်း ဘွယ်ဖြစ်သော အခွန်အတုတ်အကောက်အစား များ ကိုကောက်ခံဂိုး အစဉ်ထုံး စံရှိသည်မှ လျှော့၍ လွတ်ငြိမ်း သက်သာစေရလျှင်ရွှေဘုန်း တော်မြတ်ကိုအထူး ခိုလှုံရသည့်အကျိုး ထင်ရှား သိသာလွယ်ကာပြည့်စုံခံစား ရရန်ရှိသည့်အတိုင်း လေး မြို့ပဲပွဲခွန်၊ မြင်း ပွဲခွန်၊ ငရပွဲခွန် ရေနံပွဲခွန်၊ တောင်အင်း ငါး ဗိဂိုင်း ခွန်၊ ကိုး ခရိုင်ဈေး ကူး တို့ခွန်၊ အုန်း ငှက်ပျောပွဲခွန်၊ တောင်ပြုံး ငယ်ကင်း အကောက်၊ ချင်း တွင်း ကြောင်း ဆား ခွန်၊ အမြင့်လေး မြို့ပွဲခွန်၊ ၂၄ဌာနဘုရား ပွဲအကောက်ပြင်ဘုရား ပွဲခွန်၊ နတ် ပွဲခွန်၊ ကွမ်း ခွန်၊ ဆွဲလွတ်ခွန်၊ မူး ဂိုး ဝဲယာရေဦး ပဲခွန်၊ တောင်ငူလက်မှတ် သိမ်း ခွန်၊ မုံး မိတ်မိုး ညှိုင်း ဈေး ပွဲခွန်၊ ဗန်း မော်ကောင်း တုံဆား ခွန် များ နှင့်ချင်း တွင်း သစ်တောအကောက်တွင်ပါဝင်သည့်ပျော်ပွဲခွန်၊ ဗန်း မော်

20 May 1884

၁၂ ရပ်အကောက်တွင်ပါဝင်သည့် ပျော်ပွဲခွန်၊ ဆေးထန်းလျက်ဆီအကောက်တွင် ပါဝင်သည့် ပျော်ပွဲခွန်၊ တောင်လမ်းရှမ်းပွဲအကောက်တွင်ပါဝင်သည့် ဃောကျ အကောက် လေးမြို့သစ်တောအသေး ဥပဒေပိုင်းခြားသည့်ပြင် ပိုမိုသည့်အကောက် စုစုအကောက်ခွန်ဦး ရေ ၂၃ များကို (သက္ကရာဇ်) ၁၂၄၆ ခုနယုန်လဆန်း ၁ ရက် (25 May 1884) နေ့က စ၍ နှုတ်သိမ်းတော်မူသည့် နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေးရွာများ မှ နှုတ်သိမ်းတော်မူသည့်အကောက်အခွန်များကိုအကြီးအအုပ်ပြုလုပ်သူတို့က ခွန်သေ ခွန်ရှင်ချထား ကောက်ခံခြင်း၊ အစိုးရတို့အခွင့်နှင့်ဖြစ်စေ အခွင့်မရှိဘဲဖြစ်စေ မည်သူမဆိုကိုင်း ဆွဲပွဲထွက်မှ စ၍ တောင်းခံစားယူခြင်း မရှိစေနှင့်၊ လွတ်ငြိမ်း ချမ်းသာစေ၊ မျက်ပါး ငွေခွန် ငွေမြို့တော်အမရပူရလှည်း ခွန်နှစ်ရပ်မှာ လုပ် ခွန်ထွက်ဆယ်ခိုင်တခိုင်ထက်မပိုစေရ၊ မျက်ပါး ငွေပစာလျှင်အခွန် ငွေဒင်္ဂါး ဂျူ ဲကျ၊ လှည်းနွားစုံ ၁ လျှင်တလ ငွေဒင်္ဂါး ၃ ပြား ကျကိုသာ ဥပဒေစည်းကမ်းထား ၍ ကောက်ခံစေ၊ နှုတ်သိမ်း လွတ်ငြိမ်းစေသည့်အကောက်အခွန်များ ပြင်နိုင်ငံ တော်အတွင်း အပထွက်ကုန်ဝင်ကုန်မှ စ၍ တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့်အညီ ထားမြဲရှိမြဲ ကောက်ခံမြဲအကောက် တော်အခွန်တော်များကိုလည်း ရှေးအရိုးအ စဉ်ရှိသည့်အလျောက်ဥပဒေစည်းကမ်း ပြဋ္ဌာန်းပိုင်းခြားထားသည်ထက်ပိုမို သာလွန်မရှိစေရအောင်အခွန်တော်ဆိုင်ရာအကြီးအအုပ်တို့ကကြပ်ကြပ်တည်းတည်း ဆင့်ဆိုစောင့်ထိန်းထမ်းရွက်စေ၊ ရွှေပြည်တော်မှ စ၍ နိုင်ငံတော်အတွင်း ထီး ဂုံနန်းဂုံစော်ဘွား မြို့စား အဝေး မြို့ဝန်စစ်ကဲတို့ကို စေ့နှံ့အောင်ပြန်ဆိုမှာထား ၍ အကောက်အခွန်နှုတ်သည့်အမှုနှုတ်သိမ်းသည်အရပ်ပြည်သူတို့လွတ်ငြိမ်းချမ်းသာစေ ရန်အမှုများကိုအမိန့်တော်ဥပဒေအတိုင်း ကျအောင်ဝန်တို့က စောင့်ရှောက်စီ ရင်။

သက္ကရာဇ် ၁၂၄၆ ခုကဆုန်လပြည့်ကျော် ၁၁ ရက် နေ့နား ခံ ဝေါကြီး မှူး (20 May 1884) မဟာမင်း ကျော်စည်သူတွင်ပြန်။

(လွှတ်မှတ်၊ ၁၉၇၇၊ စာ ၁၄-၁၅)

အမြင့်မြို့သာသနာပြုဗန့်ကိုဆရာတော်အမိန့်ရှိလိုက်သည်အမြင့်မြို့ဘုံပျံဂိုဏ်း အုပ်နှင့်
အလ္လကပ္ပတိုက်ကျန်ဆယ်ရွာအမြင့်မြို့ဝန်၊ ငှင်း မြို့စီရင်စုရွာသာရွာ ကျောင်း နေ
ရဟန်း ရှင် သော မကဘကြီး ဖြစ်သူ ငချိန်နှင့်အဘတကာကြီး ငမိတ်တို့ညီအစ်ကိုရင်း
ချာဖြစ်သည်နှင့်အညီအိုး အိမ်မကွဲမပြား အတူစား သောက်သာမည်နာမည်ပြုစု
ကျွေး မွေး ရှိ နေသည့်အတွင်း ကိုး ဆယ့် ခြောက်ပါး ( သော ရောဂါ၊ ကပ် ရောက်
၍ဘကြီး ငချိန် သေဆုံး အာ မွေခံသား မြေး မရှိတပည့် တော်အဘ တော် ငမိတ်ကိုသက်
ရှိသက်မဲ့ဆိုး မွေ ကောင်း မွေနှင့်တကွပစ္စည်း အလုံး သိမ်း ကြုံး ပေး ကမ်း သဂြိုဟ်
ခြင်း ရှာပနကိုသည်ပိုး ရွက် ဆောင်ရှိပြီး နောက်သူတထူး တို့ထံ ပေး ဆပ်ရန်ရှိ
သည့် ကြွေးမြီများ ကို ပေး ကမ်း ဆပ် ပေး ကြေ အေး ရှိမှမဆိုင်သူမြို့ တော် နေင
မောင်ကြီး ကငချိန်ပိုင်ပစ္စည်း ရပ်များ ကိုရလို ( သည့် ) အမှုလွှတ် တော်မှာခံယူ
နှောင့်ရှက်ရှိ နေ သော ကြောင့်တပည့် တော်အဘငမိတ်လွှတ် တော်မှာတက် လျှောက်
ရာဝန်ရှင်မင်း ကြီး တို့စုံညီတပည့် တော်အဘငမိတ်ကငချိန်ပိုင်ပစ္စည်း ရပ်များ
ကိုရယူခံစံ စေ မှတ် တော်မူချက်အရအလွှာကိုတဖက်အမှုသည်ငမောင်ကြီး ကဝန်
ထောက် တော်မင်း ထံတိုင်တန်း သိမ်း ဆည်း မှတ် တော်မူချက်မရရှိ နေ၍အမှုသည်
နှစ်ဦး တို့မကွဲမပြား တရား အနိမ့် ရောက် ပြောဆိုဆဲအတွင်း အဘငမိတ်ကလက်ရှိ
ရင်း မှန်သည့်အတိုင်း ချထား လုပ်သား တို့ကိုဆီး တား နှောင့်ရှက်မရှိပါစေရ
လုပ်သား တို့ထံရရန်များ ကို တောင်း ခံ၍တရား အ ရေး ပြတ်စဲရှိမှထိုက်သက်ရာ
ဖြစ်ပါရ အောင်အမိန့်စာချွန်ကယ်မသနား တော်မူပါမည့်အ ကြောင်း နှင့် (သက္က
23 May 1884
ရာဇ် ) ၁၂၄၆ခုကဆုန်လပြည့် ကျော် ၁၄ ရက်ကလွှတ် တော်မှတ် တော်မူချက်များ နှင့်
တင်ပြ လျှောက်ထား ရှိ၍ စာ ပေး အမိန့်ရှိလိုက်သည်၊ ရောက်လျှင်ရဟန်း ရှင် သော
မ လျှောက်ချက်အတိုင်း အဘတကာကြီး ငမိတ်ကလက်ရှိရင်း မှန်သည်တိုင်တရား အ
ရေးမပြတ်စဲမှီအတွင်း တဖက်အမှုသည်ငမောင်ကြီး ကလုပ်သား တို့ကိုတား ဆီး နှောင့်
ရှက်မရှိ စေရရဟန်း တော်အဘငမိတ်ကလုပ်သား တို့ထံစုဆသီး ခွန်များ ကိုသိမ်း ဆီး
တရား ပြတ်စဲရှိမှထိုက်သက်ရာဖြစ် စေလို ကြောင်း အမိန့်ရှိလိုက် သည် မြို့မ
ဘုံပျံဂိုဏ်း အုပ်နှင့်အလကပ္ပတိုက်ကျန်ဆယ်ရွာအမြင့်ငါး မြို့ဝန်
( အမြင့်ဘုံပျံ ကျောင်း စါစု )

သုဓမ္မဇရပ်တော်တွင်နှစ်စဉ်စာပွဲသဘင်ရင်တော်မူ၍ပထမပဥ္စင်း လောင်း
တော်ရှင်လောင်း တော်တို့ကိုစာပြန်ဆိုမေးမြန်းချီးမြှင့်ရသည့်အရာသည်ရ
ဟန်းရှင် လူပြည်သူအပေါင်းတို့၏မြတ်သောလောကုတ္တရာအကျိုးစီးပွါးကိုပြီးစီး
စေနိုင်သောသာသနာတော်မြတ်သုံးပါးတွင်ပရိယတ္တိသာသနာတော်အထူးသ
ဖြင့်စည်ပင်ဖြစ်ထွန်းပွါးစီးစေရန်ဖြစ်၍သာသနာ့ဒါယကာသာသနာပြုဖြစ်
သောမင်းကောင်းမင်းမြတ်တို့အားထုတ်ရွက်ဆောင်အပ်သောပြုဘွယ်ကိစ္စကြီး
ဖြစ်သည်။ ငါအသျှင်ဧကရာဇ်မင်းမြတ်သည်လည်း မင်းသာမန်တို့ခံဝံ့ခဲသောရာ
ဇာဘိသေကမုဒ္ဒါဘိသိက်ကိုသွန်းခံတော်မူပြီးလျှင်ရှေးသာသနာပြုမင်းကောင်း
မင်းမြတ်တို့တံထွာရာဇဓမ္မအပရိဟာနီယစသောမင်းကျင့်တရားအပေါင်းကို
ကောင်းစွာဖြည့်ကျင့်တော်မူလျက်သာသနာတော်မြတ်အစီးအပွါးကိုအထူးသဖြင့်
အားထုတ်ဆောင်ရွက်တော်မူသည်နှင့်အညီပထမပဥ္စင်း လောင်းတော်ရှင်လောင်း
တော်တို့သုဓမ္မစာပွဲသဘင်ဝင်ရောက်ပြန်ဆိုရန်အကြောင်းအရာများကိုမပြန်
မဆိုမီရှေ့အဘို့တင်၍ဥပဒေစည်းကမ်းပြဋ္ဌာန်းပိုင်းခြားတော်မူပြီးလျှင်
1 March 1884
(သက္ကရာဇ်)၁၂၄၅ခုတပေါင်းလဆန်း၅ရက်နေ့မှစ၍ပထမပဥ္စင်း လောင်း
တော်ရှင်လောင်းတော်တို့ကိုရွှေနန်းတော်ဦးမြေနန်းတော်တွင်ပိဋကတ်
တော်၏အခြေအမြစ်ဖြစ်သောဥပဒေပါပြန်ဆိုရန်စာဝါများကိုပရိယတ္တိဝိသာရ
ဒဂုဏ်ခြောက်ပါးနှင့်ပြည့်စုံသူမှူးမတ်အရာရှိစာကြပ်စာမတို့ကြီးကြပ်ကြည့်ရှုစေ၍
သုံးလတိုင်ပြန်ဆိုမေးမြန်းစမ်းသပ်ရွေးချယ်စေရာသင်ကြားလေ့ကျက်ရင်း
ဥပဒေပါစာများကိုပုဒ်ပါဌ်အက္ခရာသဒ္ဒါအနက်မချွတ်မယွင်းမှန်ကန်သေချာ
နှုတ်ပါဌ်ရွရွပြန်ဆိုနိုင်သဖြင့်လိင်အံဝိဘတ်သဘောသရုပ်အဓိပ္ပါယ်များကိုကောင်း
မှန်စွာဖြေဆိုနိုင်သူပထမပဥ္စင်း လောင်းတော်ရှင်လောင်းတော်အကျော်
1 June 1884
ရှင်ဂုဏ်နှင့်ပထမအကြီးအကြပ်ပဥ္စင်း လောင်းတော်ရှင်လောင်းတော်၁၅
30 June 1884
တို့ကိုသက္ကရာဇ်၁၂၄၆ခုနယုန်လဆန်း၈ရက်နေ့ကစ၍ဝါဆိုလဆန်း၈ရက်နေ့တိုင်
သုဓမ္မာဇရပ်တော်ပဋ္ဌာန်းဇရပ်တော်များတွင်ဝိယာလေးဌာနခွဲဝေ၍
စာပြန်ဆိုမြဲပြန်ဆိုစေ။ သုဓမ္မာစာပွဲသဘင်ရင်တော်မူရာအခမ်းအနားတွင်
အခါကြား အမြောက်သံပေးမှစ၍ခန့်ထားလုပ်ဆောင်ရန်ရှိသည်များကိုပြီးပြေ

အောင်စီရင်၊ စာဝါမေး ခွန်း မြန်း ခွန်း ဖြေစွမ်း ရှိသည့်အ လျှောက်ပထမ
သုံး မျိုး ခွဲ ဝေပိုင်း ခြား ဂဏန်း စဉ်မှတ်သား သည့်စာရင်း ကိုလည်း သွင်း ။
25 May 1884

သက္ကရာဇ် ၁၂၄၆ ခုနယုန်လဆန်း ၁ရက် နေ့နား ခံမင်း လှမင်း ခေါင်
ကျော်ထင်တွင်ပြန်။

(<u>လွှတ်မှတ်</u>၊ ၁၉၇၇၊ စာ၁၅ - ၁၆)

အမြင့်မြို့သာသနာပြုဗန့်ကျီဆရာတော်အမိန့်ရှိလိုက်သည်အမြင့်မြို့ဘုံပျံဂိုဏ်းအုပ်၊ ၄င်းမြို့စီရင်စုနတ်စက်ရွာမြောက်ကျောင်းတိုက်နေရှင်ဇာဝနနှင့်မိမင်းဘုတို့ကျောင်း ဝတ္တုကံလယ်မြေဖြစ်သင့်မဖြစ်သင့်ရထိုက်မရထိုက်ကြောင်း နှင့်ငြင်းပွား ပြောဆိုကြရာမ(ပြီး)မပြတ်နှစ်လရှည်လျား ရှိသည်ဖြစ်၍ရဟန်း ရှင်ဇာဝနကသာသနာပိုင်ဆရာတော်ဘုရားကြီးထံ(သက္ကရာဇ်)၁၂၄၆ခုနယုန်လဆန်း ၁၄ရက်နေ့ထပ်မံလျှောက်ထား ရှိသောကြောင့်ဗန့်ကျီဆရာတော်ကဂိုဏ်းအုပ်ထံရေးသားသည့်ဖြတ်စာတွင်ပါရှိသည့်ပဌမဆိုသည့်အချက်မှာအမှုသည်နှစ်ဦးတို့တင်ဖြတ်စာတွင်မည်သည်ဖြတ်စာပဌမဘတ်ထိုက်မဘတ်ထိုက်များကိုနှလုံးသွင်းထားရင်း ရှိသည်အတိုင်း ရေးသား၍အမှုသည်တို့နှင့်တကွမြို့တော်သို့တင်ပို့လာရောက်ရှိအောင်ဗန့်ကျီဆရာတော်ကစာပေး စေအမိန့်တော်မြတ်ကိုဦးထိပ်ထက်နာခံဆင်ရွက်ရသည်ဖြစ်သောကြောင့်စာပေး အမိန့်ရှိလိုက်သည် ရောက်လျှင်လျှောက်ဝင်ပါတဘက်အမှုသည်နှင့်တကွတင်ပြသည့်ဖြတ်စာနှစ်ရပ်တွင်မည်သည့်ဖြတ်စာပဌမဘတ်ထိုက်မဘတ်ထိုက်များကိုနှလုံးသွင်းထားရင်းအတိုင်း ရေးသား၍နေ့ရက်ကြန့်ကြာမရှိစေရမြို့တော်သို့တင်ပို့လိုက်ရမည်အကြောင်းအမိန့်ရှိလိုက်သည်ဘုံပျံဂိုဏ်းအုပ်

(အမြင့်ဘုံပျံကျောင်း စါစု)

ဗတ္တိံသလက္ခဏာအသီတာနုဗျဉ္ဇနလက္ခဏာဟူသော မဟာပုရိသလက္ခဏာတော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား အဆင်းသဏ္ဌာန်တော်ကဲ့သို့ထက်ဝန်း ကျင်ရဟန်း ရှင်လူပြည်သူအပေါင်း တို့ကြည်ညိုမြတ်နိုး ကိုးကွယ်ပူဇော်ရာဖြစ်တော်မူသော မဟာမုနိရုပ်ရှင် တော်မြတ်အား တင်လှူတော်မူရန်ကိုယ် တော်မြတ်နှိုက်ဆင်ရင် တော်မူအပ်သော စိန္တာမဏိမကိုဋ် တော်နှင့်ထပ်တူစိန်မြပတ္တမြား နဝရတ်ကိုး ပါး အတိပြီး စေလျက်ချယ်လှယ်လုပ် ဆောင် တော်မူစေသည့် ရွှေသား မကိုဋ် တော်တုရင်စလွယ် တော်များ ကိုသက္ကရာဇ် ၁၂၄၆ ခုဝါဆိုလဆန်း ၁၃ ရက် နေ့ (5 July 1884) ထွက် တော်မူကြီး ထွက် တော်မူ၍ မဟာမုနိရုပ်ရှင် တော်မြတ်အား အထူး သဖြင့်ကြည်ညိုဘွယ်ဖြစ် စေရန်ကိုယ် တော်တိုင် မျက်နှာ တော်ဖွင့်ပြီး လျှင်မကိုဋ်တုရင်တင်လှူပူဇော် တော်မူမည်၊ ရွှေခြောက်တပ် နောက်တပ် နမန္တာဘက်ဓါတ်ဘက်တပ်ဝင်း အခင်း အကျင်း အခမ်း အနား မျက်နှာ တော်ဖွင့်မကိုဋ် တော်တင်အခမ်း အနား အခါကြား အမြောက်သံ ပေး မှစ၍ ခန့်ထား စီရင်ရန်ရှိသည်များ ကိုပြီး ပြေအောင်စီရင်၊ စာရင်း ကိုလည်း သွင်း ။

သက္ကရာဇ် ၁၂၄၆ ခုဝါဆိုလဆန်း ၇ ရက် နေ့ (29 June 1884) နား ခံမင်း လှမင်း ခေါင်ကျော်ထွင်ပြန်။

(<u>လွှတ် မှတ်</u> ၊ ၁၉၇၇၊ စာ ၁၆ – ၁၇)

အမြင့်မြို့သာသနာပြုဗန့်ကျီဆရာတော် စာပေး အမိန့်ရှိလိုက်သည်အမြင့်မြို့ဘုံပျံ ဂိုဏ်းအုပ်၊ ၄င်းမြို့စီရင်စုရွာသာရွာကျောင်း နေရှင်သော မကအာဘတကာ ကြီး ငမိတ်နှင့်ငမောင်ကြီးတို့ပြောဆိုကြသည့်ငနိုန်ပိုင်ပစ္စည်းရပ်များကိုခံစံ ထိုက်မခံစံထိုက်ကြောင်း နှင့်လွှတ်တော်မှာတရား အရေး ပြောဆိုဆဲအတွင်း အ ဘငမိတ်ကအထက်လက်ရှိချထားလုပ်စားမြဲအတိုင်း လုပ်သားတို့ထံကျန်စုဆလယ်စါများကို ငမောင်ကြီး ကတားဆီး ကန့်ကွက်မရှိပါစေရ၊ အဘငမိတ်ကလုပ်သားတို့ထံ တောင်း ခံ၍သိမ်း စည်း ပြီး လျှင်တရား အရေး ပြတ်စဲရှိမှတရား ထိုက်သက်ရာဖြစ်ပါရ အောင်ဂိုဏ်း အုပ်နှင့်တကွ ငါး မြို့ဝန်ထံသို့အမိန့်စာချွန်ကယ်မသနား တော်မူပါ မည့်အကြောင်း နှင့် လျှောက်ထား ရှိသော ကြောင့်စာ ပေး အမိန့်ရှိသည်အတိုင်း ငါး မြို့ဝန်ထံတင်ပြရာ ဂိုဏ်း အုပ်ဆရာ တော်ကအလိုရှိတိုင်း ဆင့်ဆိုတား မြစ်ပါစေ လွှဲအပ် လျှောက်ထား ရှိ၍ ဂိုဏ်း အုပ်ဆရာ တော်ကအထက် ပေး အပ်ရှိသည့်အမိန့်မှာ စာအတိုင်း ဆင့်ဆိုတား မြစ်ရှိပါအောင်အမိန့်စာထပ်မံကယ်မသနား တော်မူ

15 July 1884

ပါမည့်အကြောင်း နှင့်(သက္ကရာဇ်)၁၂၄၆ခုဝါဆိုလပြည့်ကျော်ဂရက်နေ့လျှောက် ထား ရှိသော ကြောင့်ထပ်မံစာ ပေး အမိန့်ရှိလိုက်သည်၊ ရောက်လျှင်အထက် ပေး အပ်ရှိသည့်အမိန့်မှာစာအတိုင်း တည်ငြိမ်သင့်သည်အရာဖြစ်လျှင်တည်ငြိမ်ရှိ အောင် ဆင့်ဆိုတား မြစ် နေထား တကြရှိ အောင်အား ထုတ် စေလိုကြောင်း စာ ပေး အ မိန့်ရှိလိုက်သည်အမြင့်မြို့ဘုံပျံဂိုဏ်း အုပ်

ဗန့်ကျီဆရာ တော်တံဆိပ်

(အမြင့်ဘုံပျံကျောင်း စါစု)

(4 September) 1884

(4 September) 1884
(သက္ကရာဇ်)၁၂၄၆ခု(တော်သလင်းလပြည့်နေ့)သာသနာပိုင်ဆရာတော်
ဘုရားကြီးအမိန့်(ရှိသည်)။
(18 May) 1884
(သက္ကရာဇ်)၁၂၄၅ခု(နယုန်လဆန်း ၁၃ရက်နေ့)ပေးအပ်ဆင့်ဆိုသည့်၃၂
ချက်ဥပဒေပါအချက်၊ ၄င်း ၃၂ချက်ဥပဒေပါအချက်များတွင်တိုးတက်ထပ်လောင်း
၍ဆင့်ဆိုရန်အချက်များနှင့်သာသနာတော်ဆုတ်ယုတ်ညှိုးနွမ်းကြောင်းအမှု
များကိုပြုလုပ်မရှိစေရန် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်းဆင့်ဆိုသည်၊
ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့် ရွှေမြို့တော်
လေးပြင်ဆရာတော်၊ တိုက်အုပ်၊ နိုင်ငံတော်ရှိဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ပုဂ္ဂိုလ်
တို့

ဘုရားသာသနာတော်သည်ပရိယတ္တိဓမ္မပွင့်လင်းထွန်း တောက်ရှိမှပဋိပတ္တိ
ဖြစ်သည့်ကျင့်ဝတ်သိက္ခာများကိုပြည့်စုံအောင်ကျင့်သုံး စောင့်ရှောက်နိုင်လုံသ
ဖြင့်နေဝန်းလဝန်းအလားတနေ့တခြားတိုး ပွါးထွန်းလင်း တောက်ပလျှက်
ဆုတ်ယုတ်ပျက်ပြား မရှိအစွန့်ရှည်စွာတည်တန့်ခိုင်ခန့်ကောင်း မွန်ရာသောအ
ကြောင်းရှိသည့်အတိုင်းသာသနာတော်တွင်ခိုဝင်ထမ်း ဆောင်နေထိုင်ကြသော
ရဟန်းသာမဏေတို့လည်း ကပ္ပိယ၊ အကပ္ပိယ၊ သာဝဇ္ဇ၊ အနာဝဇ္ဇ၊ သာပတ္တိက၊ အ
နာပတ္တိက၊ စသည့်အရာများကိုသိကြွမ်းနားလည်ရှိအောင်သင်ကြား လေ့ကျက်
ကြည့်ရှုနှိုင်းချိန်၍ဝိနည်းသဘောလက္ခဏာကိုသိမြင်သည့်အတိုင်း စောင့်ရှောက်
ကျင့်သုံး မှသာလျှင်ဘုရားရှင်အာဏာတော်ပညတ်ဝိနည်းသိက္ခာပုဒ်မပျက်မပြား
သီလသိက္ခာပြည့်စုံသန့်ရှင်း စင်ကြယ်သာသနာတော်သုံးပါး စည်ကားဖြစ်ထွန်းတိုး
တက်အရှည်တည်တန့်ခိုင်ခန့်ရာသည်ဖြစ်သည်၊ ဝိနည်းသိက္ခာပုဒ်ဘုရားအာဏာ
ပညတ်တော်မပျက်မပြား သီလသိက္ခာပြည့်စုံသန့်ရှင်း စင်ကြယ်သာသနာတော်သုံး
ပါး စည်ကားဖြစ်ထွန်းတိုးတက်တည်တန့်ခိုင်ခန့်စေရန် ရွှေပြည်တော်မှစ၍နိုင်
ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်ဆရာတော်တိုက်အုပ်တိုက်တွင်း ရှိသော
(18 May) 1883
ဂိုဏ်းအုပ်ဂိုဏ်း ထောက်ဂိုဏ်းတွင်း ရှိသောတို့မှာ(သက္ကရာဇ်)၁၂၄၅ခု(နယုန်
လဆန်း ၁၃ရက်နေ့)ဆင့်ဆိုပေးအပ်သည့်စာအုပ်ဥပဒေပါဝင်သည့်ဆင့်ဆိုကျင့်ကြံ
1884
နေထိုင်ရန်အချက်များတွင်(သက္ကရာဇ်၁၂)၄၆ခု တို့တက်ထည့်လောင်းဆင့်

ဆိုကျင့်ကြံ နေထိုင်ရန် ဥပဒေပါအချက် ဝိနည်း သိက္ခာပုဒ်များ နှင့် မသင့်မလျော်
ရဟန်းတို့မှာ သာရုပ္ပမဖြစ်သည့် သာသနာတော်ဆုတ်ယုတ်ညှိုးနွမ်း ပျက်ပြား
ကြောင်း ဖြစ်သည့်အမှုများ ကိုသိလျက် အပြုအလုပ် မရှိ သီလ သိက္ခာ ပြည့်စုံ သန့်ရှင်း
စင်ကြယ်ကြောင်း ဖြစ်သည့် ကျင့်ဝတ်သီလများ ကိုမိမိတို့က သာသနာတော်သုံးပါး
စည်ကား ဖြစ်ထွန်း တိုးတက် အရှည်တည်တန့်နိုင်ခန့်ရှိ အောင်ကျင့်ဆောင်ထိန်း
သိမ်းကြ၍ အသီးအသီး မိမိတို့တိုက်တွင်း ရှိသံဃာ ဂိုဏ်းတွင်း ရှိသံဃာတို့ကို လစ်လပ်
ခြွင်းကျန်မရှိ စေရ စေ့နှံ့ အောင် ဆင့်ဆိုကျင့် ဆောင်ထိမ်း သိမ်းကြစေ၊ ဆင့်ဆို
1883
သည်ကို မတည် (သက္ကရာဇ် ၁၂) ၄၅ ခု ဥပဒေပါအချက် (သက္ကရာဇ် ၁၂) ၄၆ ခု
1884
ဥပဒေပါအချက်များ နှင့်ဘုရား သာသနာတော်ဆုတ်ယုတ်ညှိုး နွမ်း ပျက်ပြား
ကြောင်း ဖြစ်သည့်အမှုများ ကိုသိလျက်လွန်ကျူး ပြုလုပ်ရှိကြောင်း ပေါ်ပေါက်ကြား သိ
1883
ရလျှင် အပြစ်အလျောက်စီရင်မည်၊ (သက္ကရာဇ်) ၁၂၄၅ ခု ဆင့်ဆိုပေး အပ်သည့်
ဥပဒေစာအုပ်တွင်ပါဝင် ဆင့်ဆိုကျင့်ကြံ နေထိုင်ရန် ဥပဒေ ၃၅ ချက်တွင် အကြုံးဝင်
1884
သည့်အချက်များ နှင့်ယခု (သက္ကရာဇ် ၁၂) ၄၆ ခု ထပ်မံတိုး တက်ဆင့်ဆိုပေး အပ်
သည့် (ရဟန်း သံဃာတော်တို့ ကျင့်ဆောင်ရန် ဥပဒေ၊

၁၊ ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့် ဆရာတော်၊ တိုက်နေသံဃာ၊ ဂိုဏ်းအုပ်ဂိုဏ်း ထောက်ဂိုဏ်း သံဃာတို့မှာ ဂိလာနအကြောင်း မရှိလျှင်း ဘဲအနည်း ငယ်ပမာဏ မပြုလောက်သည်ကို အမြွက်ထောင်းထား၍ လှည်း ယာဉ် လှည်း ရထားကို စီးနင်း သွားလာခြင်း မရှိရှောင်ကြဉ်ကြရမည်၊

၂၊ ရွှေမြို့တော်နိုင်ငံ အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာ သက်နှင်း သပိတ်ပရိက္ခရာအစရှိသော ကပ္ပိယဝတ္ထုနှင့် ပင်ဖြစ်သော်လည်း ဘုရားစက်ဆုတ်တော်မူအပ်သည့် လယ်ယာ သစ်သီးအရံ ပန်းအရံ စသည်များကို ရဟန်းတို့အား မအပ်မလျော်သောအကပ္ပိယ ဝေါဟာရဖြင့် မိမိတို့ထံ ပေါင်နှံခံယူခြင်း သူတပါးတို့ထံ ပေါင်နှံခြင်း လူတို့ကဲ့သို့ မကောင်း သဖြင့် လုပ်ဆောင်ချထားခြင်း မရှိရှောင်ကြဉ်ကြရမည်၊

၃၊ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာ ကပ္ပိယဝေါဟာရ ဖြင့်ရသော ရွှေငွေ အနာမာသန်ဿဂ္ဂိယဒုက္ကဋ်ဝတ္ထုတို့ကို လိမ်မာကျွမ်းကျင်သော

ကပ္ပိယကာရကတို့အား ဒုဗ္ဗိစာရမှကင်း လွတ်အောင်စီရင်ပြောကြား၍သုံး ဆောင်ခြင်း ကိုပြုကြရမည်။

၄။ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာ ဘုရား စက်ဆုပ်တော်မူအပ်သော ရွှေငွေအနာမာသနသဃ္ဂိယဆန်စပါး အစရှိသောအကပ္ပိယ ပစ္စည်း များ ကိုလူတို့ကဲ့သို့ကပ္ပိယကာရကတို့အလိုအလျောက်မပြုဘဲမိမိတို့၏မအပ်သော ပယောဂဖြင့်ကြွေး မြီအတိုး အပွါး ပေး ချမရှိ ရှောင်ကြဉ်ကြရမည်။

၅။ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာ မင်္ဂလာအမင်္ဂလာ မှုနှင့်စပ်၍တိုက်တွင်း တိုက်ပများ မှာကာယပယောဂ၊ ဝစီပယောဂမကင်း ကိုယ်တိုင်ကိုယ်ကြပ်အား ထုတ်လျက်အတီး အကအဆိုအပြောစသောသဘင်နှင့်စပ်သော ပွဲလမ်း များ ကိုအပြုအလုပ်မရှိ ရှောင်ကြဉ်ခြင်း လူတို့အလျောက်ပွဲလမ်း ခံသည် များ ကိုသွား လာကြည့်ရှုဒုတ်ဓါး စွဲကိုင်ပြုလုပ်ခြင်း အမှုများ ကို ရှောင်ကြဉ်ကြရမည်။

၆။ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာအာပတ်ကြီး ငယ် နှင့်စပ်လျဉ်း သည့်အမှုဖြစ်စေ သမ္ဘောဂမဖြစ်အာပတ်သင့်ခြင်း အကြောင်း မဟုတ်သောဆွမ်း စည်ဆွမ်း စား ပရိတ်ရွတ်အသုဘရှုစသည်တို့၌ဒါယကာဒါယိကာမ တို့သဒ္ဓါတရား ဆုတ်ယုတ်ပျက်စီး ခြင်း အကြောင်း တဦး နှင့်တဦး အငြိုန်အစော် မဲ့ပြုရှုံ့ကြဉ် ရှောင်တား မြစ်ပိတ်ပင်ခြင်း များ သည်သံဃဘေဒ၊ သံဃရာဇီ၊ သံဃအဓိကရဏဖြစ်ပွါး ရန်အကြောင်း ရှိသည်ဖြစ်၍တား မြစ်ပိတ်ပင်ကြဉ် ရှောင်ခြင်း မရှိစေရ၊ အစိုးရဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကနိုင်နင်း အောင်ဆုံး မ တား မြစ်ရမည်။

၇။ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့်သံဃာတို့မှာ ရန်ပြိုး မုန်း ထား ခြင်း ပြူစူစောင်း မြောင်း ချုပ်ချယ်ခြင်း ဟူသောဒေါသအာဃာတ၏အစွမ်း ဖြင့်တစုံတခုကိုအမြွက်ထောင်၍ဥပုသ်ပဝါရဏာစသောသံဃကံများ ကိုကြဉ် ရှောင် တား မြစ်ပိတ်ပင်ခြင်း အမှုများ သည်သံဃာကွဲပြား ခြင်း အကြောင်း ဖြစ်သော ကြောင့်ကြဉ် ရှောင်သင့်သည့်အရာဟုထင်မှတ်ခြင်း မရှိလျှင်းသော်လည်း အထက်အ စိုး ရတို့ထံတိုင်တန်း လျှောက်ထား မရှိမိအလိုအလျောက်ကြဉ် ရှောင်တား မြစ်ပိတ်

ပင်မရှိစေရ၊ အထက်အစိုး ရတို့ထံတိုင်တန်း လျှောက်ထား အမှုအင်ကို ထောက်ရှုဆင့်ဆိုခွင့်ပေး သည့်အရာဖြစ်၍ဆင့်ဆိုခွင့်ပေး ရှိမှကြည် ရှောင်တား မြစ်ကြရမည်၊

၇၊ နိုင်ငံတော်ရှိနိဿယဉ်း မကင်း ထိုက်သော ရဟန်း သာမဏေတို့မှာ မိမိတို့ဥပဇ္ဈာယ်ဆရာ နိဿယဉ်း ဆရာတို့သည်အတူနေရာ ကျောင်း တိုက်မှအရပ်တပါး ဖဲသွား သော်၄င်း သေ သော်၄င်း လူထွက် သော်၄င်း တိတ္ထိ ဘောင်သို့ပြေး ဝင် သော်၄င်း မိမိတို့နေရာ ကျောင်း တိုက်၌နိဿယဉ်း ပေး သောဆရာရှိလျှင်ထိုဆရာထံ နိဿယဉ်း ယူ၍ နေကြစေရမည်၊ နိဿယဉ်း ပေး သော ပုဂ္ဂိုလ်မရှိလျှင်တိုက်ချုပ်တိုက်အုပ်တို့က မိမိတို့ကိုယ်တိုင်ဖြစ်စေ နိဿယဉ်း ပေး ခြင်း ငှါစွမ်း နိုင်သော လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်တို့ထံဖြစ်စေ နိဿယဉ်း ယူ၍ နေကြရမည်၊

၉၊ နိုင်ငံတော်အတွင်း သီတင်း သုံး နေထိုင်ကြသည့်ရဟန်း သာမဏေတို့အား ဓမ္မ မဟုတ်သည်ကို ဓမ္မဟူ၍ပြဆို ဟော ပြောခြင်း ဓမ္မကိုအဓမ္မဟူ၍ပြဆို ဟော ပြောခြင်း အစရှိသော တဆဲ့ရှစ်ပါး သော သံဃဘေဒကရ ဝတ္ထုများ ကိုပြဆို ဟော ပြောခြင်း သည် သံဃာကွဲပြား ခြင်း အကြောင်း ဖြစ်သည်၊ တိုက်ချုပ်တိုက်အုပ် ဂိုဏ်း အုပ် ဂိုဏ်း ထောက် တို့က မိမိတို့ကိုယ်နှင့်တကွ ချုပ်အုပ်ကြည့်ရှုပါ၊ တိုက်တာ ဂိုဏ်း ဝင်ရဟန်း သာမဏေတို့ကို ပြဆို ဟော ပြောမပြုစေရ၊ လွတ်ကင်း အောင်တည်း တည်း ကြပ်ကြပ်ဆင့်ဆိုတား မြစ်ကြရမည်။

ပေါင်း ၉

(သူရိယ ၊ တွဲ ၁၆၊ မှတ် ၁၀၊ ဒီဇင်ဘါ ၁၉၃၂၊ စါ ၃၇-၄၀)

အလ္လာကပ္ပတိုက်ကျန်ဆယ်ရွာအမြင့်ငါး မြို့ဆိုင်ရာဆရာတော်စာပေး အမိန့်ရှိလိုက်သည်အမြင့်မြို့ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့၊ အမြင့်မြို့စီရင်စု ချောင်း ဦး ဆယ်ရွာနေ ငရွှေဆင့်၊ ငစံရာ၊ ငဘက်အို၊ မိသောင်း ၊ မိသုန်၊ မွေစား ငါး ဦး တို့ကအစ်မမိမှောင်လယ်ယာမြေအမွေရပ်များ ကိုမိမှောင်လင်ငဘိုး ဦး ဆွေညာတိစပ်လျှင်း သူမိချင်း ၊ ညီမမိညွှင်း ၊ မိသင်း တို့ကငကျောလေး နှင့်အမွေမခွဲမဝေဘုံဆိုင်ဖြစ် ကြောင်း နှင့်နှစ်ဦး တို့တရား ရုံး တော်တွင်လဲဆိုအကောက်အယူခံကြရာစာတန်း တင်ပြလိဂ္ဂိတသက်သေငစံဆုန်၊ ခွဲဝေပြီး ဖြစ် ကြောင်း ဥပလိဂ္ဂိတသက်သေဖောမိတိုက် နေရဟန်း တော်ဦး ဝိမလာစာရကိုခွဲဝေပြီး ဖြစ်မည်မဖြစ်မည်မှန်မမှန်စုံညီမေး ၍ပြီး ပြတ်ကြရမည်တရား နားခံ ကောက်ချုပ်ချက်ဖြတ်စာကိုနှစ်ဦး တို့သဘောတူလဘက်လှမ်း စား ရပ်ရွာသို့ဆင်း သွား ဦး ဝိမလာစာရထံ ကောက်ချက်လဘက်စား ဖြတ်စာမေး လျှောက်ခွန်း များ ကိုတင်ပြ လျှောက်ထား ရာအထက်ဆရာတော်ဘုရား များ အမိန့်မှာစာပါရှိမှမှန်ကန်ရာသိသည်အတိုင်း ထွက်ဆိုမည်မိန့်ဆိုရှိပါသော ကြောင့်ရဟန်း တော်ဦး ဝိမလာစာရမှန်ကန်ထွက်ဆိုရှိပါအောင်အမိန့်မှာစာကယ်မသနား တော်မူ
17 October 1884
ပါမည့်အကြောင်း နှင့် (သက္ကရာဇ်) ၁၂၄၆ ခုသတင်း ကျွတ်လပြည့်ကျော် ၁၃ ရက်နေ့တရား နားခံ ကောက်ချက်ဖြတ်စာမေး ခွန်း များ နှင့်တင်ပြ လျှောက်ထား ရှိသော ကြောင့်စာပေး အမိန့်ရှိလိုက်သည် ရောက်လျှင်ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကရဟန်း ရှင်ဝိမလာစာရကို ခေါ်ကြအမှုသည်နှစ်ဦး တို့ ရှေ့စုံညီထုတ်နှုတ်ပါအချုပ်ရှိသည့်အတိုင်း မှန်ကန်သဖြင့်ထွက်ဆိုရှိ အောင် မေး လျှောက်ရမည်အကြောင်း စာပေး အမိန့်ရှိလိုက်သည်အမြင့်မြို့ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့

ဗန့်ကျီဆရာတော်တံဆိပ်

(အမြင့်ဘုံပျံ ကျောင်း စာစု)

ဗန့်ကြီးဆရာတော်ဆင့်ဆိုလိုက်သည်အမြင့်မြို့ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့၊ ဘုရားသာသနာတော်တိုးတက်စည်ကားပွင့်လင်းရှိအောင်ကေရာဇ်မင်းမြတ်နှင့် တက္ကသာသနာတော်ကိုအထူးကြည့်ရှုရင်းရှိသည်အတိုင်း မိမိတို့ဂိုဏ်းသားသဃ်ာတို့ကိုအထက်ဆင့်ဆိုရင်းဘုတ်အုတ်ပါဥပဒေတွင်ပါရှိသည့်ရဟန်းတို့နှင့်မသင့်မလျော်ပတ်သောလှည်းနွားတို့ကိုမွေးထားစီးနင်းခြင်းစသောအမှုတို့ကိုမပြုမကျင့်ကြရအောင်ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ကမိမိတို့ဂိုဏ်းတွင်းရှိရဟန်းသာမဏေတို့ကိုနိုင်နင်းအောင်တင်းတင်းကြပ်ကြပ်တားမြစ်ဆင့်ဆိုကြရမည်ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့

(သက္ကရာဇ် ၁၂၄၆ ခုသီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့) (17 October 1884)

ဗန့်ကြီးဆရာတော်စာတံဆိပ်

(အမြင့်ဘုံပျံကျောင်း စါစု)

ရေမြေသနင်း မင်း ဧကရာဇ်တို့မည်သည်ရဟန်း ရှင်လူပြည်သူအပေါင်း ချမ်းသာရာချမ်း သာကြောင်း များ ကိုရည်သန်ကြံ ဆောင်မြဲဖြစ်သည်နှင့်အညီတိုင်းပြည်နိုင်ငံဝ ပြောသာယာစည်ပင်တိုး တက်ကြောင်း များ ကိုမဆုတ်မနစ်အားထုတ်ဆောင်ရွမ်း ကုန်ရာသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်လည်း တိုင်း နိုင်ငံနေသတ္တဝါတို့အား လုပ်စား ဆော်စားစီးပွါးချမ်းသါတိုးတက်ရာ တိုး တက်ကြောင်း များ ကိုကောင်း မွန်စွာ ဝေဘန်ဆင်ခြင် တော်မူရာပြည်သူအပေါင်း တို့တွင်အခြား အလုပ်အဆောင်အကူး အသန်း အရောင်း အဝယ်မှုများ ထက်တောင်သူလယ်ယာလုပ်ဆောင်ရသည့်အရာသည်မငြိုမငြင်မခဲမယဉ်း လွယ်လင့်တကူစီး ပွါး ချမ်းသာဖြစ်ထွန်း တိုး တက်ရာသည့်အရင်း မူလပဓါနအလုပ်အဆောင်ဖြစ်သည်၊ လယ်ယာအလုပ်အဆောင်မှုများ ကိုအလိုရှိတိုင်း လုပ်ဆောင်နိုင်စေရာ သောအကြောင်း ကိုလည်း ရေမြေသနင်း မင်း ဧကရာဇ်တို့သာသနာ ချီး မြှင့်ဆောင်ရွမ်း တော်မူနိုင်ရာသည်၊ နိုင်ငံတော်အတွင်း အနီး အဝေး အရပ်ရပ်မြို့ ကျေး ရွာများမှာ ဘိုးဘထါးမဦးချမြေ ငွေဝယ်ငွေ ပေါင်မြေများ မှတပါး အရာတော်နှင့်စပ်ဆိုင်သည့်မြေများ တွင်မြေလွတ်မြေလပ်ရှိသည်များ ကိုမည်သူမဆိုခုတ်ထွင်တီကျင်း လုပ်ဆောင်လိုလျှင်ပြဌာန်း ပိုင်း ခြား တော်မူသည့်လယ်ယာအလုပ်အဆောင်အခွင့်ပေး ဥပဒေအတိုင်း ခုတ်ထွင်တီကျင်း လုပ်ဆောင်ကြစေ၊ ခုတ်ထွင်တီကျင်း လုပ်ဆောင်သူတို့မှာလည်း ဥပဒေပါနှစ်ပိုင်း ခြား သည့်အတွင်း မြေစုမြေခွန်မှစ၍ တစုံတရာအကောက်အခွန်အ တောင်း အခံမရှိစေနှင့်လွတ်ငြိမ်း ချမ်း သာစေ၊ ခုတ်ထွင်တီကျင်း လုပ်ဆောင်သည့်မြေများ ကိုလည်း ပြဌာန်း ပိုင်း ခြား သည့်ဥပဒေကိုမလွန်ကျူး သမ္ဘနှစ်ကာလပတ်လုံး အနှုတ်အယူအပြောင်း အလဲမရှိစေနှင့်၊ အမွေခံအမွေစား သား မြေး စဉ်ဆက်ဆင်း သက်ပိုင်ဆိုင်စေ၊ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေး ရွာခရိုင်ဝန်မြို့ဝန်စစ်ကဲတို့ကိုဥပဒေနှင့်တကွပေး အပ်၍ စေ့နှံ့အောင်ပြန်ဆိုမှာထား စေ။

သက္ကရာဇ် ၁၂၄၆ ခုတပို့တွဲလဆန်း ၁ရက်နေ့နား (16 January 1885) ခ မင်း လှမင်း ထင်ကျော်တွင်ပြန်။

(လွှတ်မှတ်၊ ၁၉၇၇၊ စါ၁၇)

ပညာရှိနာဂရီတော်မှူး သီရိရာဇာနန္ဒပဏ္ဍိတဗြာဟ္မဏတင်ချက်အတိုင်း နာဂရီမောင်းလဲပြောင်းတီး စေ၊ ငတွံ့ကိုအမရပူရနယ်အတွင်း ရှိဗြာဟ္မဏပုဏ္ဏားခေါင်း ၊ ငမောင်ကြီး ကိုပြက္ခဒိန်တော်ဆက်ဗြာဟ္မဏပုဏ္ဏားခေါင်း ၊ ငအုန်း နိုင်ကိုစစ်ကိုင်း မြို့ရှိဗြာဟ္မဏပုဏ္ဏားခေါင်း ၊ ငသာထွန်း အောင်ကိုအနောက်ဂြိုဟ်နတ်ပူဇော်ခေါင်း ခန့်။

(14) April 1885

သက္ကရာဇ် ၁၂၄၇ ခုကဆုန် (လဆန်း ၁ ရက်နေ့)

(အုပ်ချုပ်ပုံ၊ ဒု၊ ၁၉၆၅၊ ပိုဒ်၁၉၃/၁၇၊ စါ၄၂-၃)

သုံးဆယ်မြို့လက်ယ ဥယျ ဉ်ဂိုဏ်းအုပ်ဆရာတော်အမိန့်ရှိသည်၊ ဂိုဏ်းဝင်သင်္ဃာ
ကြီးငယ်တစုတို့၊ သုံးဆယ်မြို့အလယ်လက်မြောက်တောကျောင်းနေရှင်ကလျာဏဘော်
လှိုင်ကျောင်းနေရှင်နန္ဒနောင်သခေါ်ကျောင်းနေရှင်ဝါရိန္ဒတို့ကိုဒုတိယဂိုဏ်း
2 May 1885
ထောက်အရာ (သက္ကရာဇ်) ၁၂၄၇ခုကဆုန်လပြည့်ကျော်၄ရက်နေ့ခန့်အပ်သည်၊
ဂိုဏ်းဝင်သင်္ဃာကြီးငယ်တစုတို့လည်း ၎င်းဒုတိယဂိုဏ်းထောက်ရှင်ကလျာဏရှင်
နန္ဒရှင်ဝါရိန္ဒတို့ဆင့်ဆိုစီရင်ဆုံးမပြဋ္ဌါဒပေးရာနာခံ၍ဂန္ထာဓုရဝိပဿနာဓု
ရနှစ်ပါးကိုပွါးများအားထုတ်ကျင့်ကြံနေထိုင်ကြရမည်။

2 May 1885
(သက္ကရာဇ်) ၁၂၄၇ခုကဆုန်လပြည့်ကျော်၄ရက်နေ့သုံးဆယ်မြို့လက်ယ
ဥယျဉ်ဂိုဏ်းအုပ်ဆရာအမိန့်ရှိလိုက်သည်သုံးဆယ်နယ်တွင်းရှိဟိန်အစီရင်တိုင်စာ
ရေးသူကြီးကျော့ပေါင်းတို့၊ တိုင်းကြီးပြည်ကြီးမင်းဧကရာဇ်အကျိုးသာသနာ
တော်မြတ်အကျိုးထမ်းရွက်သိန္နီပါလူတို့ကိုသာသနာပိုင်ဆရာတော်ဘုရားကြီးက
အရပ်ရပ်မင်းမှုမင်းခင်းလွတ်ငြိမ်းစေအမိန့်တော်စာပေးအပ်ချုပ်ထား
သည်ကိုမလွတ်မငြိမ်းဆရာတော်ဘုရားကြီးကြားသိတော်မူ၍သုံးဆယ်ဂိုဏ်းအုပ်
ဆရာကထပ်မံ၍ဆင့်အမိန့်တော်မြတ်ကိုနာခံရသည်ဖြစ်၍သိန္နီပါလူတို့ကိုဝါလသုတင်း
ကျွတ်လျှင်အရပ်ရပ်နေထိုင်ရဦးမည်ဖြစ်၍သိန္နီပါလူတို့ကိုမင်းမှုမင်းခင်းလူအ
စေအနိုင်းမရှိလွတ်ငြိမ်းစေရမည်ဆင့်ဆိုသည်ကိုမတည်ရှိလျှင်သာသနာပိုင်ဆရာ
တော်ဘုရားကြီးထံလျှောက်ထား၍ထင်ရှားအောင်စီရင်မည်။

(သက္ကရာဇ်၁၂၄၇ခုကဆုန်လပြည့်ကျော်၄ရက်နေ့) 2 May 1885
ကအော့ဇသီဝိရဋ္ဌတိုင်မိုင်၄၉သိန္နီမြို့လက်ကိုင်ဆိုင်ရာသုံးဆယ်မြို့ဂိုဏ်းအုပ်ဆရာ
တော်စာ။

(နေခင်ချိုသောင်းတင် စါစု)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဆရာအ မိန့်တော်ရှိသည်၊ သုံးဆယ်မြို့ကိုင်း အုပ်ရှင်ပရမက၎င်း မြို့စီရင်စု ဘော်လှိုင် တိုင်တောင်တလုံး တိုင်ရွာသစ်ကျောင်း နေအသက်ရဝကျော်ဂိုဏ်း ထောက်ဆရာ ရှင်ဥာဏာဘဝတပါး ပြောင်းသွား ရာတွင်း ကျန်ရစ်သော ဥတုဇအဋ္ဌကလာပ် ရုပ် ဟောင်း ကိုပြဿဒ်ရထား လေါင်တိုက်များ နှင့်လှပတင့်တယ်စွာလုပ် ဆောင် သင်္ဂြိုဟ်ပါရမည်အကြောင်း နှင့် လျှောက်ထား ရှိသည်အတိုင်း နိဗ္ဗာန် ကျောင်း တန် ဆောင်း ထီး စိုက်ထီး ဖြူနှစ်စင်း သံလျင်း သံဆကာ ဖိုကျင် လောင်တိုက်ရွမ်း စည် များ နှင့်တံဆိပ်တော်ရစာတည်း ဆရာ တော်တို့နည်း သရိယ ဗျာပနကိစ္စကိုလှပ တင့်တယ်စွာလုပ် ဆောင်သင်္ဂြိုဟ်စေ။

(သက္ကရာဇ် ၁၂၄၇ ခုကဆုန်လပြည့်ကျော်၄ရက်နေ့) (2 May 1885)

( နောင်ရှိသောင်း တင် စါစု )

ဂိုဏ်း အုပ်ဆရာ တော်အမိန့်ရှိသည်သုံး ဆယ်မြို့စီရင်စု ဆောင်း အော် ဘော်
လှိုင် တောင်တလုံး ၃တိုင်အတွင်း သီတင်း သုံး နေကြသည် ဂိုဏ်း ဝင်သင်္ဃာတစုတို့၊
ရေ မြေကိုအစိုး ရ တော်မူ သောသာသနာ ဒါယကာ မဟာ မင်း ဧကရာဇ်တရား
မင်း မြတ်သည်ကိုယ်ကြီး ကိုယ်စီး ပွါး ကိုမငဲ့ မူ၍သာသနာ တော်စည်ပင်ပြန့်ပွါး
များ မြတ်သည်ကိုအလွန်အလို တော်ရှိ တော်မူသည်နှင့်အညီ ရွှေပြည် တော်မှစ၍ နိုင်
ငံ တော်အတွင်း သီတင်း သုံး နေသမျှသင်္ဃာ တော်မြတ်တို့ကိုအ နေအထား ကြစိမ့်
သော ငါသုဓမ္မာ တော်တွင်တံဆိပ် တော်ရဆရာ တော်ကြီး တို့ကိုကြည့်ရှု တော်မူပါ
အမိန့် တော်မြတ်ထုတ်ပြန် တော်မူသည့်အတိုင်း နိုင်ငံ တော်ထက်ဝန်း ကျင်အရပ်ရပ်
မြို့ ကျေး ရွာတို့ကိုအသီး အသီး စေ့ငု အောင်ဂိုဏ်း ချုပ်ဂိုဏ်း အုပ်ဂိုဏ်း ထောက်ဆ
ရာ ပေး အပ်၍ကိုယ်ခွဲကိုယ်စား ဆုံး ဖြတ်ကြည့်ရှုစီရင် စေသည်သုံး ဆယ်မြို့နယ် လေး
ရပ်ရှစ်ရပ်အတွင်း သီတင်း သုံး နေကြသည့်သင်္ဃာ တော်တို့ကိုလည်း နား လင်း ဆ
ရာကကြည့်ရှုဆုံး မစီရင်ရမည်အမိန့် တော်နှင့်ဂိုဏ်း အုပ်ဆရာခန့်အပ် တော်မူ
သည်၊ ငါကလည်း သုံး ဆယ်မြို့စီရင်စု ဆောင်း အော် ဘော်လှိုင် တောင်တလုံး ၃တိုင်
အတွင်း သီတင်း သုံး နေကြသည့်သင်္ဃာ တော်တို့တွင်ရွာသစ် ကျောင်း ဆရာရှင်
ညာဏ မျှော တော ကျောင်း ဆရာရှင်ကလျာဏတို့နှစ်ပါး ကိုဂိုဏ်း ထောက်အရာ
ပေး ၍သာသနာ ရေး သာသနာ မှုကို ဝိနည်း ဓမ္မကံနှင့်အညီကြည့်ရှုစီရင် စေသည်၊
ရွာသစ်ဆရာရှင်ညာဏ၊ မျှောတောဆရာရှင်ကလျာဏတို့ကလည်း ဂိုဏ်း ဝင်သင်္ဃာ
တော်တို့တွင်စီရင်ရန်ရှိသမျှကို ဝိနည်း ဓမ္မကံနှင့်အညီဆုံး ဖြတ်စီရင်ရမည်ဂိုဏ်း ဝင်
သင်္ဃာ တော်တို့လည်း ဂိုဏ်း ထောက်ဆရာတို့ဆုံး ဖြတ်ရာကိုနာခံ၍ဂန္ထာဓူရဝိပဿ
နာဓူရနှစ်ပါး ကိုပွါး များ အောင်အား ထုတ် နေထိုင်ကြရမည်။

(2 May 1885)

(သက္ကရာဇ် ၁၂၄၇ ခုကဆုန်လပြည့်ကျော်၄ရက်နေ့)

(နောင်ချိုသောင်း တင် စါစု)

1885
(သက္ကရာဇ် ၁၂၄၇ ခု  သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်ရှိသည်၊
နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့် ရွှေမြို့တော်
လေးပြင်ရှိတံဆိပ်တော်ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်တို့နှင့် နိုင်ငံတော်ရှိ ဂိုဏ်း
ချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့

မြတ်စွာဘုရား သာသနာတော်ဆိုသည့်အရာသည် ပရိယတ္တိသာသနာတော်ဖြစ်
ထွန်းစည်ကားတိုးပွါးရှိမှ ပဋိပတ္တိကျင့်ဝတ်သိက္ခာပုဒ်များကို ကောင်းမွန်
ပြည့်စုံအောင်ကျင့်ဆောင်နိုင်ရာသည်၊ ပဋိပတ္တိသာသနာတော်ပြည့်စုံပွင့်လင်း
ကောင်းမွန်ရှိမှလည်း ပဋိဝေဒဟူသော မဂ်ဖိုလ်တရားတို့နှင့်ပြည့်စုံရာသည်
ဖြစ်သည်၊ ငါတို့သာသနာဒါယကာ မဟာဓမ္မရာဇာတရားမင်းမြတ်သည်လည်း သာ
သနာပြုမင်း ကောင်းမင်းမြတ်ဖြစ်တော်မူသည်နှင့်အညီသာသနာတော်သုံးပါး
ပွင့်လင်းစည်ကားတိုးတက်ခြင်းများကိုလွန်မင်းစွာ တောင့်တတော်မူသော
မနောပဏိဓိရှိတော်မူသည်နှင့်အညီ ရှေးရှေးသောသာသနာပြုမင်းကောင်း
မင်းမြတ်တို့ကဲ့သို့သာသနာတော်မြတ်ကိုပစ္စယါနုဂ္ဂဟ၊ ဓမ္မါနုဂ္ဂဟနှစ်ပါးတို့ဖြင့်ချီးမြှောက်
တော်မူ၍သာသနာတော်၏စင်ကြယ်သန့်ရှင်းထွန်းလင်း တောက်ပခြင်းအရှည်
တည်တန့်ခိုင်ခန့်စေခြင်းငှါသာသနာတော်ကိုဓမ္မစက် အာဏာစက်နှစ်ပါးတို့
ဖြင့်အားထုတ်ကြည့်ရှုပါမည့်အကြောင်း နှင့်မပြတ်နှိုးဆော်တောင်းပန်တော်
မူသည့်အရာလည်း ရှိသည်ဖြစ်သည်၊ သို့ဖြစ်၍ ရွှေမြို့တော်လေးပြင်ရှိတံဆိပ်တော်
ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်တို့နှင့်နိုင်ငံတော်ရှိဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်း
ထောက်တို့မှာ မိမိတို့စောင့်ထိန်းကျင့်ဆောင်အားထုတ်သင့်သည့်ဥပဒေပါအ
ချက်များ နှင့်ဝိနည်းသိက္ခာပုဒ်တော်များကိုပြည့်စုံကောင်းမွန်ရှိအောင်
စောင့်ထိန်းကျင့်ဆောင်ကြ၍အုပ်ထိန်းကြည့်ရှုပါ၊ တိုက်တွင်းရှိရဟန်းသာမဏေ
(18 May) 1883
ဂိုဏ်းတွင်းရှိရဟန်းသာမဏေတို့ကို (သက္ကရာဇ်) ၁၂၄၅ ခု (နယုန်လဆန်း
၁၃ ရက်နေ့) တံဆိပ်တော်ရဆရာတော်တို့နှင့်စုံညီညှိနှိုင်း ဝိနည်းကျမ်းဂန်များ
နှင့်သင့်လျော်အောင်စောင့်ထိန်းကျင့်ဆောင်ရန် ဖေါက်ပြားချွတ်ယွင်းလွယ်
သည့်အရာများကိုပိုင်းခြားပေးအပ်ဆင့်ဆိုသည့် ၃၂ ချက်ဥပဒေ (သက္ကရာဇ်)
(4 September) 1884
၁၂၄၆ ခု (တော်သလင်းလပြည့်နေ့) ထပ်မံဆင့်ဆိုပေးအပ်သည့် ၉ ချက်ဥပဒေ

(19 July) 1885

ပါအချက်များ နှင့် (သက္ကရာဇ်) ၁၂၄၇ ခု (ဒုတိယ ဝါဆိုလဆန်း ၈ ရက် နေ့) ထပ်မံဆင့်ဆိုရန်ဥပဒေအရပ်ရပ်ဆင့်ဆိုရှိသည့်အမိန့်တော်ပါအချက်များကို ရွှေမြို့တော်လေးပြင်ရှိတံဆိပ်တော်ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်၊ နိုင်ငံတော်ရှိဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့ကလစ်လပ်ကြွင်းကျန်မရှိစေရ၊ အထူးအားထုတ်စောင့်ထိန်းကျင့်ဆောင်ရှိအောင်တည်းတည်းကြပ်ကြပ်နှိုးဆော်ချီးပင့်တားမြစ်ဆင့်ဆိုကြရမည်၊ နောင်ဆင့်ဆိုသည်ကိုလေးစားမမူအပေါ့သုက္ကကြောင့်ကြမဲ့သာနေထိုင်၍အုပ်ထိန်းကြည့်ရှုပါ၊ တိုက်တာဂိုဏ်းအတွင်းများကတစုံတရာမှုခင်းဖြစ်ပွါးပေါ်ပေါက်ကြားသိရလျှင်ထင်ရှားအောင်အပြစ်စီရင်မည်။

(သက္ကရာဇ်) ၁၂၄၇ ခု ဒုတိယ ဝါဆိုလဆန်း ၈ ရက် နေ့သုဓမ္မာစရပ်တော်တွင် (19 July 1885) တံဆိပ်တော်ရဆရာတော်တို့စုံညီသာသနာပိုင်ဆရာတော်ဘုရားကြီးထပ်မံဆင့်ဆိုတော်မူသည့်ရဟန်းသာမဏေတို့ကျင့်ဆောင်ရန်ဥပဒေ

၁၊ သာသနာတော်အတွင်းမှီတင်းနေထိုင်ကြသည့်ရဟန်းသာမဏေတို့မှာပရိယတ္တိသာသနာတော်ဖြစ်ထွန်းစည်ကားရှိမှပဋိပတ္တိ၊ ပဋိဝေဓဟူသောသာသနာတော်နှစ်ပါးဖြစ်ထွန်းစည်ကားရာသည်ဖြစ်၍ပရိယတ္တိသာသနာတော်ဖြစ်ထွန်းစည်ကားတိုးတက်ရှိအောင်တံဆိပ်တော်ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်၊ ဆရာဖြစ်သူတို့ကအထူးအားထုတ်နှိုးဆော်ချီးပင့်ကျမ်းဂန်ပို့ချသင်ကြားဆောင်ရွက်ပြုလုပ်ကြစေရမည်။

၂၊ သာသနာတော်အတွင်းမှီတင်းနေထိုင်ကြသည့်ရဟန်းသာမဏေတို့မှာစာပေပို့ချသင်ကြားလေ့ကျက်ဆောင်ရွက်လေ့လာခြင်းမရှိလှည့်လည်သွားလာနေထိုင်ခြင်းအမှုများသည်သာသနာတော်စည်ပင်ပြန့်ပွါးမရှိ၄င်းရဟန်းသာမဏေတို့ကိုအတုလိုက်စားသာသနာတော်ဆုတ်ယုတ်ရာ ဒသါ အကြောင်းရှိသည်ဖြစ်သည်၊ ၄င်းစာပေပို့ချသင်ကြားဆောင်ရွက်ခြင်းမရှိသည့်ရဟန်းသာမဏေတို့ကိုလက်ခံမွေးထားခြင်းမရှိစေရ၊ ကြပ်ကြပ်တည်းတည်းဆင့်ဆိုတားမြစ်ကြရမည်။

၃၊ သာသနာတော်အတွင်းနိဝင်မှီတင်းနေထိုင်ကြသည့်ရဟန်းသာမဏေတို့မှာမြတ်စွာဘုရားတားမြစ်တော်မူအပ်သောလူ့မှုများနှင့်စပ်လျဉ်းသည့်အမှုများကိုရှေ့ဆောင်ပြုလုပ်ပြောဆိုခြင်း၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့ကိုအ

တွင်း တော်လွှတ်တော်များ ကမြစ်တား စသွင်း ပေး ရန်တံဆိပ်ခတ်စက္ကူပေး
အပ် လျှောက်ထား ရှိသည့်ဝိနည်း သိက္ခာပုဒ် တော်များ နှင့်သင့် လျော်သည့်အချက်
များ ပြင်သိက္ခာပုဒ်အကျင့်သီလညှိုး နွမ်း ဆန့်ကျင်ခြင်း အကြောင်း ဖြစ်သည့်အမှု
များ နှင့်စပ်၍အတွင်း တော်လွှတ်တော်ရုံး တော်များ သို့စသွင်း ပေး ပို့ခြင်း
အမှုများ သည်ရဟန်း တော်နှင့်မလျော် သောအရာဖြစ်သည်၊ မအပ်သောလူမှု
ကိစ္စများ ကို ရှေ့ဆောင်ပြုလုပ် ပြောဆိုခြင်း ၊ သိက္ခာပုဒ်သီလညှိုး နွမ်း ကြောင်း
ဖြစ်သည့်အကြောင်း များ နှင့်အတွင်း တော်လွှတ်တော်ရုံး တော်များ သို့စသွင်း
ပေး ပို့ခြင်း များ ကိုအပြုအလုပ်မရှိ စေနှင့်၊ တံဆိပ်ရတိုက်အုပ်၊ တိုက်ကြပ် ဂိုဏ်း ချုပ်
ဂိုဏ်း အုပ်ဂိုဏ်း ထောက်တို့ကနိုင်နင်း အောင်တား မြစ်ကြရမည်။
၄၊ သာသနာ တော်အတွင်း ခိုဝင် နေထိုင်ကြသည့်ရဟန်း သာမဏေတို့မှာဘုရား
ရှင်ပညတ်မြစ်ပယ် တော်မူအပ် သောဒုတ်ထား စသောလက်နက်မျိုး ကိုစွဲ ဆောင်
ခြင်း ၊ အချင်း ချင်း ခိုက်ရန်ဖြစ်ပွါး ခြင်း ၊ လူဒါယကာတို့နှင့်အခြင်း ဖြစ်ပွါး
ခြင်း ၊ လူတို့နှင့်အခြင်း ဖြစ်ပွါး ရာရဟန်း သာမဏေတို့ဝန်း ဝိုင်း ခြင်း အမှု
များ သည်ရဟန်း သာမဏေတို့၌သာရုပ္ပမဖြစ်၊ လူတို့သဒ္ဓါတရား ယုတ် လျော့ကဲ့ရဲ့
ပြစ်တင်ဘွယ်ရှိသည်ဖြစ်၍ ပစ်ပယ် တော်မူသည့်ဒုတ်ထား လက်နက်များ ကိုစွဲကိုင် ဆောင်
ယူသွား လာခြင်း ၊ အချင်ချင်း ခိုက်ရန်ဖြစ်ပွါး ခြင်း ၊ လူဒါယကာတို့နှင့်အခြင်း
ဖြစ်ပွါး ခြင်း ၊ လူတို့နှင့်အခြင်း ဖြစ်ပွါး ရာရဟန်း သာမဏေတို့ဝန်း ဝိုင်းခြင်း
အမှုများ ကိုအပြုအလုပ်မရှိ စေနှင့်၊ နိုင်နင်း အောင်ဆင့်ဆိုတား မြစ်ကြရမည်။
၅၊ သာသနာ တော်အတွင်း ခိုဝင် နေထိုင်ကြသည့်ရဟန်း သာမဏေတို့မှာ ဂီလာန
စသော ပြောပလောက် သောအကြောင်း မရှိဘဲ နေလွဲ သောအခါကွမ်း စား ခြင်း ၊
ဆေး ဝါး ခြင်း ၊ အနိုး တံအနိုး လိပ် သောက်ရှု ခြင်း အမှုများ သည်သာရုပ္ပမရှိ၊ လူ
တို့သဒ္ဓါတရား ဆုတ်ယုတ်ကဲ့ရဲ့ပြစ်တင်ရာ သောအကြောင်း ရှိသည်ဖြစ်သည်၊ နေလွဲ
သောကာလကွမ်း စား ခြင်း ၊ ဆေး ဝါး ခြင်း ၊ အနိုး တံအနိုး လိပ် သောက်ရှု
ခြင်း များ ကိုဂီလာနစသောအကြောင်း ကင်း လျက်အပြုအလုပ်မရှိ စေနှင့်၊ ကြည်
ရှောင်ရှိ အောင်တား မြစ်ဆင့်ဆိုကြရမည်။
၆၊ သာသနာ တော်အတွင်း မှီတင်း နေထိုင်ကြသည့်ရဟန်း သာမဏေတို့မှာ ဒါယကာ

ဒါယိကာမတို့နှင့်အဆွေခင်ပွန်း ချစ်ကြွမ်း ဝင်လိုခြင်း များ ကိုစွဲ၍သွားခြင်း ငှါ
ထိုက်သောအကြောင်း မရှိဘဲလူတို့အိမ်များ သို့ကူး သန်း သွား လာဝင်ထွက်အဆွေ
ခင်ပွန်း ချစ်ကြွမ်း ဖွဲ့ခြင်း အမှု၊ ညဥ့်အခါများ တွင်အိမ်သို့သွား လာဒါယကာဒါ
ယိကာမတို့နှင့်စကား ပြောဆိုပြုခြင်း အမှု၊ ညဥ့်အိပ်ခြင်း ငှါထိုက်သောအကြောင်း
မရှိဘဲလူတို့အိမ်တွင်ညဥ့်နေခြင်း အမှုများ သည်ရဟန်း သာမဏေတို့နှင့်မသင့်မ
လျော်သည့်အရာဖြစ်သည်၊ ၎င်း အမှုများ ကိုအမှုအလုပ်အကျင့်အကြံမရှိစေနှင့်၊
နိုင်နင်း အောင်ဆင့်ဆိုတား မြစ်ကြရမည်၊

1883
၇၊ သာသနာတော်အတွင်း မှီတင်း နေထိုင်ကြသည့်ရဟန်း သာမဏေတို့မှာ (သက္က
1884
ရာဇ်၁၂)၄၅ခု (၁၂၄၆ခု များ ကတံဆိပ်တော်ရဆရာတော်တို့နှင့်စုံညီ
ဝိနည်း ပညတ်ကျမ်း ဂန်များ နှင့်ညှိနှိုင်း ဝါရိတ္တသီလ၊ စာရိတ္တသီလ ပေါက်ပြား
ချွတ်ယွင်း တိမ်း ယိမ်း လွယ်သည့်အရာများ ကိုအား ထုတ်စောင့်ရှောက်ဖြည့်ကျင့်
ရန်သာသနာတော်တိုး တက်ဖြစ်ထွန်း စည်ကား ရှိအောင်ဥပဒေပညတ်ပိုင်း
1883
ခြား ထား သည်ဖြစ်သည်၊ (သက္ကရာဇ်၁၂)၄၅ခု (၁၂)၄၆ခု ဥပဒေ
1884
များ နှင့်(သက္ကရာဇ်၁၂)၄၇ခု ထပ်မံထည့်သွင်း ဆင့်ဆိုပိုင်း ခြား ထား အပ်
1885
သည့်ဥပဒေကျင့်ဝတ်သိက္ခာပုဒ်များ ကိုအပေါ့သုက္က ကြောင့်ကြမဲ့ပြု၍အနေအထိုင်မရှိ
စေနှင့်၊ တလတကြိမ်ဘတ်ကြား နာခံစေ၍အပိုင်း အခြား ထား အပ်သည့်ဥပဒေ
ဝိနည်း ပညတ်သိက္ခာပုဒ်များ ကိုအား ထုတ်စောင့်ရှောက် နေထိုင်ရှိ အောင်တံဆိပ်
ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်၊ ဂိုဏ်း ချုပ်၊ ဂိုဏ်း အုပ်၊ ဂိုဏ်း ထောက်တို့ကတည်းတည်း
ကြပ်ကြပ်ကျင့်ဆောင်နိုး ဆော်ဆင့်ဆိုတား မြစ်ကြရမည်။

22 August 1885
သက္ကရာဇ်၁၂၄၇ခုဝါခေါင်လဆန်း ၁၂ရက်နေ့ရတနာပုံနေပြည်တော်
နန်း မြို့တော်ကြီး အတွင်း ရွှေလွှတ်တော် ရွှေစာပုံနှိပ်စက်ရုံ တော်တွင်စက်တင်ပုံ
နှိပ်သည်။

(သူရိယ ၊ တွဲ၁၆၊ မှတ်၁၁၊ ဇန်နဝါရီ၁၉၃၃၊ စာ၅၄ – ၆ပြန်ပုံနှိပ်)

ဦး ဂျူဝရှာ ကျောက်စိမ်း ကောက်ခံရန်ဦး ဂျူဝရှာ နေလူတို့ကိုသဃ မေမ ငွေ
တော်မခွဲမ တောင်း ၊ ကျောက်စိမ်း များ ကိုတူး ဘော်ဝယ်ယူ ရောင်း ချ၍အခွန်
တော် ငွေဆက်သွင်း သည်၊

မိုး ကောင်း မြို့ကြက် ပေါင် စေး အခွန် တော် ကောက်ခံရန်မိုး ကောင်း မြို့ဗန်း မော်
မြို့အတွင်း ထွက်ရှိသည့်ကြက် ပေါင် စေး များ ကိုသ ဘောတူ ဝယ်ယူ ရောင်း ချ၍အခွန် တော်
ငွေဆက်သွင်း သည်၊

ပတ္တမြား သုံး စို့ပွဲခွန်ကင်း ဈေး ကောက်ခံရန်မိုး ကုတ်ကျပ်ပြင်ကသည်း သုံး စို့ ကျေး
ရွာ များ မှသဃ မေမ ငွေ တော်မခွဲမ တောင်း ၊ ပတ္တမြား ကျောက် တော် များ ကို
တူး ဘော်ဝယ်ဟူ ရောင်း ချအခွန် တော် ငွေဆက်သွင်း သည်၊

ပတ္တမြား ကျောက်များ ကိုမိုး ကုတ်ကြပ်ပြင်ကသည်း သုံး စို့ ကျေး ရွာ များ က ဝယ်ယူ
ရွှေဘဝါး တော် အောက်တွင်ကုန်သည်တို့ ရောင်း ချရာအဘိုး ငွေ ၁၀၀ တန်လျှင်တံ
ဆိပ်ခွန်ထွက် ၅ပြား ကျ ကောက်ခံသည်၊ပတ္တမြား ကျောက် တော်ကို ရွှေမြို့ တော်က အောက်
မြို့ ကျေး ရွာ များ သို့ထုတ်ယူ ရောင်း ချရာအဘိုး ငွေ ၁၀၀ တန်လျှင် ရောင်း သူ ၅ပြား
ဝယ်သူ ၅ပြား ကျ ကောက်ခံ စေရန်၊

ပေါင်း ၁

ငှင်း ပတ္တမြား ခွန်ပါသုံး စို့ ကျေး ရွာ ရှိကင်း သို့ကျ ရောက်သည့်နွား ဝန်တင် ကောက်
ခံရန်ဆား ၊ ငါး ၊ ငါး ပိတင်နွား ၁လျှင် ၂ပဲ ကောက်ခံသည်၊ (လူ) ပခုံး ထမ်း ၁
လျှင် ငွေ ၁ကျ ကောက်ခံသည်၊

ပေါင်း ၁

ပတ္တမြား သုံး စို့ ကျေး ရွာ နယ်အတွင်း ဈေး များ မှ တောင်လမ်း ရှမ်း ပွဲတွင်ပါ
ဝင်သည့် တောင်တပြင် ဈေး နည်း ကောက်ခံရန်၊

ပေါင်း ၁

စုစု ပေါင်း ၃

ဗန်း မော်မြို့ ၁၂ ရပ် ကောက်ခံရန်ဗန်း မော်မြို့ ကောင်း တုံမြို့နယ် မြေအတွင်း ဆိုက်
ရောက်သည့်ကုန် များ အနက် ရွှေဘဝါး အောက်စုန်ဆင်း သည့် ဒေး ဝန်း ကုန် များပြင်
ဗန်း မော်မြို့ ကောင်း တုံမြို့များ တွင် ရောင်း ချသည့်ဆား ငါး ပိကုန်ချိပ်ကုန်တိုက်ကုန်

လုံး ရေချပ်ပြားမှာ ကုန်ချိန် ၁၀၀ လျှင် ၅ ပြား ကျ ကောက်ခံသည်၊
ဗန်း မော်မြို့ ကောင်း တုံမြို့ များ က တင် ဆောင်တက်သွား သည့် နွား ဝန်တင် ၁ လျှင် ၅။ကျ ကောက်ခံသည်၊ လင်ပန်း ကျကင်း ၊ တပင်ကင်း များ က ကုန်တင် ဆောင်တက်သွား သည့် နွား လား ဝန်တင် ၁ လျှင် ၅။ကျ၊ ကျောက်စိမ်း တင်နွား ဝန်တင် ၁ လျှင် ၂ ပြား ကျကင်း တွက် ကောက်ခံသည်၊
တာဦး ၊ မိုး ကိန်း ၊ နောင်အောင်၊ တာပတ်ကင်း များ သို့ဆိုက် ရောက်သည့် တရုပ်ပြည်ကျကုန်တင် လှေ ၁ လျှင် တကင်း ၂။ဝဲကျ အဆန်ပိန်း ကော ၁ လျှင် ၅။(အ)ဆန် လောင်း ၁ လျှင် ၁ ပြား တက်မရှည် ၁ လျှင် ၂ ပြား တုံး လှေ ၁ လျှင် ၃ ပြား တက် ထောင် ၁ လျှင် ၄ ပြား ကျကင်း တွက် ကောက်ခံသည်၊
ဗန်း မော်မြို့မိုး လဲ ချောင်း အညာ လေး မြို့က တင် ဆောင်တက်သွား သည့် နွား လား ဝန်တင် ၁ လျှင် ၁။ ကျောက်စိမ်း တင်နွား လား ဝန်တင် ၁ လျှင် ၄ ပြား ကျ ကောက်ခံသည်၊ တရုပ်ပြည်ကျကုန် များ ကို ရွှေမြို့ တော်ပို့စုန် မှော ၁ လျှင် အဖိုး တန် ငွေ ၁၀၀ လျှင် တံဆိပ်တွက် ၃။ တောင်း ခံ၍ မှော စာ ပေး အပ်သည်၊ ဗန်း မော်မြို့တွင် ရောင်း ချလျှင် ကုန်ဖိုး ငွေ ၁၀၀ တန်လျှင် ၅ ပြား ကျ ကောက်ခံသည်။

9 September 1885 – 8 October 1885

သက္ကရာဇ် ၁၂၄၇ ခု တော်သလင်း လအတွင်း ရတနာပုံ နေပြည် တော်နန်း မြို့တော်ကြီး အတွင်း ရွှေလွှတ် တော် ရှေ့ စာပုံ စက်ရုံ တော်ကြီး တွင် စက်တင်ပုံနှိပ်သည်။
(တိုး လှ စါစု၊ မောင်ဇနီယ၊ မြန်မာ့ ကျောက်စိမ်း ၊ ရန်ကုန်၊ အလက်ာ စါပေ၊ ၁၉၇၆ နှစ်ကြိမ်၊ စါ ၂၅၁-၄)

24 November 1885

မိစ္ဆာကုလား တို့ထိပါး ဝင်ရောက်လာသည်ကိုခုခံတိုက်ခိုက်ဘမ်းဆီး ဆက်သစေမည်
ဗိုလ်မှူး ဗိုလ်ချုပ်တို့ကိုဧရာဝတီကြောင်း မြို့ရွာများ သို့အသီးအသီး ခွဲဝေစေလွှတ်
ခွဲရပ်ရှိသည်မှာ. တိုက်ခိုက်လုပ်ကြံပုံအရေး အရာများ ကိုအား ရတော်မမူဖြစ်
၍ များ စွာသော ဗိုလ်ရဲမက်တော်အပေါင်း ခြံရံလျှက် ရွှေကြက်ယက်တောင်အောင်
မြေအရပ်သို့ကိုယ်တော်တိုင် ရွှေစက်တော်မြတ်ဖြန့်ချီတော်မူပြီး လျှင်မိစ္ဆာကုလား
တို့ကိုလက်ရသိမ်း ယူတော်မူမည်၊ ချီတက်ရပ်နေရှိသည့်ဗိုလ်မှူး ဗိုလ်ချုပ်တို့သိနှင့်စေ
24 November 1885
အောင်အမိန့်တော်ပြန်ဆိုစေ၊ (သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်
ကျော် ၃ ရက် နေ့ ၁ မောင်း အချိန်မြင်း ခြံကိုရိုက်

ဧရာဝတီကြောင်း ဗိုလ်မှူး လှေသင်း အတွင်း ဝန်စလေမြို့စား နှင့်တပ်ဗိုလ်အ
ရာရှိရဲမက်တော်အမှုထမ်း တို့၊ မိစ္ဆာကုလား ရန်ကိုစွန့်စွန့်စား စား ထွက်လွတ်
မရှိရ အောင်ဘမ်း ဆီး သတ်ဖြတ်နှိပ်နင်း ကြရမည်၊ မည်သည့်တပ်ဗိုလ်အရာရှိအမှု
ထမ်း စွန့်စား ထမ်း ရွက်ပွဲလမ်း ရသည်ကိုလည်း ဗိုလ်မှူး ကမှတ်သား ၍တင်စေ၊
ပွဲလမ်း ရသူကို အောင်ဆုသူကောင်း ပြုတော်မူမည်၊ တပ်ဗိုလ်အရာရှိအမှုထမ်း တို့
ကိုစေ့နှံ့အောင်အမိန့်တော်ပြန်စေ။ (သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း
24 November 1885
လပြည့်ကျော် ၃ ရက် နေ့ ၂ ချက်တီး ကျော် ၂ မောင်း အချိန်မြင်း ခြံကိုရိုက်

မင်းကြီး ဘုရား မိစ္ဆာကုလား တို့ကိုလက်ရသိမ်း ယူစေရန်ဗိုလ်မှူး တပ်မှူး တို့ကို
ချီတက်ခွဲရပ်တိုက်ခိုက်စေသည်များ ကိုအား ရတော်မမူဖြစ်သည်၊ ကိုယ်တော်တိုင်
ရွှေစက်တော်မြတ်ဖြန့်ချီတော်မူ၍လက်ရသိမ်း ယူတော်မူမည်၊ ဗိုလ်မှူး ဗိုလ်ချုပ်
တို့သိနှင့်စေရန်အမိန့်တော်ပြန်ဆို ကြေးနန်း ရိုက်ကြား စေ၊ ဘုရား အမိန့်တော်
မြတ်အရ၊ ရွှေကြက်ယက်တောင်အောင်မြေအရပ်သို့ ရွှေစက်တော်မြတ်ဖြန့်ချီတော်
မူရန်အမိန့်တော်ကိုဗိုလ်မှူး ဗိုလ်ချုပ်တို့ထံ ကြေးနန်း နှင့်ရိုက်ကြား ပြန်ဆိုရှိပါသည်
24 November 1885
မင်းကြီး ဘုရား ။ (သက္ကရာဇ် ၁၂၄၇ ခု) တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်
နေ့ ၂ ချက်တီး ကျော် ၂ မောင်း အင်း ဝကိုရိုက်

အမိန့်တော်မြတ်နှင့် ညောင်ရွှေစော်ဘွားကြီး ကဗိုလ်မှူး လှေသင်း အတွင်း ဝန်
မင်း ထံ ပေး သည့်အစီရင်ခံစာ၊ မိစ္ဆာကုလား တို့ပုဂံ ညောင်ဦး တပ်တော်များ
ကကျွံ၍ကွမ်း ရွာဆိပ်ကမ်း သို့ရောက်ရှိသည်ကိုအသျှင်နှစ်ပါး ကျေး ဇူး တော်မြတ်ကို

24 November 1885

အထူးခံစားရသူမှန်သည့်အတိုင်း ဦကာ် ဝိရိယ ရှိသမျှအထူးအားထုတ်ထမ်းရွက်ပါမည့်အကြောင်း ဘုန်းတော်ကြီးလှ သေါဘုရားကိုယ်တိုင် တော်ချီတက်အင်္ဂလိပ်နိုင်ငံကိုသိမ်းယူတော်မူမည်စီစဉ် ဆင့်ဆို ရှိသည်ဖြစ်ပါ၍ မိဿကုလားတို့အရေးမျှနှင့်ကိုယ်တော်တိုင်ချီတက်တော်မူသင့်သည်မဟုတ် သူကောင်းပြုခံမှူးကြီးမတ်ကြီးကျွန်တော်မျိုးတို့တာဝန်ဖြစ်သည့်အတိုင်း ဗိုလ်မှူးအတွင်းဝန်မင်းခံ ဝန်တင်လျှောက်ရင်းနှင့်ညီ အောင်မဆုတ်မနစ်သင်းတို့မတိုးမတက်စေရသင်းတို့နိုင်ငံကိုသိ သိမ်းယူနိုင်အောင်လုံ့လထုတ်၍ထမ်းရွက်မှစားမည့်ဆဲဆဲထမင်းပွဲကိုသူတပါးမလု မယူပါစေရ၊ အထူးပွဲရအောင်ထမ်းဆောင်မည့်အကြောင်းကိုကြေးနန်းနှင့်မှါထားရမည်အမိန့်တော်မြတ်ရှိ သည်ဖြစ်ပါ၍ မိဿကုလားတို့မတိုးမတက်ရအောင်ကျိုးစားထမ်းရွက်ပါမည့်အကြောင်းစီတတ်သမျှ အကြောင်းအရါများကိုလည်းတင်လျှောက်ပါရအောင်အမီပွါယ်စကားပြန်ကြားပါမည့်အကြောင်း

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် နေ့ ၂ ချက်တီးကျော် ၃ မောင်း အချိန်မြင်း ခြံကိုရိုက်

အတွင်းဝန်မင်းများကဗိုလ်မှူး လှေသင်းအတွင်းဝန်မင်းကိုပေးစာ၊ လှေသင်းစာရေးကြီးမှါ ရေကြောင်း၌ ၁ န ၅ နှင့်စပ်၍ဆင့်ဆိုစေခိုင်းရန်များပြားရှိ သေါကြောင့်သံတော်ဆင့်

24 November 1885

လက်နက်တိုက်ဝန်ကိုအမိန့်တော်မြတ်နှင့်ယနေ့ နေ့ ၂ ချက်တီးအချိန် စေလွှတ်တော်မူပါကြောင်း

22 November 1885

နတ်မီးလင်းကိုကသည်းအဏ္ဏပတ်မြင်းစီးလုံ့ဖွဲ ၁၀၀ နှင့်ယခုလပြည့်ကျော် ၁ ရက် နေ့ စေလွှတ်လိုက် သည်၊ ဂေါက်မဂေါက်ကိုပြန်ကြားပါမည့်အကြောင်း။

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြဉ့်ကျော် ၃ ရက် နေ့ ၂ ချက်တီးကျော် ၃ မောင်း အချိန်မြင်း ခြံကိုရိုက်။

အတွင်းဝန်မင်းများကဗိုလ်မှူး လှေသင်းအတွင်းဝန်မင်းကိုပေးစာ၊ ပုခန်းကြီးမြို့ခရိုင်ဝန် ဂေါက်မဂေါက်ကိုမေးမြန်းရါယခုနေ့ပုခန်းကြီးခရိုင်ဝန်ဂေါက်၍ကွမ်းရွါသို့စုံသွားကြောင်း ပြန်ပြောကြားသိရပါသည်၊ သင်းတို့မိဿကုလားသင်္ဘောကွမ်းရွါတွင်ရှိသည်မှန်လျှင်ပုခန်းကြီးခရိုင် ဝန်ကွမ်းရွါသို့စုံဆင်းရန်မဟုတ်ဖြစ်၍ကွမ်းရွါတွင်မိဿကုလားသင်္ဘောရှိသည်မရှိသည်ကိုအမိန့်တော် မြတ်ခံသိအောင်ကြေးနန်းအမြန်ပြန်ကြား ပါမည့်အကြောင်း ။

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ ၃ ချက်တီး အချိန် မြင်း ခြံကိုရိုက်

ဗိုလ်မှူး လှေသင်းအတွင်းဝန်အလိုရှိရါအောင်ဆုပေးရန် ရွှေချိန် ၁၀၊ ရွှေခွက် ၂၄၀ များကိုရဲ

ညွန့် ငနိုင် ငသိအောင် ငအောင်တို့ကိုအပ်၍မြင်းနှင့်မရပ်မဆိုင်းအပို့လါစေသည်၊ နောက်ကိုလည်း ပေးချင်တိုင်းပေး၍ မကုန်နိုင်အောင် ငွေမျိုးကိုအဆက်မပြတ်ပို့လါစေမည်၊ ရဲဝံ့စွန့်စားအမှုထမ်း ရည်ရှိသူကိုမှတ်သား၍ အောင်ဆုသနားတော်မြတ်ခံစေရမည်၊

24 November 1885

(သက္ကရာဇ်)၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၄ ချက်တီး ကျော် ၂ မောင်း မြင်းခြံကိုရိုက်

ဗိုလ်မှူး လှသင်းအတွင်းဝန်ချုပ်အုပ်တိုက်ခိုက်ထမ်းရွက်သည့်အရေးအရာများကို ရွှေနားတော် မြတ်ကြားသိတော်မူသောကြောင့်အလွန်အားရတော်မူသည်၊သည်အရေးပြီးလျှင်ပွဲကြီးရ၍ အောင် ဆုသူကောင်းပြုတော်မူမည်၊တပ်ဗိုလ်ရဲမက်တော်တို့နှင့်တက္ကကြိုးကြိုးပမ်းပမ်းထမ်းရွက်ကြရမည်၊

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၄ ချက်တီး ကျော် ၂ မောင်း မြင်းခြံကိုရိုက်

အတွင်းဝန်မင်းများက ဗိုလ်မှူးအတွင်းဝန်မင်းကိုပေးစာ၊ဆိပ်ညံ့ရွာသို့ဆုတ်သွားသည့်သင်္ဘောများ သည်ရှေ့လွန်သင်္ဘောများနှင့်ကွဲပြားလျက်ရှိသည်ဖြစ်၍သင်းတို့အကြံယူရန်အကြောင်းရှိပါသည်၊ အောက်သို့ဆုတ်သွားသည့်သင်္ဘောများကမ်းသို့ကပ်၍လူများတင်ခဲ့လျှင်မတက်နိုင်အောင်ဗိုလ်မှူးအ တွင်းဝန်သဘောထားရန်သင့်သည်ထင်ပါကြောင်း၊ပုခန်းကြီးခရိုင်ဝန်မြို့ဝန်တို့ကိုလည်းလက်နက် လူအင်အားနှင့်အနောက်ဘက်ကမ်းသင့်ရာက စလူအထောက်ထား၍နှစ်ဘက်ညှပ်တိုက်ခိုက်ဘမ်းဆီးရန် သင့်သည်ထင်ပါကြောင်း

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၁ ချက်တီး အချိန်မြင်း ခြံကိုရိုက်

အတွင်းဝန်မင်းများက ဗိုလ်မှူး လှသင်းအတွင်းဝန်မင်းကိုပေးစာ၊ယခုနေ့ မိန္ဒါကုလားတို့တက် လါ၊ဘုံးအမြောက်များ စွါပစ်ခတ်သည်ဖြစ်လျက်ရဲမက်တော်သားတို့တဦးတယောက်မျှ စိုးခန့်လှုပ်ရှား မရှိရဲဝံ့စွန့်စားညီညာကြိုး ပမ်းထမ်းရွက်ကြသောကြောင့် နန်းထိုးစီရင်ချုပ်အုပ်ကွပ်ကဲပုံစစ်ဗိုလ်မှူး လက္ခဏာနှင့်ညီညွတ်ကိုကြားသမျှမှူးတော်မတ်တော်တို့ကအံ့ဩရှိကြသည့်အတွင်းဗိုလ်မှူးအတွင်းဝန် မင်း ကိုယ်ကတုပ် ပေါ်သို့တက်၍ဘုံးဆံသံဒလက်ကြားတွင်ထိးကလျက်ကွပ်ကဲကြောင်းထပ်မံကြားသိ ရပြန်သောကြောင့်ရှိခိုးသံတော်ဦးတင်ရါအလွန်အားရနှစ်သက်တော်မူပါကြောင်း၊ ဝန်ကြီးအတွင်း ဝန်မှစ၍ စော်ဘွါးမြို့စားမှူး တော်မတ်တော်အရာထမ်းအမှုထမ်းအပေါင်းတို့ကလည်း ဗိုလ်မှူးစစ် သူကြီးတို့အင်္ဂါလက္ခဏာနှင့်အညီသတ္တိဗျတ္တိနှစ်ပါးနှင့်ပြည့်စုံသည့်အဖြစ်သိသာထင်ရှားလှပေ

သည်ဟု ရွှေနန်း တော်အလုံး အုံး အုံး ကြွက်ကြွက်ခြီး မွမ်း ထောပနာ ကောင်း ခြီး ပြော သောအသံဖြင့်လွှမ်း လျှက်ရှိပါကြောင်း

24 November 1885

(သက္ကရာဇ်) ၁၂၄၇ ခုတန် ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၁ ချက်တီး ကျော် ၁ မောင်း အချိန်မြင်း ခြံကိုရိုက်

အတွင်း ဝန်မင်း များ က တောင်ခွင်ဝန်ကြီး မင်း ကိုအစီရင်ခံစာ၊ ယခု နေ့ နေ့ ၃ ချက်တီး ကျော်အချိန်သင်း တို့မိဿာကုလား သင်္ဘောဆယ်စင်း မြင်း ခြံသို့ဆန် တက်ဆိုက် ရောက်ဆိပ်ကမ်း တလျှောက်စွဲရပ်ချထား ရင်း တပ် တော်များ အနက် သပြေပင်ရွာတပ်ဦး တော်ကအ မြောက်နှင့်ပစ်ခပ်ရာသင်း တို့သင်္ဘောကလည်း အခိုး မှောင်ချလွှတ်မိုး ရွာသကဲ့သို့အသံမစဲပစ်ခတ် သော်လည်း ဗိုလ်မှူး အတွင်း ဝန် ကိုယ်တိုင်ကထုပ် ပေါ်တွင်ထား ကွပ်ပြီး လျှင်သင်း တို့ပစ်ချက်များစွါ ရှိ မှထိ လေါက်မှန် လေါက် ပျက်စီး လောက်သည့်နေရာများ ကိုအစီအစဉ်ဂဏန်း မှတ်ခွဲ ဝေဆင့်ဆိုပစ်လွှတ်ရာ သင်း တို့ပစ်ခတ်သည့်ဘုံး အမြောက်များ သည်တစုံတယောက်ကိုမျှ ရှနမရှိ၊ သင်း တို့ သင်္ဘောများ အနက်ပဉ္စမနှစ်စင်း ကိုအမြောက်ထိမှန် ပေါက်သွား ဆုတ်ခွါထွက် ပြေး ဒုတိယသင်္ဘောတစင်း နှင့်သမ္ဗာန်ကိုထိမှန်ထပ်မံဆုတ်ရှိသည်ဖြစ်၍ ဗိုလ်မှူး အတွင်း ဝန်ထား ကွပ်မြဲကွပ်ကဲဆင့်ဆိုစီး နင်း ပစ်ခတ်ရာသင်္ဘောဆယ်စင်း အနက်အမြောက် ထိမှန်ကွဲ ပေါက်သည့်သင်္ဘောနှစ်စင်း မှာမြင်း ခြံအနောက်ဘက် သောင်စွန်း တွင် မှေး တင်ကပ်ထား ခဲ့၍ ရှေ့ကိုအမြန်သင်္ဘောနှစ်စင်း ဆန်တက်ထွက် ပြေး ခရီး တ တိုင် ကျော်ကွာတွင်ရပ် နေ ကြောင်း သင်္ဘော ခြောက်စင်း မှာမြင်း ခြံ အောက်ခ ရီး တတိုင် ကျော်ကွာဆိပ်ညံ့ရွာတွင်ရပ်နား ရှိ ကြောင်း ၊ သောင်တွင်ကပ်ထား သည့်သင်္ဘောနှစ်စင်း ကိုလည်း ပြင်ဆင်ဆဲအတွင်း တပ် တော်ကပင်ပစ်ခပ်ဆဲရှိ ကြောင်း ဂဲမက် တော်တို့မှာအထိအပါး မရှိ၊ သင်း တို့ကုလား သုံး ဆယ် ကျော် သေ ကြေပျက်စီး ရှိ ကြောင်း များ နှင့် ကြေး နန်း ရိုက်ကြား တင် လျှောက်ရှိသည့်အရအအမိန့် တော် မြွက်ခံရာအသျှင်နှစ်ပါး အလွန်အား ရ တော်မူသည်ဖြစ်ပါ၍ စာ ပါအ ကြောင်း အရာ များ ကိုဗိုလ်မှူး အတွင်း ဝန်ပင်း မြို့စား မင်း ဗိုလ်မှူး အတွင်း ဝန်မြို့သစ်မြို့စား မင်း ဗိုလ်ချုပ် ရွှေဝင်း တော်မှူး မင်း တို့နှင့်တပ် ဗိုလ်အရာရှိဂဲမက် တော်အနှံ့အ ပြား သိပါစေမည့်အ ကြောင်း ဘုရား (သက္ကရာဇ် ၁၂၄၇ ခုတန် ဆောင်မုန်း လ ပြည့်ကျော် ၃ ရက် နေ့ည ၂ ချက်တီး အဝကိုရိုက်)

(24 November 1885)

အမိန့်တော်မြတ်နှင့်အတွင်းဝန်မင်းများက၊ ဗိုလ်မှူးအတွင်းဝန်ပင်းမြို့စားမင်း၊ ဗိုလ်မှူးအတွင်းဝန်မြို့သစ်မြို့စားမင်း ဗိုလ်ချုပ်ရွှေဝင်းတော်မှူးတို့ကို ပေးစာ၊

သင်းတို့မိန္တာကုလားသင်္ဘောဆန်တက်လာသည်ကိုမြင်းခြံတွင်စွဲရပ်သည့်တပ်တော်များကဗိုလ်မှူးအတွင်းဝန်ကိုယ်ထားကွပ်၍စီးနင်းပစ်ခပ်တိုက်ခိုက်သည်နှင့် သင်းတို့သင်္ဘောဆယ်စင်းအနက်အမြောက်ထိမှန်ပေါက်ကွဲသင်္ဘောလေးစင်းတွင် နှစ်စင်းမှာနောက်ကသင်္ဘောလေးစင်းနှင့်ပေါင်းစည်း၍မြင်းခြံအောက်သို့ဆုတ်ခွါထွက်ပြေးကြောင်း၊ နှစ်စင်းမှာမထွက်မသွားနိုင်သောင်တွင်ကပ်မှေးပစ်ထားခဲ့ကြောင်း၊ နှစ်စင်းမှာမြင်းခြံအထက်ခရီးတတိုင်ကျော်ခွါရှောက်ဆန်တက်ထွက်ပြေး၊ သင်းတို့သင်္ဘောကစင့်ကလျား၊ ကုလားသုံးဆယ်ကျော်သေကြေပျက်စီးကြောင်းနှင့်တင်လျှောက်ကြားသိတော်မူရသည်ဖြစ်၍ဗိုလ်မှူး သေ သင်းအတွင်းဝန်မှာသက်စွန့်ကြိုးပန်းရွတ်ရွတ်ချွန်ချွန်ရဲဝံ့စွာထမ်းရွက်ရှိသည်၊ သင်းတို့မိန္တာကုလားသင်္ဘောရှေ့ကိုလွန်၍ဆန်တက်နိုင်ခဲ့လျှင်စကိုင်းမြို့အဝမြို့ဗိုလ်မှူးဗိုလ်ချုပ်တို့ကပွဲကြီးပွဲကောင်းရအောင်အထူးအားထုတ်ထမ်းရွက်ရမည်အကြောင်းနှင့်ပြန်ဆိုမှာထား စေဘုရားအမိန့်တော်မြတ်အရထမ်းရွက်ခွင့်ရှိသည်များကိုဗိုလ်မှူး ဗိုလ်ချုပ်သဘောလက္ခဏာသတ္တိဗျတ္တိရှိသင့်သည်နှင့်အညီချီးမွမ်းအံ့ဩပြောပလောက်အောင်အထူးကြိုးပမ်းအားထုတ်ထမ်းရွက်ပါမည့်အကြောင်း

24 November 1885

(သက္ကရာဇ်) ၁၂၄၇ခုတန်ဆောင်မုန်းလပြည့်ကျော်၃ရက်နေ့ည၂ချက်တီး အဝကိုရိုက်

အတွင်းဝန်မင်းများကဗိုလ်မှူးပင်းအတွင်းဝန်မင်း၊ ဗိုလ်မှူးမြို့သစ်အတွင်းဝန်မင်းတို့ပေးစာ၊

အဝမြို့စကိုင်းမြစ်ရိုးဝဲယာလုပ်ဆောင်သည့်ကတုတ်များမှာမြစ်နှင့်တတာကွာနှစ်တာကွာများတွင်လုပ်ဆောင်စေလိုကြောင်းနှင့်ဗိုလ်မှူးလှေသင်းအတွင်းဝန်မင်းကြေးနန်းရိုက်ကြားရှိပါ၍သင်္ဘောရေလမ်းနှင့်ချင့်ချိန်ပြီးလျှင်တတာကွာနှစ်တာကွာများတွင်ကတုတ်လုပ်ဆောင်ပါမည့်အကြောင်း၊ လက်ရအုပ်ဘိုသင်္ဘောမှာတင်ဆောင်ရန်ငွန်းအိပ်အစားဂေါ်ဝိန်ဆိပ်ကမ်းသို့ဘွဲ့အိပ်လုံး

ရေ ၅၀၀လုပ်ဆောင်အသင့်ရှိသည်ဖြစ်၍ စေနိုင်း သင့်ရာ စေနိုင်း ပြီး ပြေလျှင်လက်ရအုပ်ဘိုသင်္ဘောကိုအမြန်ပြန်လာပါစေမည့်အကြောင်း

24 November 1885
(သက္ကရာဇ် ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၂ ချက်တီး အဝကိုရိုက် ပြောပြီး)

အမိန့်တော်မြတ်နှင့်အတွင်းဝန်များ ကဗိုလ်မှူး လှသင်း အတွင်းဝန်မင်း ကိုပေးစာ။

မိစ္ဆာကုလား တို့ကိုထွက်လွတ်မရှိစေရ။ ကြိုး ပန်း ထမ်း ရွက် အောင်ဗိုလ်မှူး လှသင်း အတွင်း ဝန်ကိုအထပ်ထပ်မှာထား စေ ဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ပါရသည်။ ယခု နေ့တက်လာသည့်သင်္ဘောများ ကိုဗိုလ်မှူး လှသင်း အတွင်း ဝန်မင်း လက်ကထွက်လွတ်မရှိရ အောင်အထူး အား ထုတ်တိုက်ခိုက်ဘမ်း ဆီး သတ်ဖြတ်သိမ်း ယူဆက်သပါမည့်အကြောင်း

24 November 1885
(သက္ကရာဇ်) ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ ရက် နေ့ည ၂ ချက်တီး ကျော် ၂ မောင်း မြင်း ခြံကိုရိုက်

လွှတ်တော်ကဗိုလ်မှူး အတွင်း ဝန်ပင်း မြို့စား မင်း ဗိုလ်မှူး အတွင်း ဝန်မြို့သစ်မြို့စား မင်း တို့ကို ပေး မှာသည့်စာ။

တောင်ငူကြောင်း တောင်တွင်း ကြောင်း များ သို့ချီတက်ထမ်း ရွက်ရာပါအစုအမှုထမ်း ကိုယ်ရံသူကောင်း ထမ်း လူတို့အနက်အမှုတော်ကိုဦး လည်မသုန်ရွပ်ရွပ်ချွန်ချွန်သက်စွန့်ကြိုး ပန်း ကြည်း ရေမရှောင်အထူး ရဲဝံ့စွာထမ်း ရွက်နိုင်မည်သူတို့ကိုအမြန် ရွေး ကောက်၍ ရဲဘွဲ့စည်း စာရင်း ဆက်သွင်း တင်လျှောက်စေရမည့်အကြောင်း နှင့်ဗိုလ်မှူး အတွင်း ဝန်တို့ကိုပြန်ဆိုမှာထား စေဘုရား အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရသည်ဖြစ်၍ ဗိုလ်မှူး အတွင်း ဝန်မင်း တို့ကမှူး ကွပ်ချုပ်အုပ်ချီတက်ရာပါအစုအမှုထမ်း ကိုယ်ရံသူကောင်း ထမ်း လူတို့အနက်ရဲ ရွေး ကောက်ဘွဲ့စည်း ရန်လူတို့ကိုအမြန်ဘွဲ့ စည်း စာရင်း ဆက်သွင်း မည့်အကြောင်း ။

မင်း ကြီး ဘုရား ရင်း ရဲမြစ်ပိတ်လုပ်ငန်း ကိုအရေး နှင့်ချင့်ချိန်လျှင်ယခုနေ့ည လုပ်ငန်း ပြီး ပြေအောင်လက်စသိမ်း ၍ နိုင်လုံသည်ထက်နိုင်လုံအောင်ထပ်ဆင့်လုပ်ဆောင်လိုသည်များ ကိုဆက်လက်လုပ်ဆောင်မှုပစ်ဝန်လွတ်ကင်း သင့်လျှော်မည်ဖြစ်

ပါ၍လုပ်ဆောင်ရန်ရှိသည်များ ကိုယခုနေ့ညပြီး ပြေအောင်အပြင်း နှိုး ဆော်ကြီး ကြပ်လုပ်ဆောင်ပါမင်း ကြီး ဘုရား

24 November 1885

(သက္ကရာဇ်) ၁၂၄၇ခုတန်ဆောင်မုန်း လပြည့်ကျော် ၃ရက် နေ့ည ၃ချက်တီး ကျော် ၂မောင်း ခန့်ပြီး

အတွင်း တော်ကဆိပ်စောင့်မြို့စာရေး ကိုဆင့်ဆိုသည့်စာ၊

အင်္ဂလိပ်စစ်ဗိုလ်တို့အလို ရှိသည့်အခွင့်(အရေး )ကုန် ပြောဆိုမည့်စကား များ ကို ကျောက်မြောင်း အတွင်း ဝန်မင်း ကို မေး မြန်း ၍ စာပြန် ကြေး နန်း နှင့် လျှောက်ထား လိုက်ရမည်၊ ကျောက်မြောင်း အတွင်း ဝန်မင်း ကိုလည်း သင်္ဘော ဆိုက်လျှင်ဆိုက်ခြင်း အတွင်း တော်သို့အမြန်ဝင်ပါ လျှောက်ထား ရမည်။

( မျိုး ကြည့်၊ပု၊ ၁၀၀၇.၀၊ ကြေး နန်း စါလက်ခံများ )

## အဝန်မြို့ယင်းရဲကျောက်ဆောင်စခန်းရှိဘောင်ခွင်မြို့စား ဝန်ကြီးက လွှတ်တော်ဝန်ကြီးများထံရိုက်ကြားသော ကြေးနန်းလက်ခံ။

မင်းကြီးထွိုဘုရား။ ။ယင်းရဲရေကြောင်းပိတ်ဆို့သည်မှာ၊ သင်္ဘော သွားလာမြဲ ရေလမ်းများတွင်၊ သင်္ဘောသမ္ဗန် လှေများကို ဖေါက်မြှုပ်ပြီးမြေရှိသည်ဖြစ်၍ ကောင်းမွန်နိုင်ခန့်ရှိပါသည်။ယင်းရဲကဆင်း သည့်ကျောက်ဆောင်ကျောက်ငုတ်အပေါ်တွင်။ အထက်မဆို့မပိတ်မှီ ရေ ၂-၅ နှစ်တောင်နှစ်မိုက်။ ၃ သုံးတောင် ၃-၅ သုံးတောင်နှစ် မိုက်ခန့်မျှသာရှိပါသည်။ ယခုမှပိတ်ဆို့သည့်ဌာနက ရေလျှော့၍ လာ သည်တကြောင်း။ ဧရာဝတီမြစ်ရေသည်ထိုးတက်သည် တကြောင်း၊ စမုန်ပန်းလောင်များက ရေအများကျသည့် တကြောင်းများကြောင့်။ ၅ ငါးတောင်၊ ၅ ၅ ငါးတောင်နှစ်မိုက် ၆ ခြောက်တောင်။ ၆-၅ ခြောက်တောင်နှစ်မိုက်။ ၇ ခုနစ်တောင်ခန့်ရှိသည်များကို၊ ထပ်ပံပိတ် ဆို့ရမည်ဖြစ်လျှင်။ သင်္ဘောသမ္ဗန်အပျက်အဟောင်းများကို၊ကျောက် ထုး သံကြိုးများနှင့် ပေးပို့ရရှိပါလျှင် အမြန် ပိတ်ဆို့ နိုင်ပါမည် မင်းကြီးတို့ဘုရား။

26 November I885

၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်နေ့နေ့သုံးချက် တီးကျော် ၅ မောင်းရောက်။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ပဉ္စမပိုင်း၊ ၁၉၇၃၊ ၈၁ ၇၆

ကျောက်မြောင်းအတွင်း ဝန်ဝက်မစွတ်ဝန် ထောက်တို့ လျှောက်ပါသည်ဘုရား ယခုအရေး မှာအင်္ဂလိပ်အစိုး ရမင်း တို့ ပြောဆိုချက်အတွက်အသံ ပေး သည့်စာ များ ထောက်လျှင်နိုင်ငံ တော်အ ခြေမပျက်စါချုပ်အသစ်ချုပ်ဆိုမှ ကောင်း မည် သဘောရှိပါ၍ အင်္ဂလိပ်အစိုး ရမင်း တို့သဘော များ ကို ရွှေမြို့တော် ရောက် သည့်တိုင်တစုံတရာခုခံပစ်ခတ်မရှိ ကောင်း မွန်စွာဝင် ရောက် စေ၍ ရွှေမြို့ တော်သို့ ရောက်ကာလမှ ပြောခွင့်ရှိသမျှ ပြောဆိုရလျှင်သင့်မည်ထင်ပါကြောင်း (ဘုရား )

27 November 1885

သက္ကရာဇ်၁၂၄၇ခုတန်ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့အဝမှလွှတ်တော်သို့ လျှောက်ထား သည့် ကြေးနန်း

(<u>ကုန်း</u> ။ တ။ ၁၉၆၇။ စါ၇၂၀)

အဝခံမြို့စစ်ကိုင်းခံမြို့သ ပြေတန်း ခံမြို့တပ်မှူး တို့၊ လက်နက်ကိုချ၍ စစ် ကိုလည်း ရုပ်သိမ်း လိုက်ရမည်

27 November 1885

သက္ကရာဇ်၁၂၄၇ခုတန်ဆောင်မုန်း လပြည့်ကျော် ၆ ရက် နေ့လွှတ် တော် ကဆင့် သော ကြေး နန်း

(<u>ကုန်း</u> ။ တ။ ၁၉၆၇။ စါ၇၂၁)

အတွင်း တော်ကဆိပ် စောင့်မြို့စာရေး ကိုဆင့်ဆိုသည့်စာ၊ အင်္ဂလိပ်စစ်ဗိုလ်တို့ အလိုရှိသည့်အခွင့်ဝန် တော်ကုန် ပြောဆိုမည့်စကားများ ကို ကျောက်မြောင်း အတွင်း ဝန်မင်း ကို မေးမြန်း၍အမြန် ကြေးနန်း နှင့် လျှောက်ထားလိုက်ရမည်၊ ကျောက်မြောင်း အတွင်း ဝန်မင်း ကိုလည်း သင်္ဘောဆိုက်လျှင်ဆိုက်ခြင်း အတွင်း တော်သို့အမြန်ဝင်လာ လျှောက်ထား ရမည်၊ တံခါး ဗိုလ်ဘုရား ၊ ရှင်စောပု၊ ယုနန်၊ ရန်ကင်း တောင်သင်္ဘောသုံး စင်း ကမ်း သို့ကပ်ပါကြောင်း ၊ ကျန်သင်္ဘော များ က ရေလယ်သို့ ကျောက်ချနေပါကြောင်း ၊ အလံဖြူသင်္ဘောမှာအထက်သို့ဆန်တက် သွား ပါကြောင်း ဘုရား

ဆိပ်စောင့်မြို့စာရေး အသည်စာရေး တို့၊ ဘုရား တော်သလင်း လ လှေပွဲတုန်း ကလာသည့်စစ်ဗိုလ်ကွယ်ရီတို့ကိုသူ့မူဝံသင်္ဘောပေါ်တွင်မြင်ပါကြောင်း ပြောဆိုရှိ ၍အမှန်သိရန်သင်္ဘောပေါ်သွား ရောက်မေးမြန်း ရာမပါကြောင်း ကို ပြော ဆိုသည်ဘုရား

လက်ရသင်္ဘောမှာကုလား တို့ကအလံစိုက်ပါကြောင်း ကုန်း ကြောင်း ကအတွင်း ဝန် မင်း ထံမြင်း နှင့် ဂေါဝိန်တံခါး ဗိုလ်ငရိုး ကို စေလွှတ်ဆဲရှိပါကြောင်း ဘုရား

( မျိုး ကြည့်၊ ပု၊ ၁၀၇၀)

ဆိပ်စောင့်မြို့စာရေး ဘုရား ၊ ကျောက်မြောင်း အတွင်းဝန်မင်း ရူဝံ သင်္ဘောပေါ်မှာပါသည်ဆို၍သမ္ဗာန်နှင့် ရေလယ်သို့သွား၍ကပ္ပိတန်တို့ကို မေး ရာ မပါဘူး ပြော၍ ငှင်း ပြင်သင်္ဘောများ ကို မေး၍လည်း မပါဘူး ပြောဆိုပါကြောင်း ဘုရား

ဩတိုက်သံဆင့်ငကျော်အေး ကအရှင်ရွှေတိုက်အတွင်းဝန်မင်း ထံ လျှောက်ဆင့်ဆိုတော်မူချက်အတိုင်း ကျောက်မြောင်း အတွင်းဝန်မင်း နှင့် တွေ့အောင် ရေလယ်တွင် ကျောက်စွဲရပ်ရှိစဉ်သင်္ဘောဆိပ်ကမ်း တွင်ဆိုက်ကပ်ရှိသည့်သင်္ဘောများ ကိုသမ္ဗာန်နှင့်လှည့်လည် မေး မြန်း ရာ ကျောက်မြောင်း အတွင်း ဝန်မင်း မပါပြောဆိုပါကြောင်း အထက်သို့အရောက်တက်မြစ်ကြောင်း ကဆန်တက်သည့်တိုက်သင်္ဘောတွင်ပါမည်မပါမည်မသိပါကြောင်း ကျွန်တော်မျိုး သည်အတွင်း ဝန်မင်း နှင့်မတွေ့သော ကြောင့်ပြန်လာပါကြောင်း

အသည်စာရေး ငတာဘုရား ဆင့်ဆိုတော်မူချက်အတိုင်း ကျောက်မြောင်း အတွင်း ဝန်မင်း နှင့် တွေ့ဘောင် ရေလယ်တွင် ကျောက်စွဲရပ်ရှိသည့်သင်္ဘောဆိပ်တွင်ဆိုက်ကပ်ရှိသည့်သင်္ဘောများ ကိုသမ္ဗာန်နှင့်လှည့်လည် မေး မြန်း ရာ ကျောက်မြောင်း အတွင်း ဝန်မပါကြောင်း ပြောဆိုပါကြောင်း အထက်သို့အရောက်ဆန်တက်သည့်တိုက်သင်္ဘောတွင်ပါမည်မပါမည်ကိုမသိပါကြောင်း ကျွန်တော်မျိုး လည်း အတွင်း ဝန်မင်း ရှာမတွေ့သော ကြောင့်ပြန်လာပါကြောင်း

အတွင်း ဝန်များ ကအသည်စာရေး ဆိပ်စောင့်မြို့စာရေး တို့ကိုဆင့်ဆိုသည့်စာ၊ ကျောက်မြောင်း အတွင်း ဝန်မင်း ကုလား သင်္ဘောများ တွင်ပါရန်တဦး ခတ်လှေတော်နှင့်ဆန်တက်လာ၍ နောက်ကျရစ်မည်ထင်၍ လှေနှင့်ဖြစ်စေကုန်း ကြောင်း ဖြစ်စေ အောက်သို့စုန်၍အမြန်လိုက်သွား ရာ တွေ့လိမ့်မည်ဆိပ်စောင့်မြို့စာရေး ဘုရား ၊ ဆိုက်ရောက်ရှိသည့်သင်္ဘောများ တွင်အတွင်း ဝန်မင်း ပါမပါကို မေး မြန်း ရာအမှန်မပြောကြပါကြောင်း ၊ ပါလျှင်လည်း ပါသည့်သင်္ဘောဦး ကအတွင်း ဝန်မင်း မတ်ရပ်ပြသမြင်ရန်အကြောင်း ရှိပါသည်ဘုရား

( မျိုး ကြည့်၊ ပု၊ ၁၀၇၀ )

ဆိပ်စောင့်မြို့စာရေး အသည်စာရေး တို့ဘုရား ။ ယခုဆိုက်သည့်သင်္ဘောများ
တွင်အလံဖြူတစင်း မှမပါအနီချည်း မြင်ပါသည်၊ ရောက်လာသဲသင်္ဘောများ (အ
ပြင်ထပ်၍) ရောက်ပါမည်၊ ဓူဝံသင်္ဘောမှာအတွင်း ဝန်မင်း ပါသည်၊ ကပြား
ကပ္ပိတန်တို့ ပြောဆိုကြသည့်အရ ဓူဝံသင်္ဘောကပ္ပိတန်ကိုအသေအချာမေး ရာမပါ
ပြောဆိုပါကြောင်း ဘုရား

အသည်စာရေး ဘုရား ။ ဆိပ်စောင့်မြို့စာရေး နှင့်အတူကပ္ပိတန်ကိုမေး ရာ
သင်္ဘောကြီး ငယ် ၃၅ စင်း ပါသည် ပြောဆိုပါကြောင်း ။ ယခုသင်္ဘော ၂၀ ကျော်ဆန်
တက်ဆိုက် ရောက်ပါကြောင်း ။ အကြောင်းကြား အတွင်း ဝန်မင်း ခတ်လှေတော်
များ နှင့်ဆန်တက်မည်ထင်သည်ကို ထောက်ရမည်၊ အတွင်း ဝန်မင်း များ ကဆင့်ဆို
သည့်အတိုင်း ဂေါဝိန်တံခါး ဗိုလ်ကိုမြင်း နှင့်ဆင့်ဆို ထောက်လှမ်း ဆဲပါဘုရား ။ လွှတ်
တော်

(မျှိုး ကြည့်၊ ပု၊ ၁၀၈၀)

ဆိပ်စောင့်မြို့စာရေး အသည်စာရေး တို့ဘုရား ။ မူဝံခေါ်သင်္ဘော မြောက်
ဆူခါဆိပ်တွင်ကပ်။ တက်ရောက်မေး ရာ ကျောက်မြောင်း အတွင်း ဝန်ဝက်မစ္စတ်
ဝန်ထောက်တို့အမရပူရမြို့ကတက်သွား သည်စာတိုက်ကလျှောကီတွင်စကား ပြန်တဦး
က ပြောဆိုပါကြောင်း ။ ယခုသင်္ဘောကစစ်ဘာရီများ ကုန်း သို့တက်၍လူ ရေး ပြ
ခြင်း သေနတ်ရေး ပြလျက်တီး မှုတ် နေထိုင်ရှိပါသည်။ လူ၂၀လောက်စစ်ဘာရီ
ဂေါ်ဝိန်တံခါး ကအ ရှေ့သို့တက်သွား ။ အထက်ဆန်သွိုးဆို သည့်သင်္ဘောလည်း မရွေး
ဘုရား သို့ဆန်တက်ပါကြောင်း ဘုရား

(သက္ကရာဇ် ၁၂၄၇ ခုတန်ဆောင်မုန်း လပြည့်ကျော် ၇ ရက်နေ့) (28 November 1885)

(မျိုး ကြည့်၊ ပု၊ ၁၀၈၀၊ <u>ကုန်း</u> ၊ တ၊ ၁၉၆၈၊ စါ ၇၂၁)

29 November 1885
(သက္ကရာဇ်) ၁၂၄၇ ခု တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက် နေ့ အင်္ဂလိပ်အရေး ပိုင်မင်းကြီး သို့အပ်သည့်စာရင်း

| | |
|---|---|
| ရွှေသား ကျောက်စီဟင်္သာကွမ်းအုပ် တော်ကြီး | ၁ |
| ခရား တော်စုံပါ ကျောက်စီကွမ်းအစ် | ၁ |
| ရွှေသား ကလပ်တင် ကျောက်စီကွမ်းအစ် | ၁ |
| စိန်စီ ထွေးခံငယ် | ၁ |
| သောက်ရေတင် စိန်စီကလပ် | ၁ |
| အခံမပါ ကျောက်စီကွမ်းအစ် | ၁ |
| ရွှေသား ကျောက်စီပတိုင်း ပွင့်ထွေးခံ | ၁ |
| ရာမလက်သွိုး တပ် ရွှေသား ကျောက်စီကွမ်းအစ် | ၁ |
| ရွှေသား သောက်ရေတင် ကျောက်စီကန်တော့ပါ | ၁ |
| ကျောက်စီ သောက်ရေတကောင်းအိုး | ၁ |
| ရွှေသား ပန်း ပြောက်ထု ထွေးခံ | ၁ |
| ရွှေသား ကျောက်စီကလပ်ငယ် | ၁ |
| ပေါင်း | ၁၂ |
| စိန်နားတောင်း တော်ရုံစုံ | ၆ |
| စိန်ရုံ ကျောက်နီတင်နားတောင်း ရုံစုံ | ၃ |
| စိန်ရုံမြထိပ်နားတောင်း ရုံစုံ | ၃ |
| နီလာတင်လက်စွပ် တော်ကြီး | ၁ |
| စိန်စီကြိုး | ၁ |
| စိန်စီရုပ်ပျံတာ ဝမ်းဘဲဥငယ် | ၁ |
| ကျောက်စိမ်း နားတောင်း ရုံစုံ | ၇ |
| ပြစင်း ကျောက်စိမ်း ထည့်သေတ္တာငယ် | ၁ |
| မှန်စည်ပတ္တမြား ကျောက်စီလက်စွပ်တော် | ၇ |
| (ဗိန်) လည်ကပ် | ၁ |
| စိန်ခါးကြိုး | ၁ |

မှန်စည်မြ၊ နံလ ၁၊ ကြောင်လက်စွပ် ၆

စိန်လက်စွပ်ကြီး ငယ် ၅

မြလက်စွပ်ကြီး ၆

ပုလဲစစ်လုံး ရေ ၃

စိန်မှန်ဝိုင်း ၂

( မျိုး ကြည့်၊ ပု၊ ၁၀ဂ၀၊ ကုန်း ၊ တ၊ ၁၉၆၇၊ စါ၇၂၄-၅ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်ပဉ္စမသင်္ဂါယနာတင်ဘဝရှင်မင်း တရား ကြီး ဘုရား သား တော်မက္ခယာမြို့စား မင်း သား ၊ သား တော်ထိပ်တင် စော ရန်နိုင်မင်း ၊ ညီ တော်ထိပ်တင် စောရန်တိုင်မင်း အရှင်နှစ်ပါး အမိန့် တော် ရှိသည်။ သိမ်ကုန်း သူကြီး ငစံမင်း ၊ ဘော်ရွာသူကြီး ငကပ်၊ တောင်ပလုသူကြီး ငကျော်၊ ဦး တည်ကုန်သူကြီး ငကံတို့၊ မိဿာကုလား လူမျိုး ခြား တရား မသိဒိဋ္ဌိ တို့သည်တိုက်ခိုက် ဖျက်ဆီး မြို့ ကျေး ရွာ များ ကိုသိမ်း ယူ ဖျက်ဖြား ပြည်သူဆင်း ရဲသား မဟာ ဆွေ တော်မျိုး တော်သာသနာ တော်များ ကိုညှင်း ပန်း နှိပ်စက်ညှိုးနွမ်း မ ချမ်း သာ ရှိကြရ သော ကြောင့်ပြည်သူဆင်း ရဲသား မဟာ ဆွေ တော်မျိုး တော်သာ သနာ တော်များ ညှိုး နွမ်း မရှိ စေရ၊ စည်ပင်ပြန့်ပွား အရှည် ကောင်း မွန် နေ ထိုင်နိုင် အောင်အလွန်ချမ်း သာ စေချင်သည်မ နောရင်း ရည်သန် တော်မူ၍ မ ဆုတ်မနစ်အား သစ်စိတ်စိုက်လူလက်နက်ဘွဲ့စည်း ရာအဝမြို့နယ်၊ ရွှေပြည်ရန် အောင် နယ်၊ တရုပ်မြို့နယ်၊ ကိုး ခရိုင်နယ် မြေ များ ကဗုဒ္ဓဘါသါ သာသနာ တော်ကိုကြည် ညိုကိုး ကွယ်ရင်း ရှိကြသည့်အတိုင်း စိတ်ပါကိုယ် ရော ကဝမ်း မြောက်ဝမ်း သာဗိုလ် ပေါင်း ၂၀၀ ကျော်သစ္စာ တော်မြတ်ခံ သောက်လိုက်ပါထမ်း ရွက်၊ ထူလက်နက် ၁၀၀၀၀ ကျော်ရရှိသည်နှင့် ကောင်း မြတ် သော မင်္ဂလာအခါနေ့ရက်များ ကို မန္တလေး ရွှေမြို့ တော် ရောက်ချီတက် တော်မူမည်၊အသီး အသီး ဗိုလ်အရာ ရှိတို့ကို ဌာန ဝေပုံခွဲ ဝေ ပေး အပ်ရုံထား ရှိ နေသည့်အတွင်း ငဘရှိန်း သံ တော်ဦး တင် ချက်အရအထက်ခန့်အပ်သူ ကောင်း ပြု တော်မူသည့်ရာထူး ထက် မောင်မင်း တို့ကို အထူး သူ ကောင်း ပြု တော်မူမည်ဖြစ်၍ဘွဲ့စည်း ရရှိသည့်လူလက်နက်များ နှင့်တပ် မ တော်ရှိရာ ရွှေစက် အောက်အလျှင်အမြန်လာ ရောက်ကြ စေ။ (1 January 1886)

( သက္ကရာဇ် ၁၂၄၇ ခုနတ် တော်လပြည့် ကျော် ၁၁ ရက် ၆ နေ့ မက္ခရာမြို့စား မင်း သား  သား တော်ထိပ်တင် စောရန်နိုင်၊ ထိပ်တင် စောရန်တိုင်အရှင် နှစ်ပါး အမိန့် တော် )

( ယုဒသန်မြန်မာအင်္ဂလိပ်အဘိဓါန်၊ ၁၉၆၆ ပြန်ပုံနှိပ်၊ မှတ်စု ၉၇၊ စာ ၁၀၈၃-၄ )

ခရစ် ၁၈၉၈ ဇူလိုင်လ ၂၅
မြန်မာ ၁၂၆၀ ဝါခေါင်လဆန်း ၈


## အိန္ဒိယဘုရင်ခံမင်းထံ သွင်းရန်

ဇူလ(၁၆)ရက်နေ့ရတနာ ဂိရိမြို့ဝန်မင်းကြီးကပုလိတိကထန်အပ်၍ပေး ရိုင်သာစာအရေးဌာနအိုကြီးရုံကိုငွေ (၅၅၀၀)ပေးရသည်အတွက်။ ကျွန်ုပ် လွှတ်ပြောင်ကျွန်ုပ်ပိုင်ထိုက်သောပြစ်ဒဏ်ဟူသမျှကိုဘုရင်ဖကာရီမင်မြတ် ကပါတော်ဖြစ်စေရမည်ပါကြောင်းအချက်မှာ။ ၁။

နောင်မိဘုရားခေါင်ကြီး။ ညင်မတော်သို့တော်တို့၏အလွန်ဖော်ခဲရင်ရန်အ မှန်ဖြစ်ပါ၍မှုနှင့်စာကိုသွင်ရကြောင်း။ ကျွန်ုပ်၍ပင္မအိန္ဒိယကိုလာရင် ကာလစိန်ကျော်၍ဆွေအထည်များစွာပါရှိသည်မှာအမှန်ဖြစ်ကြောင်းနော် ၁၂ နှစ်တိုင်တိုင်းကျွန်ုပ်တို့ဝတ်ဆင်းရန်အဝတ်အသုံးအဆောင်အရပ်ဖ ရိပ်တွက်ရောင်ချစာသုံးရသည်အတွင်ပျစွည်များကုံကျရှိပါ၏မှု အင်္ဂလိပ်မင်ကထော်ပန်သေါင်းငွေတာလ၃၀၀၀၂နှင်သာဒိပ်ဖြာဝေဘန်၍ နေထိုင်ရကြောင်း။ ၁ ။၂။

ငှင်ငွေမှာအဝတ်အတွက်မလော်မပြေဖြစ်၍မြားစွာညိုညင်ကျရပါ ကြောင်းကျွန်ုပ်တို့အဝတ်မှာလည်းပိုကာတိုဖါပြဲမြားကိုသာနေ့ဖင် ဝတ်ဆင်ရသည်တကြောင်းမိဘုရားသို့တော်တို့၏အတွက်တွက်ဝတ် ဆင်ရန်မလော်မပြေဖြစ်ပါ၍ဘုရင်ခံမင်းသပေါ်ရှိသလော်ကိုတိုတက်တော် ပန်ပါမည်အကြောင်း။ ၁။ ၂။ ၃။

မှုစာတွင်။ ၂ ။မှတ်အချက်အရကျွန်ုပ်တို့ပါသာမင်ဂလာတရား ၃၈ပါး အဝင်တပါ။ ပုတ္တဒါရသင်္ဂဟော။ မာ၍ဂျော်ကျာတို့၏အပေါ်ဒြ၍သား မ ယားအတွက်နေ့ဝင်ရေကိုမျှော်တော်မြဲဖြစ်ပါ၍။ မှာဘုရင်ခံမင်းဆင့်



"Thibaw's Memorial in Burmese", Desai, W.S., Deposed King, Bombay, Bharatiya Vidya Bhavan, I967, Plate facing p.57 and Appendix XXIII English translation pp.I46-I47

19 April 1909

DOṄ: RUP

MRANMĀ NUIṄ ṄAṀ

TAṀCHIP TOAU

AMIN, TOAU

Apā:toaumrai Atwaṅ:wan Balin: thwak prī phrac R Atuiṅpaṅtoau Khaṁ Atwaṅ:wan Caṁ Rhwe kui Braituik Toau N Apā:toaumrai Atwaṅ:wan aphrac phraṅ, amhutoau kui tham: rwak ne thuiṅ ce

(Sd) Toau Krī:

H.M. KING OF BURMA KING THIBAW*

RATANAGIRI

Sakkarāj 1271 khu Kachuṁ lachan:

I rak ne, mhat saṅ, Amintoau

*King Thibaw (1 January 1859-16 December 1916) Sim: Moṅ, Apā:toaumrai Atwaṅ:wan Ū: Caṁ Rhwe Mhattam: ara Gīriratana Choṅ:pā: Mahā (Sīpomaṅ: tarā: Atwaṅ:re:myā:), Rankun, Jalap Pan: Cāpe, 1969 Pran puṁnhip